
သိန်းမင်းစာပေ
ကျွန်မသိမှာရှိရှိသမျှ
ပျော်ရွှင်ခြင်းတွေ
မေတ္တာတရားတွေ
ချမ်းသာကြွယ်ဝခြင်းတွေ
အားလုံး အားလုံးကို
လှလှပပလေး ထုပ်ပိုးပြီး
တစ်စုံတစ်ယောက်သော
သူ့ဆီကို ပို့ပေးလိုက်မယ်
လိပ်စာက
ချစ်သူ---သို့ပေါ့နော်။
စတုတ္ထမြောက် လုံးချင်းဝတ္ထုသစ်
မေပုလဲဦး
အချစ်---သို့
ပန်းချီ သိန်းရွှေကြည်
2006

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၉၉၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက် ၅၀၁၂၂၀၀၆၁၀

❐

ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ ၅၀၀

❐

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

❐

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ညဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

❐

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❐

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❐

**တန်ဖိုး ၁၀၀ ကျပ်**

❐

ကွန်ပျူတာ
**Dream City**

# အချစ် ... သို့

မေပုလဲဦး

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(သိန်းမင်းစာပေ)

ကျွန်မဆီမှာ ရှိရှိသမျှ...
ပျော်ရွှင်ခြင်းတွေ...
မေတ္တာတရားတွေ...
ချမ်းသာကြွယ်ဝခြင်းတွေ...
ခွင့်လွှတ်သည်းခံခြင်းတွေ... အားလုံး... အားလုံးကို
လှလှပပလေး ထုပ်ပိုးပြီး... တစ်စုံတစ်ယောက်သော
သူ့ဆီကို ပို့ပေးလိုက်မယ်...
လိပ်စာက...
'ချစ်သူ... သို့' ပေါ့နော်။

# အခန်း (၁)

မေလရောင်

နာမည်လေးက နူးညံ့အေးချမ်းသလိုမျိုးပဲ... သူမလေးက နူးညံ့လှပပါသည်။ သိမ်မွေ့အေးချမ်းပါ သည်။ လူတကာအားကျစရာကောင်းလောက်အောင် ပြည့်စုံကြွယ်ဝပါသည်။

မေလရောင် နေတာက... ရန်ကုန်ရွှေမြို့တော်ကြီးရဲ့ ထိတ်ထိတ်ကြဲအရပ်ဒေသဖြစ်တဲ့ ရွှေတောင်ကြားမှာပါ။

မေလရောင်စီးနေတဲ့ ကားက နောက်ဆုံးပေါ် BMW ကားလှလှကြီး ဖြစ်သည်။ သူမနေတဲ့တိုက်အိမ်ကြီးက ခေတ်မီခံ့ညားပြီး ဥရောပဆန်ဆန်။

ကျယ်ဝန်းတဲ့ ခြံကြီးထဲမှာတော့ အရောင်အသွေးစုံ အမျိုးအစားစုံပန်းတွေကို စနစ်တကျ သူ့နေရာနဲ့သူ စိုက်ပျိုးထားပြီး ပန်းပင်တွေကို ပြုစုပျိုးထောင် ပေါင်းသင်ရေလောင်း လုပ်ပေးတဲ့ အလုပ်သမားက နှစ်ယောက်ရှိသည်။

ခြံထဲမှာ ရေကူးကန်ရှိသည်။ တင်းနစ်ကွင်းရှိသည်။ စကိတ်စီးချင်လား စကိတ်ကွင်းလည်း ရှိသေးသည်။

အလှမွေးထားတဲ့ ငါးကန်ရယ်… ဖန်တီးထားတဲ့ ရေတံခွန်အတုလေးနဲ့ စမ်းချောင်းလေးရယ်လည်း ရှိသေးသည်။

စမ်းချောင်းလေးထဲမှာ လှေအပျော်စီးချင်သေးလားရသည်။

မေလရောင်ရဲ့မိဘတွေက တစ်ဦးတည်းသော သမီးချောလေးကို ကျယ်ဝန်းတဲ့ ခြံဝန်းကြီးထဲမှာ ပျော်စရာကောင်းအောင် ဖန်တီးပြီး ထားပေးကြတာပါ။

မေလရောင်လေးကို ပြင်ပလောကနဲ့ တိုက်ရိုက် ထိတွေ့ခွင့်မပေးကြပါ။ သမီးလေးကို ချစ်လွန်းလို့ မျက်စိအောက်

ကနေ အပျောက်မခံဘဲ နေမထိ လေမထိ ထားထားကြတာ ဖြစ်သည်။

မေလရောင်ရဲ့ဘဝမှာ ဒုက္ခဆိုတာလည်း မသိ။ ဆင်းရဲတာတို့ မရှိတာတို့ မပြည့်စုံတာတို့ဆိုတာလဲ တစ်ခါမှတောင် မြည်းစမ်းကြည့်ဖူးခဲ့ခြင်း မရှိပါ။

လက်ညှိုးညွှန်ရာ ရေဖြစ်နေတဲ့ ဘဝလေးထဲမှာ မေလရောင်က ရွှေမင်းသမီးလေးလို အထိန်းတော်တွေ အချော့တော်တွေနဲ့ နေနေရတာပါ။

မေနဲ့ ဖေက မေလရောင်ကို ဘယ်လောက်များချစ်ပြီး ဘယ်လောက်အထိ စိုးရိမ်ကြီးနေကြသလဲဆိုရင် လရောင် ဆယ်တန်းအောင်တာတောင် နေ့တက်ရတဲ့ တက္ကသိုလ်ကို ပေးမတက်ဘဲ အဝေးသင်တက္ကသိုလ်ပဲ တက်စေခဲ့တာဖြစ်သည်။

"မေမေရယ် လရောင် တက္ကသိုလ်တက်ချင်တယ်" လို့ ပူဆာတော့ မေက အကြောင်းပြချက်ကောင်းကောင်းနဲ့ ချော့မော့ခဲ့သည်။

သိန်းမင်းစာပေ

"မေမေတို့ စိတ်မချပါဘူး သမီးလေးရယ်၊ သမီးလေး နောက်ကိုလဲ အချိန်ပြည့်လိုက်နေလို့ ဖြစ်မှာတဲ့လား၊ ဘွဲ့တစ်ခု ရဖို့အတွက်လောက်ပဲ သမီးလေးရယ် ဘာတက္ကသိုလ်ပဲ တက် တက်ပါကွယ်...နော်... သမီးက ဘွဲ့ယူပြီး အလုပ်လုပ်စရာလဲ လိုမှ မလိုတာကွယ်၊ သမီးလေးအတွက် မေမေတို့ ပေးခဲ့မဲ့ ရွှေငွေတွေ ပိုင်ဆိုင်မှုတွေ လည်ပတ်နေတဲ့ လုပ်ငန်း တွေက သမီးတစ်သက်လုံး စားပစ်လို့တောင် ကုန်မှာမှ မဟုတ်တာ"

"မေမေကလဲ ချမ်းသာတာနဲ့ပဲ ကျောင်းမတက်ရတော့ ဘူးလားလို့... "

"အဲဒီလိုတော့လဲ မဟုတ်ဘူး သမီးလေးရယ်... မေမေ က သမီးကို ကျောင်းပေးမတက်ချင်ဘူး ဆိုတာက မဟုတ် တရုတ် ယောကျ်ားလေးတွေနဲ့ တွေ့သွားမှာ စိုးရိမ်လို့ပါကွယ်၊ သမီးလေးက ဒီလောက်ဖြူစင်ပြီး လူတွေအကြောင်း ဘာမှ မသိဘူးလေကွယ်၊ ငှုလှပပ ချမ်းချမ်းသာသာ မိန်းကလေး တစ်ယောက်ကို အမိဖမ်းချင်တဲ့ ယောကျ်ားတွေက အများသား... "

"မေမေကလဲ လရောင်က ဒီလောက် မနုံပါဘူးနော်"

"အဟင်း ဟင်း သမီးလေးရေ လူတွေက အရမ်း မာယာများတာကွယ့်၊ အထူးသဖြင့် ယောကျ်ားတွေက သိပ် ဟန်ဆောင်ကောင်းတာ၊ မေမေတော့ စိတ်မချပါဘူးကွယ်"

"သူတို့ဘာသာ သူတို့ ဘယ်လိုပဲ ကြိုက်ကြိုက် ဘယ် လောက်ပဲ လိုက်လိုက် လရောင်က ပြန်မကြိုက်ရင် ဘာဖြစ်မှာ တဲ့လဲ မေမေရယ်၊ လရောင် တက္ကသိုလ်တက်ချင်တယ်"

မေလရောင် ဘယ်လိုပဲပြောပြော မေမေကတော့ ခေါင်း မညိတ်ခဲ့ပါ။

ပြုံးပြုံးလေးနဲ့ပဲ ငြင်းဆန်ပြီး အဝေးသင်တက္ကသိုလ်ပဲ လရောင်ကို တက်ခိုင်းခဲ့တာပါ။

ကျူရှင်ကိုလည်း အပြင်မှာ ပေးမတက်ဘဲ ဆရာမတွေ ကို အိမ်မှာခေါ်ပြီး လရောင်တစ်ယောက်တည်းကိုပဲ သီးသန့် သင်ခိုင်းခဲ့တာပါ။

"ခုဆို ဒုတိယနှစ်တောင် ရောက်နေပြီ။ စာသင်နှစ် နှစ်နှစ်အတွင်းမှာ ဆရာတစ်ယောက် မှ မခေါ်ဘဲ ဆရာမတွေ ကိုပဲ ခေါ်တာဖြစ်သည်။

လရောင်နဲ့ အနီးကပ်နေရာမှာလဲ မိန်းမအလုပ်သမား တွေကိုပဲ ထားထားတာ။ ဒါကြောင့် လရောင်ရဲ့ဘဝမှာ သူစိမ်း ယောကျ်ားတွေနဲ့ မထိတွေ့ဖူး မဆက်ဆံဖူးပါ။

တကယ့်ကို တစ်ပင်တိုင် ရွှေနန်းဆောင်မှာ ဖိုဆိုလို့ ယင်ဖိုတောင်မသန်းပဲ နေနေတဲ့ အပျိုစင်သန်းကြွယ် သူဌေး မလေး မေလရောင်ပါ။

လရောင်ကိုယ်တိုင်ကလည်း မေမေနဲ့ ဖေဖေထားတဲ့ ဘဝမှာ ပျော်ရွှင်နေသားကျနေပါပြီ။

တစ်ဦးတည်းသောသမီးဘဝကို ဖြတ်ကျော်လာခဲ့ရ တာမို့ အဖော်တွေ ဘာတွေလည်း သိပ်မမက်မောဘော့ပါ။ လိုလေသေး မရှိအောင် ပြည့်စုံနေတဲ့ဘဝမှာ လရောင်က ပျော်ရွှင်နေသားကျနေပါပြီ။

အဲဒီအချိန်မှာပဲ လရောင်ရဲ့ဘဝလေးထဲကို လူတစ် ယောက်က ရောက်လာပြီး အပြောင်းအလဲတွေကို ဖန်တီး တော့တာပါ။

ဒါဟာလဲ ကံတရားရဲ့လှို့ဝှက်ဆန်းကြယ်မှုပဲပေါ့နော်။

* * *

သိန်းမင်းစာပေ

# အခန်း (၂)

ဖေဖေနဲ့ မေမေက ထမင်းဝိုင်းမှာပဲ အချီအချ ဆွေးနွေးနေကြသည်။ လရောင်ကတော့ ကိုယ်မသိတဲ့ ကိစ္စဆိုတော့ နားထောင်သမားသက်သက်ပေါ့။

"ဖေကြီးရေ ဘယ်လိုလုပ်ကြမလဲဟင်... ငြင်းလိုက်ရင်လဲ မကောင်းဘူးနော်... အမျိုးအရင်းကြီး မဟုတ်လား..."

"ခက်တယ် မေကြီး ငြင်းမယ်ဆိုရင်လဲ မေကြီးအစ်ကိုနဲ့ မျက်နှာပျက်ရလိမ့်မယ်ဗျာ၊ မငြင်းဘဲနဲ့ လက်ခံထားရအောင်လဲ ဒီကောင်လေးက မေကြီးရဲ့တူအရင်း မဟုတ်ဘူးနော်"

"ဟုတ်တယ် ကျွန်မလဲ အဲဒါကိုပဲ စဉ်းစားနေတာ"

"ကိုယ်တို့ အစိုးရိမ်လွန်တာလဲ ဖြစ်မှာပါ မကြီးရယ်၊ မောင်မိုးသောက်က သမီးထက် ဆယ်နှစ်လောက်ကြီးတဲ့ လူကြီးပဲဟာ... "

လရောင်နဲ့ ပတ်သက်လာပြီဆိုတော့ နားထောင်နေလို့ မရတော့ဘဲ ဝင်မေးလိုက်ရတော့တာ။

"မေမေနဲ့ ဖေဖေ ဘာတွေပြောနေကြတာလဲဟင်"

ဖေဖေက ခပ်အေးအေးပဲ လရောင်ကို ရှင်းပြသည်။

"ဒီလို သမီးလေးရေ သမီးမေမေရဲ့အစ်ကိုကြီး နိုင်ငံခြားမှာနေတာကို သိတယ်နော်"

"ဟုတ်... "

ဘဘကြီးကို လရောင် အပြင်မှာ မမြင်ဖူးပါ။ လရောင်ကို မမွေးခင်ကတည်းက နိုင်ငံခြားမှာ သွားနေတာမို့ ဓာတ်ပုံထဲမှာပဲ မြင်ဖူးသည်။

မေမေကလည်း အဲဒီအစ်ကို တစ်ယောက်တည်းပဲ မောင်နှမရင်းချာ ရှိတာပါ။ ဘဘကြီးက လူပျိုကြီးဖြစ်သည်။

ဒါပေမဲ့ သားတစ်ယောက် မွေးစားထားတယ်လို့တော့ မေမေ တို့ပြောတာကို လရောင် ကြားဖူးပါသည်။

"ဘဘကြီးဆီမှာ မွေးစားသားတစ်ယောက် ရှိတယ်လေ"

"ဟုတ်ကဲ့ လရောင် ကြားဖူးပါတယ် ဖေဖေ"

"သူ့နာမည်က မိုးသောက်တဲ့ သမီးရဲ့၊ သမီးထက် ဆယ့်ငှစ်ကြီးတယ်ဆိုတော့ အခုလောက်ဆိုရင် အသက်နှစ်ဆယ့်ရှစ် နှစ်ဆယ့်ကိုးနှစ်လောက် ရှိပြီပေါ့၊ ဒီကသွားတုန်းက ငါးနှစ်သားလောက်ပဲ ရှိသေးတာ"

ဖေဖေပြောနေတာတွေကို လရောင်က ကောင်းကောင်း သဘောမပေါက်သေးပါ။ မေမေက ဆက်ပြောတော့မှပဲ သဘောပေါက်ရတော့တာ။

"အဲဒါ သမီးရေ မောင်မိုးသောက်က ရန်ကုန်ကို အလည်လာမယ်တဲ့လေ၊ သမီးဘကြီးက ဖုန်းဆက်ပြီး ပြောတယ်၊ မေမေတို့အိမ်မှာ မောင်မိုးသောက်ကို ခေါ်ထားပါတဲ့"

"ဒါများ ဘာပြဿနာရှိလို့လဲ မေမေရယ်၊ ခေါ်ထားလိုက်ပေါ့ လရောင်တို့အိမ်က ဒီလောက်ကျယ်တာ"

ဖေဖေနဲ့ မေမေက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြပြန်တာ။ လရောင်ကတော့ မိဘတွေကို နား မလည်နိုင်ပါ။ ဘဘကြီးရဲ့မွေးစားသား အိမ်မှာ ခဏလာ နေမယ့်ကိစ္စကို ဘာဖြစ်လို့ ဒီလောက်တောင် ရေးကြီးခွင်ကျယ် တွေ ဖြစ်နေကြရတာလဲ။

လရောင်တို့တိုက်က အကျယ်ကြီးပါ။ အခန်းတွေဆို ရင်လည်း အများကြီးရယ် လူတစ်ယောက် ပိုလာလို့ရော ဘာများသိသာမှာမို့လို့လဲ။

"မဟုတ်ဘူးလေ သမီးလေးရယ်၊ အိမ်ကျယ်တာလဲ မှန်တယ်၊ လူတစ်ယောက်မပြောနဲ့ ဆယ်ယောက် ပိုလာ လို့လဲ မေမေတို့ ဘာမှ အပန်းမကြီးပါဘူး၊ ဒါပေမဲ့ မောင်မိုး သောက်နဲ့ သမီးက သူစိမ်းတွေလေ၊ မောင်နှမတော်မှ မတော် တာ၊ ဒီတော့ တစ်ခုခုဖြစ်မှာကို... "

မေမေက ဆက်မပြောတော့ဘဲ ရပ်ပစ်လိုက်သည်။

မေလရောင်ကတော့ စိတ်မကောင်းဖြစ်သွားရတော့ သည်။

"မေမေကလဲ ဘာများဖြစ်စရာရှိလို့လဲနော်၊ စိတ်ပူစရာ မရှိ ကြံပန်ပူနေတာပါ၊ တစ်ဖက်လူ သိရင်လဲ မကောင်းပါဘူး"

သမီးလေးက လူကြီးဆန်ဆန်လေး ပြောနေတော့လည်း ဒေါ်မေမေခင်က စိတ်နည်းနည်းအေးသွားရပြန်သည်။

ပြောရလည်း ခက်သား။ မိဘဆိုတော့လည်း အရာရာကို ကြိုတင်တွေးတောပြီး စိတ်ပူနေရတာပါ။

မီးဆိုတာ လောင်မှ ငြိမ်းသတ်ရတာထက် မလောင်ခင်မှာ ကြိုတင်ကာကွယ်ထားတာက အကောင်းဆုံးမဟုတ်လား။

မောင်မိုးသောက်ဆိုတာ ကိုကိုကြီးရဲ့ သားအရင်းမှ မဟုတ်တာ။ မွေးစားသားဖြစ်သည်။ ဒေါ်မေမေခင်ကိုယ်တိုင်လည်း ငယ်ငယ်တုန်းကပဲ မြင်ဖူးတာပါ။ ကြီးတော့မှ မြင်ဖူးခဲ့တာ မဟုတ်။

ဒီတော့ မောင်မိုးသောက်ရဲ့စိတ်နေစိတ်ထားနဲ့ အကျင့်စရိုက်ကိုလဲ မသိပါ။ အမှန်အတိုင်းပြောရရင် ဘယ်လိုမိဘ

ဘယ်လိုမျိုးရိုးက ပေါက်ဖွားလာမှန်းမသိတဲ့ လူငယ်လေးကို သမီးလေးအနား ခေါ်မလာချင်ပါ။

သမီးက ဘာအတွေ့အကြုံမှ မရှိတဲ့ အဖြူရောင်လေး ဖြစ်သည်။ တော်ကြာ အိုးချင်းထားလို့ အိုးချင်းထိ ကြိုးချင်း ထားလို့ ကြိုးချင်းငြိတာမျိုး ဖြစ်သွားခဲ့ရင် ဒေါ်မေမေခင်ပဲ ရင်ကျိုးရမှာ။

ကိုကိုကြီးကတော့ သူ့မွေးစားသားနဲ့ ရင်းနှီးကျွမ်းဝင် စေချင်ပုံရသည်။ ဒါကြောင့်လည်း...

"ညီမလေးရေ ကိုကိုကြီးရဲ့သားကို ညည်းတို့အိမ်မှာပဲ ခေါ်ထားပါကွာ၊ ရောက်တုန်းရောက်ခိုက်မှာ မိသားစုနဲ့ နွေးနွေးထွေးထွေး ပေးနေလိုက်ပါ" လို့ ဖုန်းဆက်ပြီး အတန် တန်ပြောခဲ့တာပါ။ ကိုကိုကြီးကို ချစ်ခင်လေးစားရင်းစွဲ ရှိနေ တာမို့ ဒေါ်မေမေခင်ကလည်း ငြင်းလို့မထွက်ခဲ့။ အခုပဲ ရင်ပူနေရတော့တာ။

"ကဲပါ မေကြီးရယ်၊ ဒီလောက်ကြီးလဲ စိုးရိမ်မနေ ပါနဲ့ဗျာ၊ မေကြီးကြည့်ရတာ ပင်ပန်းပါတယ်"

"ဘြော် မစိုးရိမ်ဘဲ နေလို့ ရပါ့မလားရှင်၊ သမီးလေးကို ကျွန်မတို့က နေမထိ လေမထိနဲ့ ရွှေလို ဥထားတာမဟုတ်လား"

"မိန်းမရေ တွေးပြီးပူနေရင် တစ်လောကလုံး စိတ်ပူစရာချည်းပဲဗျာ၊ အခု သမီးလေးကို ကြိုတင်မှာထားလိုက်ရင် ပြီးတာပဲ၊ သမီးရေ... သမီးဘဘကြီးရဲ့သားနဲ့ သမီးနဲ့က ဘာမှ သွေးမတော် သားမစပ်ဘူးဗျာ၊ ဒီတော့ အရမ်းမရောဘဲ ခပ်မှန်မှန်ပဲ နေပေါ့... ဟုတ်လား"

လရောင်က စိတ်ရှုပ်ရှုပ်နဲ့ပဲ ခပ်မြန်မြန် ခေါင်းညိတ်လိုက်ရတော့တာ။

တစ်ခါတစ်ခါကျတော့လည်း မေမေတို့ရဲ့ စိုးရိမ်တတ်တာတွေက လရောင်ကို အနေရခက်စေတာ အမှန်ပါပဲ။ အခုလည်း ဘဘကြီးရဲ့မွေးစားသား သူ့ဘာသာသူလာတာကို အလကားနေရင် စိုးရိမ်ပူပန်နေတာ မခက်ဘူးလားနော်။

"စိတ်ချပါ ဖေဖေ၊ လရောင် ကိုယ့်ဘာသာ ကိုယ်နေတတ်ပါတယ်"

"စိတ်ချပါတယ်ဗျာ၊ အစကတည်းက သမီးကို မနေ တတ် မထိုင်တတ်လုပ်မှာမျိုးအတွက် စိတ်မချတာ မဟုတ် ပါဘူး"

"ဘာရယ် မဟုတ်ပါဘူး သမီးရယ်၊ မေမေကလဲ လျှောက်တွေးပြီး စိတ်ပူနေတာပါ၊ တကယ်တော့ ဘာမှ မဟုတ်ပါဘူး အဟင်း... ဟင်း..."

လရောင်က ထမင်းဝိုင်းကနေ စောစောစီးစီးပဲ ထွက် လာခဲ့လိုက်တော့တာ။ မေမေ့အစ်ကို ဘဘကြီးရဲ့အကြောင်း ကို လရောင် ကောင်းကောင်းမသိပါ။ မေမေတို့ကလည်း ပြောလေ့ပြောထ သိပ်မရှိ။

ဘဘကြီးက ဘာကြောင့် နိုင်ငံခြားမှာ သွားနေရတာ လဲ။ ဘာဖြစ်လို့ မိန်းမတော့ မယူဘဲနဲ့ သားတစ်ယောက် ကို မွေးစားထားရတာလဲ။ ဘဘကြီးရဲ့ မွေးစားသားကရော ဘယ်လိုရုပ်ရည်မျိုးရှိလဲ။

ဒီအတိုင်းနေရင် စိတ်ဝင်စားမှာ မဟုတ်ပေမဲ့ မေမေ နဲ့ ဖေဖေ စိုးရိမ်ပြနေတော့မှပဲ လရောင်က ဘဘကြီးရဲ့

မွေးစားသားကို စိတ်ဝင်စားလာမိတော့သည်။

ထမင်းစားခန်းက ထွက်လာတော့ အလုပ်တွေများနေတဲ့ ဘဏ္ဍာစိုးဒေါ်ကြီးမူနဲ့ တည့်တည့် တိုးရတော့တာ။

"ကြီးမူ ဘာတွေအလုပ်များနေလဲ"

"ဧည့်သည်လာမယ်လေ လရောင်လေးရယ်…"

လရောင်က မသိချင်ယောင်ဆောင်ပြီး မေးလိုက်သည်။

"ဘယ်က ဧည့်သည်လဲ ကြီးကြီးမူ၊ ဒီလောက်တောင် အလုပ်တွေများနေတာ ဧည့်သည်က ဘယ်နှစ်ယောက်တောင်မို့လို့လဲဟင်"

"ဧည့်သည်ကတော့ တစ်ယောက်တည်းပါပဲ၊ နိုင်ငံခြားက လာမယ့် ဧည့်သည်လေ၊ လရောင်လေးကို မေမေ မပြောပြသေးဘူးလား"

"ဟင့်အင်း မပြောပါဘူး"

"ဟုတ်လား…"

"အင်းပေါ့ ဘယ်သူလာမှာလဲ ကြီးကြီးမူရဲ့၊ လရောင်ကို နည်းနည်းပါးပါး ပြောပြပါဦး"

"လရောင်လေး... ဘဘကြီးရဲ့သားလေကွယ်၊ သား ဆိုပေမဲ့ သားအရင်းတော့ မဟုတ်ဘူး... လရောင်လေးရဲ့ မွေးစားသားလေ၊ ဘဘကြီးက လူပျိုဘဝနဲ့ ကလေးမွေးစား ခဲ့တာပေါ့၊ အဲဒီကိစ္စကြောင့်ပဲ ဆွေမျိုးတွေနဲ့ ကတောက် ကဆ ဖြစ်ခဲ့ရတာလေ"

လရောင်မသိသေးတဲ့ ကိစ္စကို ကြားလိုက်ရတာမို့ စိတ် ဝင်စားမိသွားတော့တာ။

ကြီးကြီးမူက မေမေ အပျိုဘဝကတည်းက အတူတူ နေလာခဲ့တဲ့ အလုပ်သမားပါ။ မေမေ အိမ်ထောင်ကျတော့ လည်း မေမေနဲ့အတူတူ လိုက်လာတာမို့ အလုပ်သမားလို မဟုတ်တော့ဘဲ ဆွေမျိုးသားချင်းလို ဖြစ်နေတာပါ။ မေမေရဲ့ အထူးစိတ်ချယုံကြည်တာကို ခံရတဲ့ လူယုံဆိုရင်လည်း မမှား ပါ။ ပြီးတော့ လရောင်တို့ရဲ့ ဆွေမျိုးစဉ်ဆက်အကြောင်း၊ ဆွေရေးမျိုးရေးအကြောင်းတွေကိုလည်း ကြီးကြီးမူက ထဲထဲ ဝင်ဝင်သိထားသူ ဖြစ်သည်။

ဒါကြောင့်မို့ပဲ လရောင်က သိချင်တာတွေကို သိရဖို့

ကြီးကြီးမူနဲ့ အတူတူစကားတပြောပြောနဲ့ လျှောက်လိုက်နေတော့တာပါ။

ကြီးကြီးမူက ညေ့်သည်အတွက် ပြင်ဆင်ထားတဲ့ အခန်းထဲမှာ အလုပ်များနေလေသည်။

"ကြီးမူ"

"ပြောလေ သမီး"

"ဘဘကြီးနဲ့ ဆွေမျိုးတွေ ကတောက်ကဆဖြစ်ခဲ့ရတယ်ဆိုတာ ရန်ဖြစ်ခဲ့တာလားဟင်"

"အင်း အဲဒီသဘောပဲပေါ့"

"မေမေရော ပါလားဟင်"

ကြီးမူက သက်ပြင်းချပြီး ခေါင်းညိတ်ပြသည်။

လရောင်ကတော့ အရမ်းပဲ စိတ်ဝင်စားနေမိတော့တာ။ ဒါ လရောင် လုံးဝမသိသေးတဲ့အကြောင်းအရာသစ် မဟုတ်လား။

"လရောင်လေးမေမေက အဲဒီအချိန်တုန်းက အပျိုပဲရှိသေးတာလေ၊ သမီးဘဘကြီးကလေ မွေးစားမယ်ဆိုတော့

ဘယ်သဘောကျပါ့မလဲ၊ ဆွေမျိုးအသိုင်းအဝိုင်းက ဝေဖန်လေ သဘောမကျပေါ့၊ ကလေးကလဲ ဘယ်လိုမျိုးရိုးဇာတိက မှန်း မသိနိုင်တဲ့ လမ်းဘေးကလေး မဟုတ်လား”

“လမ်းဘေးကလေး ဟုတ်လား ကြီးမူ၊ အဲဒါ ဘယ်လိုမျိုးလဲဟင်”

“ဩော် လမ်းဘေးမှာပဲ အိပ်၊ လမ်းဘေးမှာပဲ တောင်းရမ်းစားနေတဲ့ မိဘမဲ့ကလေးပေါ့ သမီးလေးရယ်၊ အဲဒီအချိန်က အသက်လေးနှစ်လောက်ပဲ ရှိဦးမှာပေါ့၊ သမီးဘဘကြီးအိမ်ကို ခေါ်လာတော့ ချေးအလိမ်းလိမ်းနဲ့ အာဟာရချို့တဲ့ပြီး ပိန်ပိန်ညှောင်ညှောင်နဲ့ ရွံစရာလေးပေါ့။ တစ်ကိုယ်လုံးကလည်း နံစော်နေတာပဲကွယ်”

“အို”

လရောင်ရင်ထဲမှာ လှုပ်ခနဲကို ခံစားလိုက်ရတော့တာ။ ကြီးကြီးမူ ပြောပြနေတဲ့ ကလေးလေးရဲ့ပုံစံကို မျက်စိထဲမှာ မြင်ယောင်နေပြီး အရမ်းကို သနားမိသွားတော့တာ။

“ဒီလောက်ခမ်းနားတဲ့ အိမ်ကြီးထဲကို စုတ်စုတ်ပြတ်

ပြတ်ကလေးတစ်ယောက် ခေါ်လာတဲ့အပြင် အဲဒီကလေးကိုပါ မွေးစားဦးမယ်ဆိုတော့ လရောင်လေးရဲ့ ဘွားဘွားနဲ့ ဘိုးဘိုး ကလဲ စိတ်ဆိုးကြတာပေါ့၊ လရောင်လေးရဲ့ မေမေကဆိုရင် စိတ်ဆိုးလွန်းလို့ အော်ငိုတာကွယ့်"

"ဟုတ်လား နောက်တော့ရော ဘာဖြစ်သွားလဲဟင်"

"ဘယ်သူတွေ ဘာပဲပြောပြော သမီးလေးရဲ့ ဘဘကြီး ကတော့ အဲဒီကလေးကို ရအောင် မွေးစားခဲ့တယ်လေ၊ အားလုံး နဲ့ အတိုက်အခံလုပ်ခဲ့တယ်၊ ပြီးတော့ တစ်နှစ်လောက်ပဲ နေတယ်၊ အဲဒီကလေးနဲ့ နိုင်ငံခြားကို ထွက်သွားရော၊ ဒီနေ့ ထိ ပြန်မလာတော့ဘူးလေ"

"ဘွားဘွားနဲ့ ဘိုးဘိုးဆုံးတော့ရော ပြန်မလာဘူးလား ဟင် ကြီးမူ"

"မလာပါဘူး သမီးရယ်"

လရောင်က ဝမ်းနည်းကြေကွဲတဲ့ ခံစားချက်ကို ခံစား နေရလေတော့တာ။

အစက လရောင် ဒီလောက်အထိ မသိခဲ့ပါဘူး။ အခု

မှပဲ သိရတာပါ။ ဒီလိုဆိုတော့လဲ ဘဘကြီးရဲ့မွေးစားသား က သနားစရာလေးပါ။ မေမေ့အနေနဲ့ စိုးရိမ်မယ်ဆိုရင်လည်း စိုးရိမ်မှာပေါ့လေ။ မေမေတို့က မျိုးရိုးတို့ အသိုင်းအဝိုင်း တို့ဆိုတာကို အရမ်းအရေးထားလွန်း ဂုဏ်ယူလွန်းကြတာ ကို လရောင် သိနေတာပဲ။

"ကြီးမူတော့ မစဉ်းစားတတ်အောင်ပါပဲ လရောင် လေးရယ်"

"ဟင်... ဘာကိုလဲ"

"လရောင်လေးရဲ့ဘဘကြီးက သူ့ရဲ့မွေးစားသားကို ဘာကြောင့်များ ဟောဒီအိမ်ကြီးမှာ တည်းခိုခိုင်းရတာလဲ မသိပါဘူးကွယ်"

"မေမေကရော ဘဘကြီးရဲ့မွေးစားသားကို သဘော မကျဘဲ ဘာဖြစ်လို့ လာတည်းခိုဖို့ကို လက်ခံရတာလဲမသိ ဘူးနော်"

လရောင်က တကယ်သိချင်လို့ပဲ မေးလိုက်တာပါ။

"ဩော်... ဒါကတော့ သမီးရယ်၊ သမီးမေမေလဲ

အသက်ကြီးလာပြီလေ၊ ပြီးတော့ သူ့အစ်ကို ဒီကနေ ထွက်သွားပြီး လုံးဝပြန်မလာတော့တဲ့အတွက်လဲ စိတ်မကောင်းဖြစ်နေမှာပေါ့ကွယ်၊ ဒါကြောင့် သမီးဘဘကြီးက သူ့သားကို ခေါ်ထားပေးပါဆိုတော့ မငြင်းလိုက်တာ ဖြစ်မှာပေါ့၊ ဒါပေမဲ့ အဲဒီကလေကချေလေးကို သမီးမေမေ လုံးဝ သဘောမကျတာတော့ အမှန်ပဲ သမီးလေးရေ”

ကြီးမူ နောက်ဆုံးပြောလိုက်တဲ့စကားကို လရောင်က ဘဝင်မကျမိပါ။

ဘဘကြီးရဲ့မွေးစားသားကိုလည်း နင့်နင့်နဲနဲ သနားမိသွားလေတော့သည်။

“ကြီးမူကလဲ ကလေးတုန်းကသာ ကလေကချေဖြစ်နေပေမဲ့ အခုတော့ လူကြီးလူကောင်းဖြစ်နေမှာပါ”

“ဘာပဲဖြစ်ဖြစ် သမီးအမေကတော့ သဘောမကျတာ အမှန်ပဲ သမီးရေ”

လရောင်က ဘာမှ မပြောချင်တော့ပါ။ မေမေတို့ ကြီးကျယ်တာ မပြောနဲ့၊ ကြီးမူကပါ ရောပြီး ကြီးကြီးကျယ်

ကျယ်တွေ ပြောဆိုနေတော့တာ။

"အို... လရောင်ကတော့ လူကို လူလိုပဲ မြင်တယ်၊ ကြီးမူတို့လို မကြီးကျယ်ပါဘူး"

"အမယ်လေး... လရောင်လေးမေမေသာ ကြားရင် သွေးတိုးတော့မှာပဲနော်"

လရောင်က ကြီးမူကို လျှာလေးထုတ်ပြလိုက်သည်။

စိတ်ထဲမှာတော့ ဘဘကြီးရဲ့မွေးစားသားကို သနားလည်း သနား၊ စိတ်လဲ ဝင်စားမိနေတော့တာ။

လရောင်ဘာသာ ဒီအတိုင်းပဲနေရင် သာမန်လောက်ပဲ ဖြစ်မှာပါ။ မေမေက ဘဘကြီးရဲ့မွေးစားသားနဲ့ လရောင်နဲ့ ဘာမှ မတော်ဘူး၊ ဝေးဝေးနေလို့ ပြောလိုက်တော့ လရောင်က စိတ်ဝင်စားမိသွားသည်။

ဟော... အခုတစ်ခါ ကြီးမူဆီကနေ လရောင် မသိသေးတာတွေ သိလိုက်ရတော့ ပိုလို့တောင် စိတ်ဝင်စားမိတော့တာ။ ပြီးတော့ သနားလည်း သနားမိသည်။

ကလေးတုန်းက ညစ်တီးညစ်ပတ်နဲ့ စုတ်စုတ်ပြတ်

ပြတ် ကလေးကချေလေးဟာ အခုအချိန်မှာ ဘယ်လိုပုံစံမျိုး ဖြစ်နေမယ်ဆိုတာကို လရောင် တကယ်ပဲ သိချင်နေမိတာပါ။

လူ့စိတ်ကလည်း အခက်သား‌နော်...

တားမြစ်ပိတ်ပင်ထားမှပဲ ပိုပြီး စိတ်ဝင်စားမိတာမဟုတ်လား။

အခုလည်း လရောင်တော့ အရမ်း စိတ်ဝင်စားနေပြီကွယ်...

* * *

# အခန်း (၃)

"မမူ"

"ရှင် မမလေး"

"ဟိုကောင်လေးရောက်လာရင် သမီးကို ပိုဂရုစိုက်နော်"

"ဟုတ်ကဲ့ပါ မမလေး"

"မေခင့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ မမူရယ်... အဲဒီကောင်လေးနဲ့ သမီးလေးနဲ့ နီးစပ်သွားမှာကို အရမ်းပဲစိတ်ပူနေမိတယ်"

ဒေါ်မေမေခင်က တကယ်ပဲ စိတ်ပူနေမိတာပါ။ ဒါ ကြောင့်လည်း စိတ်ထဲမှာ မထားနိုင်ပဲနဲ့ မမူကို ဖွင့်ပြောမိတာ။

"အရမ်းစိတ်မပူပါနဲ့ မမလေးရယ်၊ လရောင်လေးက စဉ်းစားဝေဖန်တတ်ပါတယ်၊ ပြီးတော့ အဲဒီကောင်လေးကလဲ အသားမည်းမည်းနဲ့ ပုံဆိုးပန်းဆိုးလေးပါ၊ လရောင်လေးက ဒီလောက်လှတာ အရုပ်ဆိုးဆိုးကို စိတ်ဝင်စားမှာတဲ့လား"

မမူကတော့ မဲ့ရွဲ့ပြီး ပြောနေတာပါ။ ဒီစကားလောက် နဲ့ ဒေါ်မေမေခင်က ရင်မအေးနိုင်ပါ။

"ဒီနေ့ညနေပဲ ရောက်လာတော့မှာ မမူရေ"

"ဩော် လာတော့မှာလား"

"ကိုကိုကြီးနဲ့ ပြဿနာဖြစ်ခဲ့ရတာကို တွေးမိတိုင်း စိတ်မကောင်းပါဘူး မမူရယ်၊ ကိုကိုကြီးကလဲ စိတ်ကြီးလိုက် တာနော်၊ လမ်းဘေးက ကလေးတစ်ယောက်အတွက်နဲ့ ဆွေ ပြတ်မျိုးပြတ်ကို လုပ်ပစ်လိုက်တော့တာ"

"ဟုတ်တယ်နော် မမလေး၊ အဲဒီတုန်းက ဖြစ်ခဲ့ပျက်ခဲ့ တာတွေကို ကျွန်မဖြင့် မှတ်မိနေသေးတယ်၊ ကိုကိုကြီးက

အဲဒီကောင်လေးကို သူကိုယ်တိုင် ထမင်းခွံ့ပေးခဲ့တာနော်၊ အဲဒါကို ကြည့်ပြီး မေမေကြီးက ဒေါသတွေ ထွက်ခဲ့တာလေ၊ သွေးတွေတိုးလို့ ဆရာဝန်တောင် ခေါ်ရသေးတယ်၊ မမလေးဆို စိတ်ဆိုးပြီး ကိုကိုကြီးနဲ့ စကား လုံးဝမပြောဘဲ နေခဲ့တာ မဟုတ်လား”

မမူပြောတော့မှ အတိတ်တွေက ပိုထင်ရှားလာတော့တာ။

အရမ်းချစ်ခဲ့တဲ့ မောင်နှမနှစ်ယောက် စိတ်ဝမ်းကွဲခဲ့ရတာ ကိုကိုကြီး ကလေးမွေးစားတဲ့ ကိစ္စကြောင့်ပဲပေါ့။ ဒေါ်မေမေခင်ကလည်း အသက်ငယ်တုန်း စိတ်ထက်တုန်း ချမ်းသာကြွယ်ဝလွန်းတဲ့အရှိန်၊ မျိုးရိုးအရှိန်နဲ့ မာနထောင်လွှားနေတဲ့အချိန်ဆိုတော့ လမ်းဘေးက ကလေးကဝ ကလေးတစ်ယောက်ကို ကိုကိုကြီးက မွေးစားမယ်ဆိုတာ ဘယ်လိုမှ လက်မခံနိုင်ဘဲ ဖြစ်နေရတော့သည်။

ဒါကြောင့်ပဲ စကားတွေများခဲ့ရတော့တာ။ ကိုကိုကြီးက ခေါင်းမာပြီး ကလေးမွေးစားတော့ ဒေါ်မေမေခင်ကလည်း

အစ်ကို့ကို သူစိမ်းပြင်ပြင်လို မခေါ်မပြောဘဲ နေခဲ့တာပါ။

ကိုကိုကြီးက မွေးစားသားကိုခေါ်ပြီး အိမ်က ထွက်သွားတော့လည်း ခဏပဲလို့ ထင်ထားခဲ့တာ။

အမွေအားလုံးကိုပါ စွန့်လွှတ်ပြီး လုံးဝ ပြန်မလာတော့မှပဲ ဒေါ်မေမေခင်က စိတ်ထိခိုက်ရတော့သည်။ စိတ်မကောင်းလည်း ဖြစ်ရတော့သည်။

ကိုကိုကြီး စိတ်ပြတ်မယ်ဆိုတာကိုသာ ကြိုသိရင် ကလေးမွေးစားတဲ့ ကိစ္စကိုလည်း မကန့်ကွက်တော့ပါဘူးလို့ တွေးပြီး ပြောခဲ့မိတာတွေအတွက် အချိန်တိုင်း နောင်တရနေခဲ့ရတာပါ။

အဲဒီအချိန်မှာ ကိုကိုကြီးက သူ့မွေးစားသား အလည်လာမယ့်အကြောင်း ဖုန်းဆက်တော့ လက်ခံလိုက်ရတော့တာပေါ့။

ကိုကိုကြီးနဲ့ နောက်ထပ်လည်း စိတ်ဝမ်းမကွဲချင်ပါ။ နောက်တစ်ချီ နောင်တရစရာလည်း မကြုံချင်တော့ပါ။

ကဲ ဒီနေ့ပဲ ကိုကိုကြီးရဲ့မွေးစားသား ရောက်လာပါ

တော့မည်။ လက်မခံလို့ မရတော့ပါ။ သမီး မေလရောင်နဲ့ မရင်းနှီးစေဖို့အတွက် ကာကွယ်တားဆီးရုံက လွဲပြီး ဘာမှ မတတ်နိုင်တော့ပါ။

"မမူရေ ပြီးခဲ့တာတွေအတွက် စိတ်မကောင်းတာတော့ အမှန်ပါပဲ၊ အခုအသက်အရွယ်ဆိုရင်လဲ ကိုကိုကြီး ကလေး မွေးစားတဲ့ကိစ္စကို မေခင် အတိုက်အခံလုပ်ဖြစ်တော့မယ် မထင်ပါဘူးလေ"

"အို... မမလေး မမှားပါဘူး၊ ဘယ်ကမှန်း မသိ ဘယ်လိုအမျိုးကမှန်း မသိတဲ့ လမ်းဘေးက ကလေးတစ်ယောက်ကို မွေးစားတာ လက်ခံစရာမှ မဟုတ်တာ၊ မမလေး တို့ရဲ့ဆွေမျိုးအသိုင်းအဝိုင်းက ဂုဏ်သရေရှိ အမျိုးမြင့်တဲ့ သူတွေချည်းပဲဟာ..."

"ကဲပါ မမူရယ် ထားလိုက်ပါတော့၊ ကောင်လေးကို သာ ညှဲ့ဝတ်ကျေအောင် စီစဉ်ပေးလိုက်ပါ၊ သူ့ကို မနှစ်မြို့ ပေမဲ့ ကိုကိုကြီးရဲ့မျက်နှာက ရှိသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ မမလေး ကျွန်မ နားလည်ပါတယ်"

"ပြီးတော့ သမီးလေးကိုလဲ ဂရုစိုက်ပါ မမူ၊ မေခင်ကတော့ သမီးလေးစိတ်ကစားပြီး တစ်ခုခုဖြစ်သွားမှာမျိုးကို လုံးဝ လက်မခံနိုင်ဘူး"

"ဟုတ်ကဲ့ ကျွန်မ သဘောပေါက်ပါတယ် မမလေး"

"မောင်တော့ ရင်ပူတယ် မမူ"

"ဒီလောက်လဲ မစိုးရိမ်ပါနဲ့ မမလေးရယ်"

ဒေါ်မေမေခင်က သက်ပြင်းချပြီး ခြံကျယ်ကြီးထဲကို ဆင်းလာခဲ့လိုက်သည်။

ပြီးတော့ စိတ်တင်းကျပ်မှုကို ဖြေလျှော့တဲ့အနေနဲ့ အလှမွေးထားတဲ့ ရောင်စုံငါးကြင်းတွေကို အစာထိုင်ကျွေးနေလိုက်တော့သည်။

နောက် ကိုကိုကြီးရဲ့မွေးစားသား ဘယ်လိုပုံစံ ရှိမလဲ လို့ တွေးရင်း အချိန်ဖြုန်းနေမိတော့တာ။

လွန်ခဲ့တဲ့ နှစ်အစိတ်လောက်က ချေးအထပ်ထပ် နံနံစော်စော် ပိန်ချိချိနဲ့ အိမ်ကို ရောက်လာတဲ့ပုံစံကိုလည်း ဒေါ်မေမေခင်က မမေ့နိုင်သေးပါ။

ဘာပဲဖြစ်ဖြစ် 'မိုးသောက်' ဆိုတဲ့ ကိုကိုကြီးရဲ့မွေးစား သားကို ဒေါ်မေမေခင်ကတော့ နွေးနွေးထွေးထွေး ပျူပျူ ငှာငှာကြိုဆိုဖို့ စိတ်မရှိတာကတော့ သေချာနေပါသည်။

* * *

# အခန်း (၄)

ရန်ကုန်လေဆိပ်၏ ညအချိန်က နေ့လယ်ခင်းနဲ့ မခြားစည်ကားလင်းထိန်နေလေသည်။

အနောက်တိုင်းဝတ်စုံကို ကျနသေသပ်စွာ ဝတ်ဆင်ထားတဲ့ လူချောလူခန့်တစ်ယောက်က လင်းထိန်နေတဲ့ လေဆိပ်ခန်းမထဲမှာ တိတ်တဆိတ်နဲ့ ငြိမ်သက်စွာ ထိုင်နေလေသည်။

ထိုလူရွယ်က ဦးမောင်မောင်ရဲ့မွေးစားသား မိုးသောက်ဖြစ်လေသည်။ မိုးသောက်က လေဆိပ်ခန်းမထဲမှာ ထိုင်ရင်းဒက်ဒီစကားကို နားထောင်ဖို့ မထောင်ဖို့ စဉ်းစားနေမိလေတော့တာ။

သိန်းမင်းစာပေ

အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် မိုးသောက်က 'ရတနာစံအိမ်'ကို သွားဖို့ ထိတ်လန့်နေတာပါ။ ကလေးဘဝက အတိတ်တွေ ရတနာစံအိမ်ကြီးမှာ ရှိနေခဲ့ဖူးတာမို့ သူ လုံးဝ မသွားချင်တာ ဖြစ်သည်။

ဒါပေမဲ့ ကျေးဇူးရှင် ဒက်ဒီရဲ့စကားကိုလည်း သူ မဖယ်ရှားချင်ပါ။ ဒီအသက်အရွယ်ထိ သူ ဒက်ဒီ့စကားကို မြေဝယ်မကျ နားထောင်ခဲ့တာဖြစ်သည်။ ဒက်ဒီ ဆုံးမသွန်သင်တဲ့အတိုင်း သူနေခဲ့သည်။ ဒက်ဒီ စိတ်ညစ်အောင် စိတ်ဆင်းရဲအောင် အသေးအဖွဲ့ကိစ္စလေးသော်မှ သူ မလုပ်ခဲ့ဖူးပါ။

အခုလည်း ရန်ကုန်ခရီးစဉ်ကို ဒက်ဒီကပဲ တိုက်တွန်းစီစဉ်ပေးခဲ့တာဖြစ်သည်။ အလုပ်တွေ မအားတဲ့ကြားထဲကပဲ အချိန်တစ်လကို မဖြစ်မနေ ဆွဲထုတ်ပြီး သူ လာခဲ့ရဘာပါ။

ရန်ကုန်မှာ ဟိုတယ်တစ်ခုမှာ တည်းခိုပြီး လည်ပတ်ချင်တဲ့ဆန္ဒ ရှိနေပေမဲ့ ဒက်ဒီက...

"သား မင်း ရတနာစံအိမ်မှာ သွားနေရမယ်၊ ဒက်ဒီ ဖုန်းဆက်ထားပြီးပြီကွ"

သိန်းမင်းစာပေ

ဆိုတဲ့ စကားနဲ့ သူ့ကို ရတနာခံအိမ်မှာ တည်းခိုဖို့ စီစဉ်ခဲ့တာပါ။

"ဖြစ်ပါ့မလား ဒက်ဒီ၊ အန်တီမေတို့က ကျွန်တော့်ကို လက်ခံချင်ပါ့မလား" လို့ သူမေးတော့ ဒက်ဒီက ရယ်မောပြီး ပေါ့ပေါ့ပါးပါးပဲ ပြန်ပြောခဲ့တာပါ။

"မင်းက ဒက်ဒီ့သားပါကွာ၊ ရတနာခံအိမ်ဟာ မင်းနဲ့လဲ သက်ဆိုင်တာပဲ၊ အတိတ်ကို ထားပစ်ခဲ့လိုက်စမ်းပါ သားရာ၊ အတိတ်က မိုးသောက်နဲ့ အခု မိုးသောက် ဘာမှ မဆိုင်တော့ ဘူး သား၊ မိုးနဲ့မြေလို အရမ်းကွာခြားသွားပြီ၊ ဒက်ဒီ့သား ဘာဖြစ်နေပြီ၊ ဘယ်လိုအဆင့်အတန်းမျိုးကို ရောက်နေပြီ ဆိုတာ သူတို့သိအောင် ဒက်ဒီ ပြချင်တယ်ကွာ၊ သား ရတနာ ခံအိမ်မှာပဲ သွားနေစမ်းပါ"

ဒက်ဒီက အတန်တန်ပြောတော့လည်း သူ့မှာ ဆန္ဒ မရှိပေမဲ့ ခေါင်းညိတ်ရတော့သည်။

အခု လေယာဉ်ပေါ်တက်ခါနီးအထိတောင် ဒက်ဒီက ရတနာခံအိမ်မှာပဲ သွားနေဖို့ တဖွဖွမှာနေခဲ့တာ ဖြစ်သည်။

သူကလဲ "စိတ်ချပါ ဒက်ဒီ" လို့ ကတိပေးလာခဲ့တာပါ။ တကယ်တမ်း ရန်ကုန်မြေကို ခြေချမိတော့မှ သူ့စိတ်တွေ နှစ်ခွဖြစ်ပြီး တွေဝေရတော့တာ။

"အင်းလေ ဒက်ဒီ့စကားကို နားထောင်လိုက်ပါ့မယ်၊ တော်ကြာ ဒက်ဒီစိတ်ဆင်းရဲနေရင် မကောင်းပါဘူးလေ"

စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်ပြီးတဲ့အချိန်ကျမှပဲ မိုးသောက်က ‌လေဆိပ်ပြင်ပကို ထွက်လာခဲ့လိုက်တော့သည်။

သူ့ကိုလာကြိုမယ့်သူ မရှိတဲ့အတွက် ဘာမှ မခံစားရပါ။ နည်းနည်းတော့ စိတ်လှုပ်ရှားမိသည်။

ဒါပေမဲ့ ဒက်ဒီပြောသလိုပါပဲ။ အခု မိုးသောက်နဲ့ ကလေးဘဝက မိုးသောက် ဘာမှ မဆိုင်တော့ပါ။

ကလေးတုန်းကတော့ မိဘမဲ့ ခြေသလုံးအိမ်တိုင် လမ်းပေါ်မှာ လွင့်မျောနေတဲ့ အောက်တန်းစားလေးပါ။

အခု မိုးသောက်ကတော့ နိုင်ငံခြားက အဆင့်မြင့်တက္ကသိုလ်ကြီးတစ်ခုမှာ ဘွဲ့နှစ်ဘွဲ့ယူထားပြီးတဲ့ ပညာတတ်ကြီး ဖြစ်နေပြီ။

စီးပွားရေးအခြေအနေကလည်း တောင့်တင်းခိုင်မာနေပြီ။

လူပုံစံကလည်း ချေးအလိမ်းလိမ်းနဲ့ ပိန်ညှော်ညှော်ကလေးဘဝက အရိပ်တွေ လုံးဝ မထင်တော့ပါ။

အရပ်မြင့်မြင့်မားမား ကိုယ်နေဟန် လှပခန့်ညားတဲ့သူ့ကို မိန်းမအတော်များများကရော ယောကျ်ားချင်းကပါလည်ပြန်လှည့်ငေးနေကြတာပါ။ မိုးသောက်က ရောက်လေရာနေရာမှာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပါ။ ယောကျ်ားပီပီသသချောမောခန့်ညားမှု စိတ်စေတနာကောင်းရှိမှု မေတ္တာတရားအပြည့်အဝနဲ့ လူတိုင်းကို နွေးနွေးထွေးထွေးဆက်ဆံမှုတွေကသူ့ကို လူအများကြားမှာ ပိုမိုထင်ပေါ်စေနေတော့တာ။

အခုအချိန်မှာ သူ ကလေးဘဝက မိဘမဲ့ ခြေသလုံးအိမ်တိုင် ကလေးတစ်ယောက် ဖြစ်ခဲ့ပါတယ်လို့ ပြောရင်တောင် ရယ်စရာပြောနေတာလို့ပဲ လူတွေက ထင်နေကြတော့တာ။

ဒါတွေအားလုံး ကျေးဇူးရှင် ဒက်ဒီကြောင့်ဆိုတာကို

သူ နားလည်ပါသည်။ ဒါကြောင့်လည်း ဒက်ဒီ့ဆန္ဒအတိုင်း သူနေခဲ့တာ ဖြစ်သည်။ ဒက်ဒီ့ကို သူ့ကမ္ဘာကြီးအဖြစ် သတ်မှတ်ခံယူထားတာပါ။

ဒက်ဒီ့ကျေးဇူးတွေက ဒီဘဝမှာတောင် မဟုတ်၊ နောက်ဆယ်ဘဝလောက် ပေးဆပ်ရင်တောင် ကျေနိုင်ဖို့ မရှိပါ။

သူ့ကို ဒက်ဒီက တစ်ဘဝလုံးနဲ့ ရင်းပြီး မေတ္တာထားခဲ့တာဖြစ်သည်။ မိဘဆွေမျိုး အသိုင်းအဝိုင်းနဲ့ အတိုက်အခံလုပ်ပြီး သူ့ဘဝကို မြေတောင်မြှောက်ပေးခဲ့တာ ဖြစ်သည်။

အမေတစ်ယောက်ရဲ့မေတ္တာမျိုးကိုလည်း ဒက်ဒီ သူ့ကို ပေးခဲ့သည်။ အဖေတစ်ယောက်ရဲ့မေတ္တာနဲ့ နွေးထွေးမှုကိုလည်း ဒက်ဒီ သူ့ကို ပေးခဲ့ပါသည်။

သူ့ကို မွေးစားခဲ့တဲ့အတွက် ဒက်ဒီ့ရဲ့ချစ်သူကလည်း ဒက်ဒီ့ကို လက်တွဲဖြုတ်သွားခဲ့သည်။

မိဘတွေနဲ့လည်း ဝေးခဲ့ရသည်။ ဆွေမျိုးအသိုင်းအဝိုင်းနဲ့လည်း စိမ်းခဲ့ရသည်။ သူနဲ့ ဒက်ဒီ နိုင်ငံခြားကိုရောက်နေတာ နှစ်အစိတ်နားပင် ကပ်နေလေပြီ။

သူ့အတွက်နဲ့ပဲ ဒက်ဒီက ဘယ်မိန်းမကိုမှ လက်မထပ်ပါ။ သူ့ကိုတော့ ဒက်ဒီက လက်ထပ်သင့်ပြီလို့ တိုက်တွန်းသည်။

လက်ထပ်လျှင်လည်း မြန်မာမလေးကိုပဲ လက်ထပ်ပါလို့ ပြောခဲ့တာဖြစ်သည်။ ရှင်းရှင်းပြောရရင် အခု ရန်ကုန်ကို အလည်လာတာကလည်း သူ့အတွက် အိမ်ထောင်ဖက်ရွေးချယ်ဖို့ ကိစ္စလည်း ပါသည်။

ဒက်ဒီက အဲဒီရည်ရွယ်ချက်နဲ့ သူ့ကို လွှတ်လိုက်တာပါ။ ဒါပေမဲ့ ရတနာစံအိမ်မှာ သူ့ကို သွားတည်းခိုခိုင်းတာကတော့ဖြင့် တော်တော့်ကို ဆိုးပါသည်။ ဒါပေမဲ့ ဒက်ဒီ့ဆန္ဒကို မပယ်ရှားချင်တာမို့ သူ ရတနာစံအိမ်ကို သွားပါတော့မည်။

လေဆိပ်အပြင်ကို ရောက်တာနဲ့ မိုးသောက်က တက္ကစီတစ်စီးကို ငှားလိုက်ပြီး လွန်ခဲ့တဲ့ နှစ်အစိတ်တုန်းက ခဏတာနားခိုခဲ့ဖူးတဲ့ ကြီးကျယ်ခမ်းနားသောမိသားစု နေထိုင်ရာ ရတနာစံအိမ်ဆီသို့ ဦးတည်သွားလိုက်ပါတော့သည်။

ဘယ်သူတွေနဲ့ တွေ့ရမလဲ ဘယ်လိုဆက်ဆံမှုမျိုးတွေ

နဲ့ ရင်ဆိုင်ရမှာလဲ နွေးထွေးတဲ့ကြိုဆိုမှုနဲ့ တွေ့ရမှာ လား အေးစက်စိမ်းကားတဲ့ ကြိုဆိုမှုနဲ့ပဲ တွေ့ရတော့မှာ လား

ဘာပဲဖြစ်ဖြစ် သူသည် လွန်ခဲ့တဲ့နှစ်အစိတ်လောက်က မိုးသောက် မဟုတ်တော့ပါ။

သူ့ရင်ထဲမှာ အားငယ်တာတွေလည်း မရှိတော့။ 'ငါ ဘာဖြစ်နေပြီ' လို့ ရင်ကော့ပြချင်တဲ့ မာနမျိုးလဲ မရှိတော့။ အတိတ်က အနာကို တူးဆွပြီး မုန်းတီးနာကြည်းချင်တဲ့ စိတ်တွေလည်း သူ့ရင်ထဲမှာ ရှိမနေတော့ပါ။

တကယ်တော့ မိုးသောက်က ရေပြည့်နေတဲ့ အိုးတစ်လုံး ဖြစ်နေပါပြီ။

လူကြီးလူကောင်းဆန်ဆန်နဲ့ သူ့အသွင်အပြင်က ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုတွေနဲ့ တည်ငြိမ်နေပါပြီ။

ဒီလိုနဲ့ပဲ မိုးသောက်စီးလာတဲ့ တက္ကစီက ရတနာခံအိမ်ကြီး၏ ခမ်းနားလှုံခြုံသော ခြံတံခါးပေါက်ရှေ့သို့ ရောက်ရှိလာလေတော့သည်။

* * *

# အခန်း (၅)

ခြံထဲကို တက္ကစီတစ်စီး မောင်းဝင်လာတော့ လရောင်က အံ့သြသွားရတော့တာ။ လရောင်တို့ဆီကို တက္ကစီနဲ့ လာတတ်တဲ့ ဧည့်သည် ရှိမှ မရှိတာဘဲ။

မေမေတို့နဲ့ အတူတူထိုင်နေတာမို့ လရောင်က အသာလေးပဲ ကြည့်နေလိုက်မိတာ။

"ဘယ်သူများလဲ မေ" လို့ ဖေဖေက မရပ်သေးတဲ့ တက္ကစီကို လှမ်းကြည့်ပြီး မေးတော့ စိတ်မကြည်မလင်ဖြစ်သွားတဲ့ မျက်နှာနဲ့ မေမေက ပြန်ဖြေသည်။

"ဟိုကောင်လေး လာပြီပေါ့"

သိန်းမင်းစာပေ

လရောင်က ဘာကြောင့်မှန်း မသိဘဲ ထိတ်ခနဲ ခံစား လိုက်မိတော့တာ။

"ဟာ… အိမ်မှာ ကားတွေရော… ဒရိုင်ဘာတွေရော ရှိတာကွာ၊ မေ သွားကြိုခိုင်းသင့်တာပေါ့"

"အို… ဖေကြီးမသိပါဘူး၊ သူ့လိုအတန်းအစားမျိုးကို ကျွန်မတို့က ရေးကြီးခွင်ကျယ် လုပ်ပြနေရင် ဘဝင်မြင့်ပြီး ကန်းတက်လာတော့မှာပေါ့"

"မဟုတ်သေးပါဘူးကွာ"

"အိုး ဟုတ်ကို ဟုတ်တယ်၊ ဖေကြီးလဲ ခပ်စိမ်းစိမ်း နေနော်၊ သမီးလရောင်လဲ ခပ်ကင်းကင်းနေ… အောက်တန်း စားလေးနဲ့ မရောနဲ့…"

လရောင်က မာနတွေနဲ့ လက်လက်ထနေတဲ့ မေမေ့ မျက်လုံးတွေကို ကြည့်ပြီး အံ့ဩသွားရသလို ဝမ်းလည်း နည်းသွားရတော့တာ။

လရောင်သိထားတဲ့ မေမေနဲ့ အခုတွေ့နေရတဲ့ မေမေက ဘစ်ယောက်စီဖြစ်နေသလိုပါပဲ။

အဲဒီအချိန်မှာပဲ တက္ကစီက ပေါ်တီကိုအောက်မှာ ရပ်သွားတော့သည်။ ဖေဖေက မတ်တတ်ရပ်လိုက်တော့ မေမေက မေးသည်။

"ဖေကြီး ဘာလုပ်မလို့လဲ"

"ညှို့သည်လာတာ ကြိုရမှာပေါ့ မေရယ်..."

"အို... ထားလိုက်စမ်းပါ အဲဒီအလုပ်ကို မမူတို့ လုပ်လိမ့်မယ်၊ သူ့အဆင့်အတန်းကို ဖေကြီးက သွားကြိုပြီး နှုတ်ဆက်နေစရာ မလိုပါဘူး"

"မဟုတ်သေးပါဘူးကွာ..."

ဖေဖေ့လေသံက ခပ်ပျော့ပျော့ရယ်...

"ဟုတ်ကို ဟုတ်တယ်၊ ကျွန်မ အားလုံးစီစဉ်ထားပြီးပြီ ဖေကြီး ရေ... အသာထိုင်ကြည့်နေစမ်းပါ၊ မမူ ခေါ်လာလိမ့်မယ်"

"လရောင်လဲ ကိုယ့်ဘာသာကိုယ် နေနော်"

မေမေက ဖေဖေ့ကိုတင်မဟုတ်ဘဲ လရောင်ကိုပါ ဟန့်တားနေတော့တာ။

သိန်းမင်းစာပေ

လရောင်တို့ထိုင်နေတာက အစွန်းဧည့်ခန်းမှာပါ။ ဧည့်ခန်းရဲ့ပတ်လည်မှာ ကာရံထားတဲ့ မှန်တွေက တစ်ဖက်မြင်မှန်တွေမို့ လရောင်တို့က အပြင်ကို အားလုံးမြင်နေရပြီ။ အပြင်ဘက်ကတော့ မြင်ရလိမ့်မည် မဟုတ်ပါ။

ဧည့်ခန်းဆိုပေမဲ့ လေအေးပေးစက်နဲ့ အအေးပိုင်းက အပင်တွေကို စိုက်ထားတာမို့ ပန်းဥယျာဉ်လေးနဲ့တောင် တူနေသေးသည်။

မေမေ့ကို ဘာမှမပြောဘဲ လရောင်က တက္ကစီပေါ်က ဆင်းလာမည့် ဘဘကြီးရဲ့မွေးစားသားကိုပဲ စိတ်ဝင်တစား ကြည့်နေမိတော့တာ။

မေမေကလည်း ကြည့်နေတော့သည်။ လရောင်တို့ မိသားစု စကားမပြောဖြစ်တော့ပါ။

အဲဒီအချိန်မှာပဲ တက္ကစီပေါ်ကနေ အနောက်တိုင်းဝတ်စုံ မီးခိုးရောင်ဖျော့ဖျော့ကို စနစ်တကျဝတ်ဆင်ထားတဲ့ လူတစ်ယောက် ဆင်းလာတော့တာ။

"အို… ချောလိုက်တဲ့ ခန့်ညားလိုက်တာ" လို့ လရောင်က

စိတ်ထဲကနေ ရေရွတ်လိုက်မိတော့တဲ့အထိပါပဲ။

လရောင်ရဲ့အကြည့်တွေက ကိုလူချောကြီးရဲ့ဆီမှာပဲ ငေးစိုက်သွားရတော့တာ တကယ်ပါပဲ။

ဒီလောက်ချောမောခန့်ညားပြီး ဒီလောက်ဆွဲဆောင်မှု အားပြင်းထန်တဲ့ ယောကျ်ားမျိုးကို လရောင် မမြင်ဖူးခဲ့ပါ လားကွယ်။

ကြီးကြီးမှုပြောတော့ ပိန်ညှော်နံစော်နေတဲ့ လမ်းဘေးက ကလေးလေးတဲ့... အခု တွေ့နေရတာကတော့ မိုးကျ ရွှေ ကိုယ်လိုပါပဲ။

ပေါ်တီကိုအောက် မီးအလင်းရောင်မှာ အသားတွေက ဝင်းလို့... တက္ကစီသမားနဲ့ ရယ်မောပြီး စကားပြောနေတဲ့ ပုံစံကလည်း အသက်ရှူမှားချင်စရာပါ။

ညှော်သည့်ကို ထွက်ကြိုနေတဲ့ ကြီးကြီးမှုရဲ့မျက်နှာ ပေါ်မှာလည်း အံ့အားသင့်မှုတွေနဲ့ အိုးတိုးအမ်းတမ်းဖြစ်နေမှု တွေက အထင်းသားပေါ်လွင်နေတော့တာ။

အိမ်ဖော်ကောင်မလေးတွေကလည်း ငေးကြောင်လို့

လရောင်ကတော့ ရင်ဘတ်ထဲက တဒုတ်ဒုတ်အသံကို ကိုယ့်ဘာသာကိုယ် နားမခံသာအောင် ကြားနေရတော့တာ။

ဘုရား…ဘုရား… လရောင် ရင်တွေ လှိုက်ဖိုခုန်နေပြီပဲနော်။ အနားမှာ မေမေနဲ့ ဖေဖေရှိနေတာကိုတောင်မှ လရောင်က မေ့ချင်သွားရတော့တာ။

ကိုလူချောကြီးနဲ့ ကြီးမူတို့ အိမ်ထဲဝင်လို့ မြင်ကွင်းကနေ ပျောက်သွားတော့မှပဲ လရောင်က အသက်ရှူဖို့ သတိရမိတော့သည်။

မေမေ့ကိုကြည့်လိုက်တော့ ဇဝေဇဝါပုံစံမျိုး ဖြစ်နေသည်။ ဖေဖေ့ကိုတော့ လရောင် အကဲမခတ်တတ်ပါ။

"ထူးဆန်းလိုက်တာ" လို့ မေမေပြောနေတဲ့အချိန်မှာပဲ ကြီးကြီးမူက လရောင်တို့မိသားစုဆီကို ကိုလူချောကြီးကို ခေါ်လာလိုက်တော့တာမို့ မေမေ့စကားက ရပ်သွားရလေတော့သည်။

"မမလေး ဧည့်သည်ရောက်ပါပြီ"

ကြီးကြီးမူက ရှိရှိသေသေ မေမေ့ကို ခါးညွတ်ပြီး သတင်းပို့တော့တာ။

မေမေကလည်း ခုမှတွေ့တဲ့ဟန်နဲ့ ပြောသည်။

"ဪ… ရောက်လာပြီလား၊ လာ… လာ… ထိုင်လေကွယ်…"

"ဟုတ်ကဲ့… အန်တီမေ"

ကိုလူချောကြီးက ဖေဖေနဲ့လရောင်ကိုပါ ညင်ညင်သာသာပြုံးပြပြီး မေမေညွှန်ပြတဲ့ခုံမှာ ဝင်ထိုင်သည်။

"ဖေကြီးရေ… ဒါ ကိုကိုကြီးရဲ့သားပေါ့"

"ဟုတ်ကဲ့ အန်ကယ် ကျွန်တော့်နာမည် မိုးသောက်ပါခင်ဗျာ"

"အေး… လေယာဉ်စီးလာရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ် အန်ကယ်၊ လေယာဉ်ပြောင်းစီးဖို့ စောင့်ရတဲ့အတွက် ဘန်ကောက်မှာ နည်းနည်းကြာသွားတာလောက်ပါပဲ"

"ကိုကိုကြီးရော နေကောင်းရဲ့လားကွယ်"

"ဟုတ်ကဲ့ အန်တီမေ၊ ဒက်ဒီ နေကောင်းပါတယ်၊ ဒက်ဒီက လက်ဆောင်ပစ္စည်းတွေ ထည့်ပေးလိုက်ပါတယ်"

"ရပါတယ်ကွယ်... အေးအေးဆေးဆေးပေါ့၊ ဟောဒါက အန်တီမေ့သမီး မေလရောင်တဲ့..."

ကိုလူချောကြီးရဲ့အကြည့်က လရောင်ခ်ီကို ညင်ညင်သာသာ ရွေ့လျားလာတော့တာ။ လရောင်က ပြုံးပြလိုက်တော့ နှစ်လိုဖွယ်အပြုံးနဲ့ ပြန်ပြုံးပြသည်။

အဲဒီခဏမှာပဲ လရောင်ရဲ့နှလုံးသားနုနုလေးက လျှပ်စီးလျှပ်သလို တုန်ခါသွားရတော့တာ။

"ကဲ... ကဲ... မောင်မိုးသောက်လဲ ခရီးပန်းလာတယ်၊ နားလိုက်ပါဦး၊ ပြီးမှ ညစာ စားကြတာပေါ့ကွယ်"

"ဟုတ်ကဲ့ခင်ဗျ"

"မမူ မောင်မိုးသောက်ကို ခေါ်သွားလိုက်ပါ"

"ဟုတ်ကဲ့ မမလေး"

"အန်ကယ် ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေးကွာ ဘာမှ အားမနာနဲ့နော်၊ လွတ်လွတ်လပ်လပ်သာနေပါ၊ လိုအပ်တာရှိရင် အလုပ်သမားတွေကို ခေါ်ခိုင်းပေါ့"

"ဟုတ်ကဲ့"

ချိုသာယဉ်ကျေးတဲ့ စကားသံတွေထဲမှာ လရောင်က နစ်မြောသွားရတော့တာ။

လရောင်တော့ ရင်တွေအရမ်းခုန်နေရပါပြီ ကိုကို ရယ်...

ကိုကိုက လရောင်ကို ခေါင်းဆတ်ပြီး ပြုံးပြနှုတ်ဆက် သွားတော့ လရောင်ရဲ့နှလုံးသားလေးက လေဟုန်စီးသွားရ လေတော့သည်။

ကိုကို့ကို ပြန်ပြုံးပြဖို့တောင် လရောင်က မေ့လျော့ သွားရလေတော့တာ။ ကိုကိုက လရောင်ကို အကြွင်းမဲ့ ညို့ငင် ဖမ်းစားလိုက်ပါပြီကွယ်။

ကိုကိုထွက်သွားတော့ လရောင်တို့ မိသားစု သုံးယောက် က တိတ်ဆိတ်ပြီး ကျန်ရစ်ခဲ့တော့တာ။

"လရောင် ကိုးရီးယားကားကြည့်တော့မယ်"

လို့ ပြောပြီး ထွက်လာခဲ့တဲ့အချိန်မှာ ဖေဖေနဲ့ မေမေပဲ ကျန်ရစ်ခဲ့တော့သည်။

ဖေဖေနဲ့ မေမေ ဘာတွေပြောကြမလဲ မသိပါ။

လရောင်ကတော့ ရင်ခုန်တာဟာ အချစ်ပဲလား... ဆိုတဲ့ အတွေးကို ရင်ကလေးဖိုလှိုက်ပြီး စတင်တွေးတောမိနေခဲ့ပါပြီ။

* * *

# အခန်း (၆)

"လာ မောင်မိုးသောက်"

သူ့ကို မောင်မိုးသောက်လို့ ခေါ်လိုက်ပြီးမှ အန်တီကြီးက ရှိုးတိုးရှန့်တန့်ဖြစ်သွားဟန် တူသည်။

မိုးသောက်က စိတ်ထဲကနေပဲ ပြုံးလိုက်မိတော့တာ။

ဒီအန်တီကြီးကို သူ ကောင်းကောင်းမှတ်မိခဲ့တာပေါ့။ ဒက်ဒီ သူ့ကိုခေါ်လာတုန်းက ကြိုဆိုတဲ့အထဲမှာ ဒီအန်တီလည်း ပါသည်။

သူ့ကိုရေချိုးပေးတော့ မျက်နှာကြီးကို ရှုံ့မဲ့ပြီး ကျိန်ဆဲနေတာကို သတိရနေသေးသည်။

သိန်းမင်းစာပေ

ဒါပေမဲ့ မိုးသောက်စိတ်ထဲမှာ ဘာမှ ရှိမနေပါ။ မုန်းတာတွေ နာတာတွေ ဘာမှမရှိ။ ဒါဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့ လူ့သဘောပဲ မဟုတ်လား။

လောလောဆယ် သူ့စိတ်အစဉ်ကို ဖမ်းစားလိုက်တာကတော့ မေလရောင်ဆိုတဲ့ ကောင်မလေးပဲ ဖြစ်သည်။

လှလိုက်တာမှ စက်စက်ယိုနေတာပါပဲ။ ပြီးတော့ မာနကင်းတဲ့ အဖြူရောင်အလှလေးဖြစ်သည်။ အန်တီမေထက် အများကြီးပိုလှပါသည်။

ဒက်ဒီက မေလရောင်အကြောင်း သူ့ကို သိပ်မပြောဖူးပါ။ အန်တီမေ့မှာ သမီးတစ်ယောက် ရှိတယ်ဆိုတာကိုတောင် ဒက်ဒီပြောဖူးသလား... မပြောဖူးဘူးလား... သူတကယ်မမှတ်မိတော့ပါ။

"ဒီအခန်းပဲ မောင်မိုးသောက်၊ အစစအရာရာ ပြည့်စုံအောင်တော့ ကြီးကြီးမှု ကြိုးစားပြင်ဆင်ထားပါတယ်ကွယ်၊ လိုအပ်တာရှိရင် အားမနာနဲ့ ပြောသာ ပြောနော်"

"ဟုတ်ကဲ့ ကျေးဇူးအများကြီးတင်ပါတယ်ဗျာ"

"ကြီးမှ သွားမယ်နော်"

"ဟုတ်ကဲ့"

မိုးသောက်က ရိုရိုသေသေ လေးလေးစားစားပဲ ဆက်ဆံနေတာပါ။

ရတနာစံအိမ်ကြီးရဲ့ ကြီးကျယ်ခမ်းနားမှုတွေက လျော့ပါးမသွားသေးပါ။ ဒက်ဒီတို့က မျိုးရိုးနဲ့ ချမ်းသာကြတာဖြစ်မည်။ သူ့အပေါ်မှာထားတဲ့ ဒက်ဒီ့မေတ္တာက ချမ်းသာတာတွေကို စွန့်လွှတ်နိုင်လောက်အောင် ကြီးမားခိုင်မာခဲ့တာပဲ။

အိပ်ခန်းကျယ်ကြီးထဲကို ဝင်ပြီး သူက သူ့အဝတ်တွေနဲ့ လက်ဆောင်ပစ္စည်းတွေ လူကြုံပါးလိုက်တာတွေကို သီးသန့်ခွဲထုတ်လိုက်သည်။ ပြီးမှ သူက ရေချိုးသန့်စင်ပြီး ပေါ့ပေါ့ပါးပါး သက္ကလပ်ဘောင်းဘီရှည်နဲ့ ရှပ်အင်္ကျီလက်တိုကို ဝတ်ဆင်လိုက်သည်။

သူ့ကို အန်တီမေတို့ရဲ့ကြိုဆိုပုံက အေးစက်မာတင်းနေတာမျိုးလည်း မဟုတ်ပါ။ နူးညံ့ နွေးထွေးတာလည်း

မဟုတ်ပါ။ သူ့ကို လေဆိပ်မှာ လာမကြိုတာက ခပ်ဖယ်ဖယ်နေတဲ့အခိုက်ပွာယ်ပဲ ဖြစ်မည် ထင်ပါသည်။

ဘာပဲဖြစ်ဖြစ် သူထင်ထားသလောက်တော့ ဆက်ဆံရေးတွေက ဆိုးဆိုးဝါးဝါးဖြစ်မနေပါ။

အားလုံး အံ့အားသင့်နေကြပုံ ရသည်။ နှမြောစရာကောင်းတာကတော့ မေလရောင်ဆိုတဲ့ မိန်းမလှလေးသည် အန်တီမေ့သမီး ဒက်ဒီ့ရဲ့တူမအရင်းဖြစ်နေတဲ့ကိစ္စပဲ ဖြစ်သည်။

"ဟင်း..."

ဘာကြောင့်မှန်း မသိဘဲ မိုးသောက်က သက်ပြင်းချမိသွားတော့သည်။

အဲဒီအချိန်မှာ မေလရောင်ကလည်း တီဗီရှေ့မှာ ထိုင်နေမိပေမဲ့ စိတ်တွေကတော့ ပျံ့လွင့်နေရတာပါ။

လရောင်ရဲ့စိတ်တွေက ကိုကို့ဆီကိုပဲ ရောက်နေရတော့တာ။ အပျိုစင်လေးရဲ့ အဦးဆုံးရင်ခုန်သံတွေက မြန်ဆန်လှိုင်းထန်လွန်းနေတော့သည်။

ကိုကိုရယ်...

မြင်လိုက်ရတဲ့ခဏမှာပဲ နှလုံးသားရဲ့အနက်ဆုံးနေရာကို ချက်ချင်းရောက်သွားပါလားကွယ်... လရောင်ဘဝမှာ အချစ်ကို ခုမှပဲ ခံစားဖူးတာပါ။ ဒါပေမဲ့ ကိုကိုရယ်... မေမေတို့က လရောင်ကို ကိုကိုနဲ့ ဝေးဝေးနေဖို့ မှာထားကြတယ်...

တွေးရင်းနဲ့ လရောင်က ငိုချင်လာရတော့တာ။ အချစ်ရေးမှာ ကံကောင်းပါ့မလားလို့လည်း တွေးနေမိပြန်သည်။

တွေးရင်းနဲ့တောင် ရင်ပူမိပါရဲ့...

လရောင်က သက်ပြင်းလေး အခါခါချနေမိတဲ့အချိန်မှာပဲ ကြီးကြီးမူ ရောက်လာတော့တာ။

"အံ့ဩဖို့ကောင်းလိုက်တာ လရောင်လေးရယ်... ဘယ်လိုမှ ယုံနိုင်စရာ မရှိပါဘူးကွယ်"

"ဘာတွေဖြစ်လာတာလဲ ကြီးကြီးမူ"

"မိုးသောက်လေ... မိုးသောက်ပေါ့"

ကြီးမူ ဘာပြောတော့မယ် ဆိုတာကို ရိပ်မိပေမဲ့ လရောင်က မသိချင်ယောင်လေး ဆောင်ပြီး မေးလိုက်မိသည်။

"ဘာဖြစ်လို့လဲဟင်"

"ဩော်... ငယ်ငယ်တုန်းကရုပ်နဲ့ အခုရုပ်နဲ့ တစ်ခြားစီ ဖြစ်သွားတာများ... မယုံနိုင်စရာဘဲ လရောင်လေးရယ်... နတ်ရေကန်ထဲ ပစ်ချလိုက်သလားလို့တောင် ထင်ရတယ် ကွယ်"

"အရမ်းချောတာပဲနော် ကြီးမူ အဟင်း... ဟင်း..."

လရောင်က နောက်သလိုလို ရွှတ်သလိုလိုနဲ့ ပြောလိုက်တာပါ။ ဒါကိုပဲ ကြီးကြီးမူက အလန့်တကြားထအော်တော့သည်။

"အမယ်လေး လရောင်လေးမေမေကြားရင် သွေးတိုးလိမ့်မယ်နော်၊ မပြောနဲ့... မပြောနဲ့..."

"ကြီးကြီးမူကလဲ လူတစ်ယောက်ကို အမြင်အတိုင်း အမှန်အတိုင်း ချီးမွမ်းတာနဲ့ မေမေက သွေးတိုးရရောလား၊ မေမေကပဲ စိတ်ပုပ်သလိုမျိုးကြီး ပြောနေတာ၊ မေမေကြားရင် စိတ်ဆိုးလိမ့်မယ်နော်"

"ဘုရား ဘုရား ကြီးမူပြောတာ အဲဒီလိုမျိုး မဟုတ်ပါ

ဘူး လရောင်လေးရယ်၊ မမလေးကြားရင် တစ်မျိုး ထင်နေပါ့မယ်”

“အမယ် လရောင် သိပါတယ်နော်၊ ကြီးမူက မေမေ့ကို စိတ်ပုပ်တယ်လို့ ပြောချင်နေတာပါ၊ ဒါပဲနော် လရောင်ကို ကုန်းချောလို့ကတော့ လရောင်ကလဲ ပြန်အချောပဲ သိလား”

“အမယ်လေး ကုန်းလဲ မချောပါဘူး သမီးရယ် ”

လရောင်က မျက်နှာပျက်နေတဲ့ ကြီးကြီးမူကို စရ, နောက်ရတာ ပျော်လာမိသည်။

“ဒါဆို အမှန်အတိုင်းပြောနော် ကိုမိုးသောက်က ချောသလား မချောဘူးလား”

“ချောပါတယ် လရောင်လေးရယ်၊ ချောလွန်း ခန့်လွန်းလို့ပဲ အံ့သြနေရတာပေါ့၊ ကလေးတုန်းက တွေ့ဖူးတဲ့ မိုးသောက်နဲ့ အခု မိုးသောက် တစ်ယောက်တည်းမှ ဟုတ်ရဲ့လားလို့လေ ”

“အဟင်း လရောင်မြင်ဖူးသမျှ ယောကျ်ားတွေထဲမှာတော့ အချောဆုံးပဲ ကြီးမူ၊ သန့်ရှင်းသပ်ရပ်နေတာပဲနော်”

လရောင်လေးပြောနေတဲ့ စကားတွေရယ်... လရောင်လေးရဲ့မျက်ဝန်းလေးတွေက ဖျပ်ဖျပ်တောက်ပနေကြတာရယ်ကို ကြည့်ပြီး ဒေါ်မူမူက ထိတ်လန့်လာမိတော့သည်။

ကိုယ်လည်း မိန်းမငယ်လေးဘဝကနေ ဒီအရွယ်ရောက်အောင် ကြီးလာခဲ့တာပါ။

ဒါကြောင့် မိန်းမတွေရဲ့ခံစားချက်ကို နှောကျေနေအောင် သိတာပေါ့။ ကိုယ်တွေ့တွေပဲဟာ။

အခု လရောင်လေးကို ကြည့်ရတာ စိတ်ကစားနေတဲ့ပုံစံလေးပါ။ ကလေးမကိုလဲ အပြစ်ပြောလို့မရ။ မောင်မိုးသောက်ရဲ့ပုံစံကလည်း အရွယ်ရှိတဲ့မိန်းမတိုင်း စိတ်ကူးယဉ်ချင်စရာကောင်းတဲ့ပုံစံ ဖြစ်နေတော့တာကိုး။

"ကြီးမူ"

"ဟင်..."

"အပျိုကြီး ဘာတွေ တွေးနေတာလဲ"

"အို... ဒီကလေးမနှယ် လူကြီးကို နှောက်စရာလား"

"ဟောတော့... အပျိုကြီးမို့ အပျိုကြီးလို့ခေါ်တာ

လောက်ပဲ ရှိပါသေးတယ်နော်၊ လရောင် ဘာမှလဲ မနောက်ရသေးပါဘူး ကြီးမူရယ်... အဟင်း... ဟင်း..."

ဒေါ်မူမူက အပျို့ကြီးပီပီ ရှက်သွေးဖျန်းသွားရတော့တာ။

"လရောင်လေး..."

"အင်း... ပြော..."

"သမီးမေမေက မောင်မိုးသောက်နဲ့ အရောတဝင်နေရင် ကြိုက်မှာမဟုတ်ဘူးနော်၊ သူ့ရဲ့ပုံစံက ရွှေပင်မှာနားလို့ ရွှေကျေးဖြစ်နေပေမဲ့ သူ့ရဲ့မျိုးရိုးကတော့ အရမ်းနိမ့်လွန်းပါတယ်ကွယ်"

"အဟင်း... ဟင်း... ကြီးမူကလဲ ပြောတော့မယ်၊ ဘယ်သူငေ မျိုးရိုးကရော ဘယ်လောက်တောင်မှ ကြီးကျယ်မြင့်မြတ်နေ လဲနော်"

ဒေါ်မူမူက ဘာပြန်ပြောရမှန်း မသိတော့ပါ။

လရောင်လေး ဒီနေ့မှပဲ စကားတွေ အရမ်းတတ်နေပါလား။ သူ့အမေက သည်းသည်း... သူ့သမီးကလဲ ကဲကဲနဲ့တွေ့တော့မှာပဲ... လို့ ဒေါ်မူမူက တွေးနေမိတော့သည်။

သိန်းမင်းစာပေ

မိုးသောက်ဆိုတဲ့ကောင်လေး ရောက်လာတာ ကောင်းသောလာခြင်းပဲ ဖြစ်ပါစေလို့ ဆုတောင်းလိုက်မိသည်။

ဒါပေမဲ့ ဒေါ်မူမူက ဘာတွေဖြစ်လာမယ်ဆိုတာကိုလဲ သိချင်နေပါသေးသည်။

ထိုအချိန်တွင် ဒေါ်မေမေခင်ကိုယ်တိုင်လဲ စိတ်လှုပ်ရှားနေမိပါသည်။ မိုးသောက်ရဲ့ပုံစံသွင်ပြင်က ဒေါ်မေမေခင်အတွက် အံ့အားသင့်ရစေတာတော့ အမှန်ပင်။

လူကုံထံ အထက်တန်းစားတစ်ယောက်ရဲ့ ပုံစံအတိုင်းဖြစ်နေတဲ့ မိုးသောက်ရဲ့တည်ငြိမ်ခန့်ညားမှုက အတိတ်တွေကိုတောင် ဇဝေဇဝါဖြစ်ရစေတော့တာ။

သမီးလေးရဲ့ပုံစံကလည်း သိသိသာသာလေး ပြောင်းလဲနေပြီ။

မိုးသောက်ကို သမီးလေး ငေးမောကြည့်နေတာ ဒေါ်မေမေခင် သတိထားမိသည်။

သမီးလေးရဲ့မျက်နှာလေး သွေးရောင်လွှမ်းပြီး စိတ်လှုပ်ရှားနေတာကိုလည်းပဲ ဒေါ်မေမေခင် ကောင်းကောင်းသိသည်။

အဲဒီအတွက်ပဲ စိုးရိမ်သောကတွေ ဖြစ်နေရတာပါ။ သမီးလေးကသာ စိတ်ကစားပြီး တွယ်ငြိသွားခဲ့ရင် ဘယ်လို လုပ်ရမလဲ။

ဒေါ်မေမေခင်ကတော့ တစ်ဦးတည်းသောသမီးလေး အတွက် ရည်မှန်းချက်တွေအမြင့်ကြီး ထားထားတာပါ။ ဖြစ် နိုင်ရင် မိဖုရားတောင်ဖြစ်စေချင်တာ။ သမီးလေးက ရွှေရုပ် ကလေးလို ပြစ်မျိုးမှဲ့မထင်လှတော့ ပိုပြီးတော့တောင် မျှော် လင့်ထားမိသေးသည်။ တစ်ဦးတည်းသောသမီးလေးမို့ မေ လရောင်လေးရမယ့် အမွေတွေကလည်း နည်းနည်းနောနော မဟုတ်ပါ။

မိုးသောက်ရဲ့ပုံစံက ဘယ်လောက်ပဲခန့်ညားနေပါစေ... ဘယ်လိုမျိုးရိုး ဇစ်မြစ်ကမှန်း မသိတာနဲ့တော့ သဘောမတူ နိုင်ပါ။

ဒါကြောင့် သမီးလေးကို သေသေချာချာ စောင့်ကြည့် ဖို့ ဆုံးဖြတ်လိုက်မိတော့သည်။ တစ်ယောက်တည်း စောင့်လို့ ကတော့ မရနိုင်ပါ။

ပြီးတော့ သမီးလေးကိုယ်တိုင်ကလည်း မိုးသောက်ဘက်ကို စိတ်မယိုင်မှ ဖြစ်လိမ့်မည်။ အခု ကြည့်ရတာတော့ အခြေအနေက သိပ်မကောင်းပါ။ မိုးသောက်က ဘာမှ မထူးခြားပေမဲ့ သမီးကတော့ ထူးခြားနေသည်။

တွေးရင်းနဲ့ပဲ ဒေါ်မေမေခင်က စိတ်ပူပင်သောကရောက်ရတော့တာ။ မှင်တော်တရော်တွေနဲ့ ချစ်ကြိုက်သွားမှာစိုးလို့ သမီးလေးကို နေ့ကျောင်းတောင်မှ ပေးမတက်ပါ။ အဝေးသင်တက္ကသိုလ်ပဲ ပေးတက်ထားတာ ဖြစ်သည်။ ကျူရှင်ဆိုရင်လည်း တစ်ယောက်တည်းကို တစ်ဝိုင်းစာပေးပြီး အိမ်မှာပဲ ခေါ်သင်ပေးတာပါ။

ဘယ်လောက်အထိ ကာကွယ်ထားသလဲဆိုရင် ဆရာမတွေနဲ့ချည်းပဲ စာသင်သည်။ ဆရာတစ်ယောက်မှ ခေါ်မသင်ပါ။ ဒီလောက် စနစ်တကျစောင့်ရှောက်ထားပြီးမှ မမျှော်လင့်ဘဲ အလည်အပတ်ရောက်လာတဲ့ မိုးသောက်နဲ့ ငြိသွားရင် ဒုက္ခရောက်ရလိမ့်မည်။

"ဟင်း…"

"မေ ဘာတွေတွေးပြီး ဒီလောက်တောင် သက်ပြင်းချနေရတာလဲဗျာ၊ အဟွန်း… ဟွန်း… ကိုယ်ကြည့်နေတာကြာပြီ"

"သမီးလေးအတွက် စိတ်ပူနေမိတယ် ကိုရယ်…"

"ဘာကိုလဲဗျာ…"

"မိုးသောက်ဆိုတဲ့ ကောင်လေးကို သမီး စိတ်ဝင်စားသွားရင် ဘယ်လိုလုပ်မလဲ ကိုရယ်၊ ဘယ်လိုမျိုးရိုးက လာတာမှန်းမသိတဲ့ ကောင်လေးနဲ့သာ ကျွန်မတို့သမီးလေးချစ်ကြိုက်သွားရင် ကျွန်မတော့ သေမှာပဲ ကိုရယ်…"

ဦးဘိုဘိုက အတ္တမာနတွေကြီးနေတဲ့ ဇနီးသည်ကိုကြည့်ပြီး ပြုံးလိုက်မိသည်။

"မေကလဲကွာ လူတစ်ယောက်ရဲ့တန်ဖိုးကို အားနည်းချက်ကို ထောက်ပြပြီး တွက်ချက်လို့ ဘယ်ရပါ့မလဲ"

"အို… ကို အဲဒီစကားမျိုးကို သမီးလေးရှေ့မှာ မပြောမိပါစေနဲ့၊ လူမှာ အမျိုး… ကြက်မှာ အရိုးတဲ့… ကျွန်မတို့က ဆင်းရဲတာ ချမ်းသာတာထက် မျိုးရိုးမြင့်တာကိုပဲ သဘော

ကျတယ် ကို… သင်္ဂြိုဟ်ရွှေ့ခွက်ဟာ ခြသေ့်ဆီနဲ့ပဲ ထိုက်တန်တယ် သိလား”

ဇနီးသည်ရဲ့မျက်နှာက မာနအရောင်တွေ ဟပ်နေတာမို့ ဦးဘိုဘိုက အသာပဲ အလျှော့ပေးလိုက်ရတော့သည်။

“အေးပါကွာ၊ အခု ညစာအတူတူစားမယ် မဟုတ်လား”

“ကျွန်မသဘောအတိုင်းဆိုရင်တော့ အဲဒီကောင်လေးနဲ့လဲ အတူတူမစားချင်ဘူး၊ သမီးလေးကိုလဲ မခေါ်ချင်ဘူးရှင်…”

“မဟုတ်တာကွာ မောင်မိုးသောက်က ကလေကချေမှ မဟုတ်ဘဲ၊ အဲဒီလိုလုပ်လို့ ကောင်းပါ့မလား၊ ပြီးတော့ မင်းအစ်ကိုရဲ့မျက်နှာလဲ ရှိသေးတယ်…”

ဦးဘိုဘိုက စိတ်လည်းပျက်… စိတ်လည်း တိုသွားတာမို့ ခပ်ဆတ်ဆတ်ပြောလိုက်တော့မှပဲ ဇနီးသည်က ငြိမ်ကျသွားသည်။

အဲဒီလောက်ကြီး ကဲကဲဆတ်ပြီး မာနတွေကြီးပြနေ

တော့လည်း အမြင်ကတ်လာသည်။ လူကို လူလို့ပဲ မြင်ရင် ရပြီပေါ့။

"ကို သမီးလေးကို ကူထိန်းပေးပါနော်..."

"ဒီအရွယ်က ထိန်းရကျောင်းရမယ့်အရွယ်လား မေ၊ လူငယ်တွေရဲ့စိတ်ကို မင်း သတိထားမိဖို့တော့ လိုလိမ့်မယ် နော်၊ ဖိလွန်းရင် ကြွတတ်တယ်၊ ချုပ်ထားလွန်းရင် ရုန်းထွက်သွားလိမ့်မယ် မေ၊ မင်း အရမ်း လိုက်မလုပ်ပါနဲ့"

သူက မာတော့လည်း ချစ်ဇနီးက ပြန်ပျော့သွားပြန်သည်။

"ဩော် ကိုရယ်... ကျွန်မက အမေဆိုတော့ စိတ်ပူရတာပေါ့ရှင်"

"ကိုယ်လဲ အဖေပဲ စိတ်ပူတတ်တယ် မေ၊ ဒါပေမဲ့ ဆင်ခြင်တုံတရားနဲ့ စိတ်ပူရမှာပေါ့ မဟုတ်ဘူးလား"

ဒေါ်မေမေခင်က ဘဝင်မကျပေမဲ့ အလျှော့ပေးလိုက်သည်။

**အဖေနဲ့ အမေ စိတ်ပူတတ်တာခြင်းတော့ တူပါ့မလား။**

(သိန်းမင်းစာပေ)

အဖေက ပူရင်လည်း ခပ်ပေါ့ပေါ့ပဲ ပူမှာပေါ့။ အမေကသာ သားသမီးနဲ့ တစ်သားတည်းရှိတဲ့သူလေ ပူစရာရှိရင် ပိုပူမှာပေါ့။

မဖြစ်ပါဘူး သမီးလေးရဲ့ကိစ္စကို ကိုယ့်ဘာသာကိုယ် စီစဉ်မှပဲ ဖြစ်တော့မှာပါ။

"ကဲ... ညစာစားစို့ မေ၊ မောင်မိုးသောက် ဆာနေရောပေါ့ဗျာ"

"ဟုတ်ကဲ့ ကို..."

ဒေါ်မေမေခင်က ခင်ပွန်းသည်မမြင်အောင် နှာခေါင်းကို ရှုံ့ပစ်လိုက်တော့တာ။ ရင်ထဲမှာလည်း တကယ်မအေးနိုင်တာ သေချာပါသည်။

* * *

# အခန်း (၇)

ထမင်းစားခန်းမှာ ထိုင်ကြတော့ လရောင်နဲ့ ကိုကိုက မျက်နှာချင်းဆိုင်ဖြစ်နေတာမို့ လရောင်မှာ ရင်တွေခုန်ရတော့သည်။

ကိုကို့ပုံစံက သက်သောင့်သက်သာ ဝတ်စားဆင်ယင်ထားပြီး ကြည့်လို့ကောင်းလွန်းနေတော့တာ။

ဖေဖေနဲ့ စကားပြောနေတဲ့ ကိုကိုက လရောင်ကို ဘာသိဘာသာပါပဲကွယ်... မေမေကတော့ နှုတ်ဆိတ်နေတော့တာ။

လရောင် သီတာပေါ့… မေမေ လရောင်ကို အကဲခတ်နေတယ် ဆိုတာကိုလေ…

ဟန်ဆောင်ထိန်းချုပ်ပြီး ကိုကို့ကို မကြည့်မိအောင် ကြိုးစားပေမဲ့ ဘယ်လိုမှ မရနိုင်ဘဲ လရောင်ရဲ့အကြည့်လေးတွေက ကိုကို့ဆီကိုပဲ ရောက်ရောက်သွားရတော့တာ။

အကြည့်တွေတင် ရောက်သွားရတာ မဟုတ်။ ကိုကို ပြောတဲ့စကားသံတွေထဲမှာ နစ်မြောသွားရလို့ စားလက်စ အစားတွေတောင် ရပ်တန့်ကုန်ရတာပါ။

မေမေက ပုံမှန်အတိုင်းပဲ နေပေမဲ့ ဖေဖေကတော့ ကိုကိုမိုးသောက်ကို စကားတွေ ရင်းရင်းနှီးနှီး ပြောနေတာမို့ လရောင်က ကျေနပ်နေမိပြန်သည်။

"မောင်မိုးသောက်က ဘယ်တက္ကသိုလ်က ဘွဲ့ကို ယူခဲ့တာလဲ"

"……… တက္ကသိုလ်ကပါ အန်ကယ်၊ မဟာဘွဲ့ကိုလဲ အဲဒီမှာပဲ ဆက်ယူခဲ့တာပါ"

"ဟာ… ဒါဆို မောင်ရင် လူတော်ပဲ၊ အလုပ်လုပ်

တော့ရော ဘယ်ကုမ္ပဏီမှာလဲ"

"ကျွန်တော်နဲ့ ဒက်ဒီက ကိုယ်ပိုင်စီးပွားရေး လုပ်ပါတယ် အန်ကယ်"

"ဟုတ်လား ဟိုက ဒီကိုရောက်လာတော့ ရာသီဥတုခြင်း မနည်းကြီး ကွာခြားနေမယ်နော်"

"အဟွန်း... ဟွန်း... ရတနာစံအိမ်ကြီးထဲမှာကတော့ ရာသီဥတုအနေနဲ့ သိပ်မကွာခြားပါဘူး အန်ကယ်၊ နေ့နဲ့ညနဲ့ အပြောင်းအလဲကတော့ ဆိုးလိမ့်မယ်ထင်တယ်၊ ဟိုမှာက ဒီအချိန်ဆို မနက်စောစောပေါ့"

"အာ... ဟုတ်တာပဲ"

ဖေဖေနဲ့ ကိုကိုမိုးသောက်က ရယ်ရယ်မောမောနဲ့ စကားတွေပြောနေကြရင်း စားသောက်နေကြတာပါ။

မေမေကတော့ စကားဝင်မပြောဘဲ နေနေသည်။ လရောင်ကျတော့လည်း စကားဝင်ပြောချင်ပေမဲ့ ဘာတွေပြောရမယ်မှန်း မသိပါ။ ပြီးတော့ လရောင်ကို မေမေက ဟန့်တားထားတယ်လေ... ကိုကိုနဲ့ လုံးဝ အရောမဝင်ရဘူးလို့...

"ညီမလေးကရော ဘယ်အတန်းရောက်ပြီလဲ၊ ဘယ်မှာ တက်နေလဲ"

ဖေဖေနဲ့ စကားစအပြတ်မှာ ကိုကိုက လရောင်ကို မေးသည်။ ရုတ်တရက်မို့ စိတ်တွေလှုပ်ရှားပြီး လရောင်က ချက်ချင်း မဖြေနိုင်ပါ။ ဖြေပြန်တော့လည်း အသံလေးက တိုးတိုးလေးနဲ့ တုန်တုန်ခါခါလေးပဲ ထွက်လာနိုင်သည်။

"ဟို... လရောင်က အဝေးသင်တက္ကသိုလ်ပဲ တက်ပါတယ်၊ အခု... အခု ဒုတိယနှစ်ပါ"

"ဪ..."

ကိုကို့မျက်နှာပေါ်မှာ အံ့ဩတဲ့အရိပ်ကလေး ဖြတ်ပြေးသွားတာကို လရောင် တွေ့လိုက်ရသည်။

"သမီးလေးကို သူ့အမေက စိတ်မချဘူးကွာ၊ ဒါကြောင့် နေ့ကျောင်းမတက်ခိုင်းဘဲ အဝေးသင်တက္ကသိုလ် တက်ခိုင်းထားတာ မောင်ရင်"

"ဟုတ်ကဲ့ ကောင်းပါတယ်ဗျာ"

အဲဒီအချိန်မှာပဲ တစ်ချိန်လုံး ရေငုံနှုတ်ပိတ်နေတဲ့

မေမေက ရယ်ရယ်မောမောပုံစံနဲ့ အနှောင့်အသွားမလွတ်တဲ့ စကားကို ဝင်ပြောလေတော့တာ။

"အဟင်း… ဟင်း… ကျောင်းသွားတက်ရင် အန်တီတို့ကလဲ အချိန်ပြည့် လိုက်မကြည့်နိုင်ဘူးလေကွယ်၊ တော်ကြာမတော်တရော်တွေနဲ့ တွေ့သွားမှာ စိုးရိမ်ရတယ် မဟုတ်လား၊ သမီးလေးတစ်ယောက်တည်း ဆိုတော့ အစစအရာရာ တွေးပူနေရတာပဲကွယ်၊ အပေါ်ယံ ရွှေမှုန်ကြဲထားတာတွေနဲ့ တွေ့သွားမှာ စိုးလို့လေ၊ အန်တီကတော့ ဆင်းရဲတာ ချမ်းသာတာထက် မျိုးရိုးဇစ်မြစ်ကောင်းတာမျိုးကိုပဲ ဖြစ်စေချင်တာလေ၊ အဟင်း… ဟင်း…"

"ဟုတ်တာပေါ့ အန်တီ မိန်းကလေးရှင်ဆိုတာ အစစအရာရာ တွေးပူနေရတာပေါ့၊ ဟိုနိုင်ငံမှာတော့ သားသမီးကို မိဘက စိတ်တိုင်းကျ စီမံပေးလို့ မရပါဘူးဗျာ၊ မိဘစကားကို နားထောင်ပြီး လူကြီးသူမကို ရိုသေလေးစားတာဟာ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုလို ဖြစ်နေတာပါ"

မေမေပြောလိုက်တဲ့စကားကြောင့် လရောင်က ကိုကို

မိုးသောက်ကို အရမ်းကြီး အားနာသွားမိပေမဲ့ ကိုကိုကတော့ မျက်နှာတစ်ချက်မပျက်ဘဲ အေးအေးဆေးဆေး စကားတွေ ပြန်ပြောနေသေးသည်။

ညစာစားပြီးလို့ ဝိုင်းဖွဲ့စကားပြောတော့ မေမေက လရောင်ကို စကားဝိုင်းထဲ ဝင်မပါခိုင်းဘဲ မျက်ရိပ်ပြပြီး နှင်လေတော့တာ။

ဒါနဲ့ပဲ လရောင်က အပေါ်ထပ်ကို တက်လာခဲ့ရတော့သည်။ လရောင်ရဲ့စိတ်တွေကတော့ ကိုကို့ဆီမှာပဲ ကျန်ရစ်ခဲ့ရတာပါ။

လရောင်စိတ်ထဲမှာ မေမေ့ကိုလည်း မကျေမနပ်ဖြစ်မိသည်။ ပြီးတော့ ချမ်းသာလွန်း အဆင့်အတန်းမြင့်လွန်း ဂုဏ်သရေရှိလွန်းတဲ့ မိသားစုထဲမှာ တစ်ဦးတည်းသောသမီးလာဖြစ်ရတာ ကံဆိုးတာပဲလို့လဲ လရောင်က တွေးနေမိပြန်သည်။

အခြေအရံတွေတော့ ပေါများပါရဲ့... လိုလေသေးမရှိ ပြည့်စုံကြွယ်ဝပါရဲ့... ဒါပေမဲ့ လရောင်ဆီမှာ လွတ်လပ်

ခွင့်မှ မရှိတာ။

လရောင်က ရွှေလှောင်အိမ်ထဲမှာ အချုပ်အနှောင်ခံနေရတဲ့ ငှက်ကလေးတစ်ကောင်အဖြစ် ကိုယ့်ဘာသာကိုယ် ခံစားနေမိတော့တာ။

ပြီးတော့ လွတ်လပ်စွာ ပျံသန်းပစ်ချင်တဲ့ ဆန္ဒတွေလည်း လရောင့်ရင်ထဲကို တိုးဝင်လာလေသည်။

လရောင် မခံစားဖူးသေးတဲ့ ခံစားမှုတွေလည်း ခံစားကြည့်ချင်သည်။ မသိသေးတဲ့ ပတ်ဝန်းကျင်တွေကိုလဲ စူးစမ်းကြည့်ချင်မိသည်။

မေမေက ကိုကိုမှို သောက်ကို ဘယ်မျိုးရိုးကမှန်း မသိတဲ့ ကလေကချေတစ်ယောက်အဖြစ် နှိမ့်ချပေမဲ့ လရောင်ကတော့ ကိုကို့ရဲ့ဘဝကိုပဲ အထင်ကြီးအားကျနေမိတော့တာ။ ကိုကို့ဘဝက နေမင်းကြီးလို ကိုယ်ပိုင်အလင်းရောင်နဲ့ ကိုယ်ပိုင်စွမ်းအင်တွေရှိတဲ့ဘဝ မဟုတ်လား။

ကိုကိုရယ်...

ကိုကို့ကို လက်တွဲပြီး လရောင်လည်း လွတ်လပ်စွာ

ပျံ့သန်းချင်ပါရဲ့ကွယ်...

ကိုကို့ရဲ့အချစ်တွေကိုသာ ရလိုက်မယ်ဆိုရင် လရောင် ဘဝက အရာရာပြည့်စုံသွားမှာပါ။

ကိုကို့ကို လရောင် ချစ်တယ်ကွယ်...

မြင်မြင်ချင်းပဲ ချစ်မိသွားတာပါ ကိုကိုရယ်...

ဒါပေမဲ့ ကိုကိုက လရောင်ကို ချစ်ပါ့မလားဟင်...

တကယ်လို့ လရောင်ကို ချစ်တယ်ဆိုရင်တောင် မေမေ့ ရဲ့ မဟာတံတိုင်းကြီးကို မုန်းတီးပြီး ကိုကို လရောင်ကို ရှောင်ကွင်းသွားမှာ မဟုတ်လား...

တွေးရင်းနဲ့ လရောင်က တစ်ယောက်တည်း တိတ်တိတ် လေး ငိုကြွေးမိသွားတော့သည်။

အချစ်ဆိုတာကို ခံစားလိုက်ရတာနဲ့ပဲ လရောင်ရဲ့ဘဝ ထဲကို မျက်ရည်တွေ ဝင်လာကြပါရောလားကွယ်...

ဒါပေမဲ့...

ဘယ်လိုပဲ ဖြစ်ဖြစ်ပါ...

လရောင်ကတော့ ကိုကို့ကို ချစ်တယ်...

ဒီလိုနဲ့ပဲ...

လရောင်က ပိုက်ခေါင်းအုံးလေးကို ပွေ့ဖက်ပြီး ကိုကို့ဆီက အချစ်တွေကို စိတ်ကူးယဉ်မိသွားတော့တာပါ။

* * *

# အခန်း (၈)

ဒက်ဒီပေးလိုက်တဲ့ စာနဲ့ လက်ဆောင်ပစ္စည်းတွေကို ပေးပြီးတာနဲ့ မိုးသောက်က ခရီးပန်းတာတွေကို အကြောင်းပြပြီး အနားယူဖို့ သူ့အတွက်ပေးထားတဲ့ အခန်းထဲကို ပြန်လာခဲ့လိုက်တော့သည်။

ညဘက်ဖြစ်နေပေမဲ့ သူကတော့ အိပ်ချင်စိတ် လုံးဝရှိမနေပါ။ မအိပ်တော့ အတွေးတွေနဲ့ လုံးချာလည်ရသည်။

မေလရောင်လေးရဲ့ ပုံရိပ်လှလှလေးက သူ့ကို ကောင်းကောင်းကြီး နှိပ်စက်နေတော့တာ။ လှလိုက်တဲ့ မိန်းကလေး တကယ့်ကို လေမထိ နေမထိနဲ့ နူးညံ့လှပနေတာပါ။

မျက်လုံးလေးတွေက ဝိုင်းစက်ကြည်လင်ပြီး အရည်လဲ့နေသည်။ နှုတ်ခမ်းလေးက ပုံပန်းကျနပြီး ဆေးမကူဘဲ

ပန်းရောင်ရင့်ရင့်လေး ထင်ဟပ်နေတော့တာ။

နှာတံစင်းစင်း ချွန်ချွန်လေးကြောင့် မျက်နှာလေးရဲ့ အလှတွေက ထင်ရှားကြွတက်နေတော့သည်။

စကားပြောတဲ့ပုံစံလေးတွေ အပြုံးလေးတွေ လှုပ်ရှားဟန်လေးတွေကလည်း တကယ့်ကို နန်းဆန် တော်ဝင်တဲ့ အလှတွေပါ။

ဟာ...

ဒီလောက်လှတဲ့ မိန်းမလှလေးဟာ ဘာဖြစ်လို့ ဒက်ဒီ့တူမအရင်း ဖြစ်နေရတာလဲကွာ...

ဘာဖြစ်လို့များ မာနကြီးလွန်းတဲ့ အန်တီမေရဲ့သမီး ဖြစ်နေရတာလဲ...

ညစာစားရင်း အန်တီမေပြောတဲ့ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို သူ ကောင်းကောင်းသိသည်။

သူ့ကို မတူမတန်ဘူးလို့ သတိပေးတဲ့ စကားတွေပါ။ ဟန့်တားတဲ့ စကားတွေပါ။ အန်ကယ့်ကို ကြည့်ရတာတော့ အန်တီမေ့လောက် မာနကြီးပုံ မရပါ။

သိန်းမင်းစာပေ

"ဒက်ဒီရာ ကျွန်တော် ဘာလုပ်ရတော့မလဲဗျာ" လို့ သူက ဒက်ဒီ့ကို စိတ်ထဲကနေ လှမ်းပြောနေမိသည်။ သူ့နှလုံးသားက အလန့်တကြားနဲ့ နိုးထလာခဲ့ပါပြီ။

သူ့နှလုံးသားထဲကို အချစ်သွေးတွေ စီးဝင်ပြီးတော့ ချစ်စိတ်ချစ်သွေးတွေက သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ ပျံ့နှံ့နေပါပြီ။

ဒါပေမဲ့ အဲဒီအချစ်တွေက ဖွင့်ဟဖို့ထက် မျိုသိပ်ထားရဖို့ ပိုသေချာနေတာကတော့ အတော်ပဲ ဆိုပါသည်။

အဲဒီအချိန်မှာပဲ တယ်လီဖုန်းခေါ်သံကို ကြားရတော့တာ။ အသံကြားမှပဲ အခန်းထောင့်က ဆင်စွယ်ရောင်တယ်လီဖုန်းလေးကို သူက သတိပြုမိတော့သည်။

လိုင်းခွဲတွေနဲ့ အိပ်ခန်းတိုင်းမှာ တယ်လီဖုန်းတပ်ထားတာ ဖြစ်မည်။

"တူ... တူ... တူ..."

တယ်လီဖုန်းက မနားတမ်းအော်မြည်နေတာမို့ သူက ကောက်ယူနားထောင်လိုက်တော့တာ။

"သားလားဟေ့..."

ဒက်ဒီ့အသံကို ကြားလိုက်ရတော့ သူက အရမ်းပဲ ဝမ်းသာသွားမိသည်။

"ဟာ... ဒက်ဒီ"

"ဘယ်လိုလဲ အဆင်ပြေတယ် မဟုတ်လား"

"ဟုတ်ကဲ့ အဆင်ပြေပါတယ် ဒက်ဒီ"

"တကယ်လို့ နေရတာ အဆင်မပြေဘူးဆိုရင် ဟိုတယ်မှာ ပြောင်းပြီး နေပါလား"

သူ့ရင်ခုန်သံက မြန်ဆန်သွားရသည်။ အစက ဒီအခွင့်အရေးကိုပဲ တောင့်တနေမိတာပါ။

ဒက်ဒီက ရတနာ့ခံအိမ်မှာ တည်းခိုင်းလို့သာ ဒက်ဒီ့စကားကို နားထောင်ပြီး လာခဲ့ရတာ မဟုတ်လား။

ဟော... အခု ဒက်ဒီက ဟိုတယ်မှာ တည်းဖို့ အခွင့်အရေးပေးနေပြီ။ ဒါပေမဲ့ အဲဒီအခွင့်အရေးကို မိုးသောက်က မယူချင်တော့ပါ။

ရတနာ့ခံအိမ်ကိုရောက်တာ တစ်ရက်မရှိသေးပေမဲ့

မေလရောင်အပေါ် တွယ်မိတဲ့ သံယောဇဉ်ကတော့ အံ့သြစရာကောင်းလောက်အောင် ခိုင်မာနေပြီဖြစ်သည်။

"ဘယ်လိုလဲ သား… ဟိုတယ်မှာ ပြောင်းနေမှာလား"

"ဟာ… မပြောင်းပါဘူး ဒက်ဒီ၊ ဒီမှာ အားလုံး အဆင်ပြေပါတယ်"

"အေး… အေး… ဒါဆိုလဲ ပြီးရောကွာ၊ ဒက်ဒီ အလုပ်တွေ များနေတယ် ဒါပဲ"

"ဒက်ဒီ ကျန်းမာရေး ဂရုစိုက်နော်"

"အေးပါကွာ"

"အအိပ်အစား မှန်အောင်နေနော်"

"စိတ်ချပါကွာ"

"ကျွန်တော် ဖုန်းဆက်မယ်နော်"

"အေး… အေး… ဒါပဲ"

ဒက်ဒီ ဖုန်းချသွားတော့ သူက ငူငူငေါင်ငေါင် ဖြစ်သွားရသည်။

ရတနာစံအိမ်ကြီးမှာ သူ တစ်လတိတိ နေထိုင်ဖို့

တကယ်ပဲ အဆင်ပြေနိုင်ပါ့မလား။ အန်တီမေ့ကို ကြည့်ရတာတော့ ဒက်ဒီ့မျက်နှာကြောင့်သာ သူ့ကို လက်ခံထားတဲ့ပုံစံဖြစ်သည်။

အန်ကယ်ကတော့ သိပ်မဆိုးပါ။

မေလရောင်လေးကရော

အတွေးနဲ့အတူ သူ့ကို ငေးမောကြည့်တတ်တဲ့ သူမလေးရဲ့မျက်ဝန်းလှလှလေးကို စွဲစွဲထင်ထင် မှတ်မိနေမိပြန်သည်။

ဘယ်လိုပဲ အတားအဆီးတွေ အကာအကွယ်တွေ ခြားထားပါစေ သူ့အချစ်တွေကတော့ သူမလေးဆီကို ဦးတည်နေပါပြီ။

ဆုံစည်းရမယ့် အချစ်လား မဆုံစည်းနိုင်တဲ့ အချစ်လား ဆိုတာကိုတော့ သူကိုယ်တိုင်ပင် မသိသေးပါ။

မိုးသောက်ကတော့ အချစ်ရေးမှာ ကံကောင်းချင်နေတော့တာပါပဲ။

* * *

# အခန်း (၉)

"ကို အဲဒီကောင်လေးကို သိပ်မရောပါနဲ့ရှင်"

ဒေါ်မေမေခင်က လေသံအေးကလေးနဲ့ ပြောလိုက်တာပါ။

ရင်ထဲမှာတော့ ခင်ပွန်းသည်ကို တော်တော်ပဲ စိတ်တိုနေမိတော့သည်။ ဘယ့်နှယ် ခပ်တည်တည်မနေဘဲ စကားလက်ဆုံကျနေလိုက်တာများ အသည်းယားဖို့ အတော်ကောင်းနေတော့သည်။

"ဘာဖြစ်လို့လဲ မေ... သူက ဧည့်သည်လေ၊ ကိုယ်တို့က အိမ်ရှင်... ဧည့်ဝတ်တော့ ကျေရမှာပေါ့ကွာ"

သိန်းမင်းစာပေ

"ညှိသည် ဟုတ်လား... ကျွန်မတော့ သူ့ကို ညှိသည်လို့ သဘောမထားနိုင်ပါဘူးရှင်၊ ကိုကိုကြီးရဲ့မျက်နှာနဲ့ လက်ခံထားတာလေ၊ သူ့ကို ဘာကြောင့် ညှိဝတ်ကျေရဲ မှာလဲ၊ ပုံမှန်ပဲပေါ့ ကိုရယ်... အဆင့်အတန်းချင်းတူတာမှ မဟုတ်တာ"

ဦးဘိုဘိုက အတော်ပဲ စိတ်ပျက်သွားရတော့သည်။

ဘာဖြစ်လို့များ ဒီလောက်တောင် မာန်တွေတင်းပြီး မာနတွေ ထောင်လွှားနေရတာလဲ။

"မောင်မိုးသောက်က အဆင့်အတန်းမြင့်တဲ့ လူငယ် ပါကွာ၊ ပြောတာဆိုတာ နေတာထိုင်တာကို ကြည့်စမ်း... ဘယ်လောက်ယဉ်ကျေးရသလဲ၊ ပြီးတော့ လူတော်လူကောင်း လေးပါကွာ"

"အို ကျွန်မကတော့ အခု သူ ဘာကောင်ကြီးပဲဖြစ် နေပါစေ၊ သူ ဘယ်ကလာတယ်... သူ ကလေးဘဝတုန်းက ဘယ်လိုပုံစံဆိုတာကို လုံးဝ မေ့ထားလို့ မရဘူး... ကို"

"လူကို လူလိုပဲ မြင်စမ်းပါ မေရယ်... ဂုဏ်တွေ...

ရွှေတွေ… ရာထူးကြီးတာတွေ… မျိုးရိုးမြင့်မြတ်တာတွေကလဲ သေခြင်းတရားကို မဟန့်တားနိုင်ပါဘူးကွာ၊ လူတိုင်း တစ်နေ့ သေရမှာချည်းပဲ၊ သေသွားရင်လဲ ချစ်တာတွေ မုန်းတာတွေက ဘာမှ အရေးမပါတော့ပါဘူး”

သေခြင်းတရားကို ထည့်ပြောလိုက်တော့ ဇနီးသည်က ခါးခါးသီးသီးနဲ့ အလန့်တကြား ထအော်တော့သည်။

“အမယ်လေး… အ,မင်္ဂလာစကားတွေ မပြောပါနဲ့ ကိုရယ်… သမီးလေးနဲ့ ခွဲပြီး ကျွန်မ မသေနိုင်သေးပါဘူး နော်”

ဦးဘိုဘိုက ပြုံးမိသည်။ စိတ်မချတာကို စိတ်ချထား ခဲ့လို့ရအောင် ဘယ်လိုစီစဉ်မယ် စိတ်မကူးဘဲ မသေနိုင်သေး ဘူး လုပ်နေတဲ့ ဇနီးသည်ကို သနားပဲ သနားရတော့မလိုလို စိတ်ပဲ ပျက်ရတော့မလိုလိုနဲ့ ခံစားနေရတော့တာ။

“စိတ်မချတာတွေ များနေလို့ မသေပါရစေနဲ့လို့… တောင်းပန်လို့ မရဘူး မေ၊ မသေခင်မှာ စိတ်ချထားနိုင်အောင် စီစဉ်… ကိုယ့်စိတ်ကိုလဲ ပြုပြင်… ဒါမှ ဖြစ်မှာနော်”

"တော်ပါတော့... နိမိတ်မရှိတာတွေပဲ ပြောနေတော့တာပဲရှင်"

ဇနီးသည်က စိတ်ဆိုးပြီး အိပ်ခန်းထဲဝင်သွားတော့ ဦးဘိုဘိုမှာ စိတ်မောလူမောနဲ့ အတွေးတွေ ဖြန့်ကြက်နေမိလေသည်။

ဇနီးသည်လိုပါပဲ။ ဦးဘိုဘိုလည်း သမီးရဲ့အနာဂတ်အတွက် စိတ်မအေးနိုင်ပါ။

သူတို့လင်မယား မျက်စိမှိတ်သွားခဲ့ရင် သမီးအတွက် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွေ အများကြီးထားခဲ့နိုင်ပေမဲ့ ဆွေမျိုးရင်းချာက နည်းပါးလွန်းလှသည်။

မောင်နှမရင်းချာဆိုတာလည်း တစ်ယောက်မှ မရှိပါ။

ဦးဘိုဘိုက တစ်ဦးတည်းသောသားဖြစ်သည်။ မိဘတွေလဲ ကွယ်လွန်သွားပြီ။ ဒေါ်မေမေခင်မှာကလည်း မိဘတွေမရှိတော့ တစ်ယောက်တည်းသောအစ်ကိုဖြစ်တဲ့ ဦးမောင်မောင်ကလဲ နိုင်ငံခြားမှာ ရောက်နေသည်။

ကဲ... သမီးအတွက် ဘယ်သူ့လက်ထဲမှာ စိတ်ချအပ်နှံ

ထားခဲ့ရမှာလဲ။ ဦးဘိုဘိုကတော့ သမီးကို ကောင်းကောင်း မွန်မွန် ကြင်ကြင်နာနာရှိမယ့် ဘဝအဖော်မျိုးရဲ့လက်ထဲမှာ အပ်နှံထားပေးခဲ့ချင်သည်။

မနေ့ညက ညစာစားကြရင်း မောင်မိုးသောက်နဲ့ စကား တွေပြောပြီး အနီးကပ်တွေ့ရပြီးနောက်မှာ ဒီလို လူငယ်တစ် ယောက်နဲ့ သမီးကို လက်ထပ်ပေးရရင် ကောင်းမှာပဲဆိုတဲ့ အတွေးတွေ ဦးဘိုဘိုရဲ့ခေါင်းထဲကို ဝင်လာကြတော့သည်။

ဦးဘိုဘိုက ဇနီးသည် ဒေါ်မေမေခင်လို သွေးနားထင် ရောက်နေတဲ့သူ မဟုတ်ပါ။ သမီးကို ချစ်တဲ့နေရာမှာလည်း ဒေါ်မေမေခင်နဲ့ အတွေးအမြင်ခြင်း လုံးဝခြားနားသည်။

ဒေါ်မေမေခင်က သမီးကို ပြင်ပလောနဲ့ ထိတွေ့ခွင့် မပေးဘဲ ရွှေလှိုဥထားချင်တာ။ ဦးဘိုဘိုကတော့ သမီးလေးကို လွတ်လပ်စွာ ပျံသန်းခွင့်ပေးချင်သည်။ လုပ်ချင်ရာ လုပ်ခွင့် ပြုစေချင်သည်။

အရွယ်တူအပေါင်းအသင်းတွေနဲ့ ပေါင်းသင်းပြီး လွတ် လပ်ပျော်ရွှင်စွာနဲ့ ရင့်ကျက်စေချင်သည်။

သမီးကြိုက်တဲ့တက္ကသိုလ်မှာ တက်စေချင်သည်။ အချစ်ရေးမှာလဲ သမီးကို လွတ်လပ်စွာရွေးချယ်ခွင့် ပေးချင်သည်။

အခုတော့ ဇနီးသည်က ဦးဘိုဘိုရဲ့ဆန္ဒအားလုံးနဲ့ ဆန့်ကျင်ပြီး သမီးကို ထားထားတာပါ။

ရတနာစံအိမ်ကြီးရဲ့အပြင်ဘက်ကို သမီးက မိဘတွေ မပါဘဲနဲ့ တစ်ခါမှ ထွက်ဖူးတာ မဟုတ်ပါ။

အခု သမီးကိုကြည့်ရတာ မောင်မိုးသောက်အပေါ်မှာ စိတ်ဝင်စားနေတဲ့ပုံစံ ဖြစ်နေသည်။

ဦးဘိုဘိုကတော့ တွေးထားသည်။ တကယ်လို့ မောင်မိုးသောက်နဲ့ သမီးလေး တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိကြမယ်ဆိုရင် ဘာမှ မကန့်ကွက်ချင်ပါ။

မောင်မိုးသောက်သည် သမီးလေးအတွက် သင့်လျော်သူပဲဖြစ်သည်။ ကလေးဘဝက လမ်းဘေးမှာနေခဲ့ရတာကိုလည်း ဦးဘိုဘိုက မစဉ်းစားပါ။ ဘယ်မိဘက မွေးဖွားလာတယ်ဆိုတာကိုလည်း မစဉ်းစားပါ။

လက်ရှိအနေအထားကိုပဲကြည့်တာ ဖြစ်သည်။

သိန်းမင်းစာပေ

အသက်အရွယ်၊ ပညာအရည်အချင်း၊ အပြောအဆို အနေအထိုင် ဘာမှ အပြစ်ဆိုစရာ မရှိပါ။

တည်ငြိမ်ပြီး ဣန္ဒြေရလွန်းတဲ့ပုံစံက ကေသရာဇာခြင်္သေ့ မင်းလိုပုံစံပါပဲ။ လှုပ်ရှားသွားလာပုံ ကြည့်ပုံရှုပုံတွေကလည်း အထင်ကြီးချင်စရာကောင်းလောက်အောင် အေးဆေးတည်တံ့ နေတော့တာ။

ပြီးတော့ ဦးမောင်မောင်ခင်ရဲ့ မွေးစားသားဆိုတဲ့ အချက် ကလည်း စိတ်ချယုံကြည်စရာပါ။

ညတုန်းကတောင် ဦးဘိုဘိုက တွေးနေမိသေးသည်။ ယောက်ဖက သူ့ရဲ့မွေးစားသားကို ရတနာ့စံအိမ်မှာ တည်းခို ခိုင်းလိုက်တာဟာ ရည်ရွယ်ချက်တစ်ခုခုများ ရှိနေမလား ဆိုတဲ့ အတွေး ဖြစ်သည်။

ဦးမောင်မောင်ခင်က တစ်ဦးတည်းသော တူမလေး ကို သူ့ရဲ့မွေးစားသားနဲ့များ ရည်ရွယ်ထားလေသလား မသိ ပါ။

ဇနီးသည်ကိုတော့ ပြောလို့ မဖြစ်သေးပါ။ အခုတောင်

အဆင့်အတန်းတွေ မျိုးရိုးတွေ ဆိုတဲ့ စကားကို မနားတမ်း ပြောနေတာ။

အင်းလေ … အချိန်တွေ ရှိပါသေးတယ် … ဦးဘိုဘိုက သက်ပြင်းချလိုက်မိတော့သည်။

*  *  *

## အခန်း (၁၀)

လသာဆောင်တံခါးကို ဖွင့်လိုက်တာနဲ့ နေရောင်ခြည် နုနုက လရောင်တစ်ကိုယ်လုံးကို ထိနမ်းသွားတော့တာ။

တိုက်ခတ်လာတဲ့ လေပြည်လေးတွေထဲမှာ ပန်းရနံ့လေး တွေ လွင့်ပါပျော်ဝင်နေတာမို့ အသက်ရှူလေ့ကျင့်ခန်းလုပ်ရင်း လရောင်ရဲ့စိတ်တွေက ပေါ့ပါးကြည့်လင်လာရတော့တာ။

မနက်စောစောတိုင်း လရောင်က ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းကို နာရီဝက်လောက် အမြဲတမ်းလုပ်သည်။ တစ်ခါတစ်ရံကျတော့ ခြံထဲမှာ နာရီဝက် တစ်နာရီလောက် လမ်းပတ်လျှောက်ပစ်လိုက်သည်။

သိန်းမင်းစာပေ

ဒါမှပဲ သွေးလည်ပတ်မှု မှန်ကန်ပြီး သွက်လက်တာပါ။ ပေါ့ပါးလန်းဆန်းတာပါ။ ပြီးတော့ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို ပုံမှန်လုပ်နေတဲ့အတွက် ခန္ဓာကိုယ်ရဲ့အလှအပကို ထိန်းသိမ်းထားရာလည်း ရောက်သည်။

လကျောင်က သွယ်လျလှပတဲ့ ကိုယ်လုံးပိုင်ရှင်လေးပါ။ အရပ်မြင့်မြင့်နဲ့လိုက်ဖက်တဲ့ ကိုယ်နေဟန် ပြေပြစ်တင့်တယ်တဲ့ လှုပ်ရှားမှုတွေကိုလည်း ပိုင်ဆိုင်ထားသူလေပါ။

အခုလည်း နေရောင်ခြည်နုနုလေးရဲ့အောက်မှာ မေလရောင်က လေ့ကျင့်ခန်းတွေကို စိတ်ပါလက်ပါ လုပ်နေမိတော့တာ။

အချိန်တွင် မိုးသောက်က ခြံထဲမှာထိုင်နေပြီး ငှက်ကလေး ႆ ့ရဲ့တေးသံသာကို နားထောင်ပြီး အမိမြေရဲ့လေနုအေးကို အားပါးတရ ရှူရှိုက်နေမိတော့သည်။

နိုင်ငံခြားမှာနေခဲ့တဲ့ တစ်လျှောက်လုံး အခုလို အေးအေးဆေးဆေး ပတ်ဝန်းကျင်ရဲ့သဘာဝအလှတွေကို ခံစားပြီး ထိုင်နေခဲ့ရတယ်လို့ကို မရှိခဲ့ပါ။

အမြဲတမ်း အချိန်လုပြီး အလုပ်လုပ်နေခဲ့ရတာ ဖြစ်သည်။ အခုလို သာယာတိတ်ဆိတ်မှုမျိုးကိုလည်း မခံစားရပါ။ ခုတော့ဖြင့် အသက်ရှူရတာကပင် အရသာရှိလွန်းနေလေတော့သည်။

အရောင်အစုံ အသွေးစုံ ပွင့်ဖူးနေတဲ့ ပန်းလေးတွေ မြက်ခင်းထူထူ စိမ်းစိမ်းတွေ အလှမွေးထားတဲ့ ရောင်စုံဂျပန်ငါးကြင်းတွေ အရာအားလုံးက သူ့စိတ်နှလုံးကို ပွေ့ယူဖမ်းစားထားကြတော့သည်။

ကြည်လင်တောက်ပနေတဲ့ မိုးကောင်းကင်ကြီးကို ကျေနပ်စွာနဲ့ မော့အကြည့်မှာပဲ သူ့အမြင်အာရုံထဲသို့ လှပတဲ့ မြင်ကွင်းလေးတစ်ခု ရုတ်တရက်ကြီး ဝင်ရောက်လာတော့တာ။

လက်ကလေးကို မြှောက်ခါပြီး ခုန်ပေါက်လှုပ်ရှားနေတဲ့ သူမလေးကို သူက အသက်ရှူဖို့ပါ မေ့လျော့ပြီး ငေးမောကြည့်နေမိသွားတော့တာ။

သူမလေးရဲ့ ဖမ်းစားဆွဲငင်တဲ့အားက ဘယ်လောက်

အထိများ ပြင်းထန်နေသလဲဆိုရင် သူ့မှာ မျက်စိလွှဲလို့ကို မရနိုင်အောင်ဘဲ ဖြစ်သွားရတော့သည်။

ကြည့်နေရင်းကပဲ သူ့ရင်ခုန်သံတွေက မြန်ဆန်လာကြတော့သည်။ သူ့ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်စီးဆင်းနေတဲ့ သွေးတွေကလည်း အချစ်တွေကြောင့် မြန်ဆန်ပူနွေးလာကြတော့သည်။

"လရောင်လေးရယ် ချစ်ဖို့ကောင်းလိုက်တာဗျာ"

သူက တိုးဖွဖွလေး ရေရွတ်နေမိတော့တာ။ ရင်ခုန်သံတွေထဲမှာ သူက နစ်မျောပျော်မွေ့နေမိတော့တာ။ သူ့ဘဝမှာ ပထမဦးဆုံးအကြိမ် နက်နက်နဲနဲ ရင်ခုန်မိတာပါ။

မိန်းကလေးသူငယ်ချင်းတွေ ရှိခဲ့ပေမဲ့ သူက ဘယ်သူ့ကိုမှ စိတ်မလှုပ်ရှားခဲ့ဖူးတာ အမှန်ဖြစ်သည်။ ဒီလိုပဲ တွဲသွားတွဲလာ လုပ်ခဲ့တာပါ။

သူ့ကို သဘောကျတဲ့ နိုင်ငံခြားသူလေးတွေမှ အများကြီးပဲဖြစ်သည်။ သူကတော့ လက်ထပ်ရင် မြန်မာစစ်စစ်ကိုသာ လက်ထပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ခိုင်ခိုင်နဲ့ ညွှတ်ကွင်း

မှန်သမျှက ရှောင်ထွက်နိုင်ခဲ့တာ ဖြစ်သည်။

ဒက်ဒီကလည်း သူ့ကို အမြဲတမ်းပြောသည်။ အခါ အခွင့်သင့်တိုင်း ဆုံးမသွန်သင်ခဲ့သည်။

"သားရေ လက်ထပ်ရင်တော့ အမျိုးတူ ဘာသာတူ တာကိုပဲ လက်ထပ်ပါကွာ၊ ကပြားလေးတွေ မမွေးမိပါစေနဲ့ ဟုတ်လား"

"စိတ်ချ ဒက်ဒီ"

"အေးကွာ ဒီက မိန်းမနဲ့သာ လက်ထပ်လိုက်ရင်တော့ သား ကိုယ့်မြေကိုယ် ပြန်ခြေချခွင့် ပိုဝေးသွားလိမ့်မယ်နော်"

"ဒက်ဒီ့မှာ ပြန်ဖို့ စိတ်ကူးရှိနေတယ်လား... ဒီမှာ ကျွန်တော်တို့ရဲ့စီးပွားရေးက ခိုင်နေပြီလေ"

"အရာရာမှာ ငွေက အရေးမကြီးပါဘူး သားရယ်၊ ကိုယ့်အိမ်မှာ ကိုယ်နေတာထက် လုံခြုံနွေးထွေးတာ ဘာရှိ သေးလို့လဲကွာ၊ ဒက်ဒီကတော့ အသက်ကြီးလာရင် ကိုယ့် အမိမြေမှာပဲ နွေးနွေးထွေးထွေး ပြန်နေချင်တယ်၊ ခြံတွေ အများကြီးနဲ့ ပျော်ပျော်ပါးပါးပေါ့ကွာ"

ဒီစကားမျိုးတွေ ဒက်ဒီပြောခဲ့တုန်းကတော့ နားသာထောင်နေခဲ့ရတာပါ။ ဒီနေရာမှာ ကြိုးစားထူထောင်ပြီး အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေကို စွန့်လွှတ်ထားပစ်ခဲ့ဖို့ စိတ်မကူးနိုင်ခဲ့ပါ။

အခု မေလရောင်ကို တွေ့လိုက်ရတော့ အချစ်ဆိုတာကို ခံစားမိပြီ။ အဲဒီအချစ်ကို ရယူပိုင်ဆိုင်ချင်တဲ့စိတ်တွေ သူ့ရင်ထဲကို တိုးဝင်လာကြလေတော့သည်။

အဲဒီခဏမှာတော့ အန်တီမေရဲ့မာနတွေနဲ့ သူ့အပေါ်မှာ နိမ့်ချဆက်ဆံတတ်တာတွေအားလုံးကို မေ့လျော့သွားပြီး သူက အချစ်က လွဲလို့ ဘာကိုမှ မသိတော့ပါ။

"လရောင်လေးရယ် ရင်ခွင်ထဲ ဆွဲသွင်းပြီး ပွေ့ဖက်ထားချင်ပါရဲ့ဗျာ... အဟွန်း... ဟွန်း..."

အချစ်စိတ်တွေနဲ့ ရင်ထဲမှာ တသိမ့်သိမ့်လှိုက်ဖိုနေမိတဲ့ အချိန်မှာပဲ သူမလေးက သူ့ကို တွေ့သွားလေတော့တာ။

"အို..."

လရောင်ကို ကိုကို ရပ်ကြည့်နေတာပဲ။ ရှက်လည်း

ရှက် ရင်တွေလည်း အရမ်းခုန်သွားတဲ့ လရောင်က ဘာလုပ်ရမှန်း မသိအောင် ထူပူသွားတဲ့အချိန်မှာ ကိုကိုက လက်မြှောက် ဖေ့ယမ်းပြပြီး နှုတ်ဆက်တာမို့ လရောင်ကလည်း ပြန်နှုတ်ဆက်လိုက်မိတော့သည်။

လရောင်နဲ့ ကိုကိုရဲ့အကွာအဝေးက အနည်းငယ်လှမ်းနေပေမဲ့ အပေါ်ထပ်မှာရောက်နေတဲ့ လရောင်ကဲ ကိုကို့ကို အပေါ်စီးကနေ စီးမိုးမြင်ရတော့တာပါ။

လရောင်ကို ကိုကိုက အကြာကြီးပဲ စိုက်ကြည့်နေပြီးမှ ငါးကန်ဘက်ကို လမ်းလျှောက်ထွက်သွားတော့တာ။

နီးနီးလေး မဟုတ်ပေမဲ့ ကိုကို့အကြည့်တွေကို လရောင်က ခံစားလို့ရလိုက်သည်။

ဒါဟာ လရောင်အပေါ်မှာ တွယ်ငြိတဲ့အကြည့်တွေပေါ့။

အို... ရင်ခုန်ရပါလား ကိုကိုရယ်...

ကိုကိုက ငါးကန်နံဘေးမှာ ဝင်ထိုင်ပြီးတော့ လရောင်ကို မော့ကြည့်ပြန်သည်။ နောက်ပြီးတော့ လရောင်ကို ပြုံးပြုံးလေးမောနေပြန်သည်။ လရောင်ရင်ထဲကို ကိုကို့အပြုံးနဲ့ ကိုကို့

အကြည့်တွေက နက်နက်ရှိုင်းရှိုင်း နေရာဝင်ယူလိုက်တဲ့အချိန်မှာတော့ ဘယ်ကရောက်လာမှန်း မသိတဲ့ အင်အားတွေ သတ္တိတွေနဲ့ လရောင်က ရဲရင့်သွားရတော့သည်။

ကိုကို့အနားကိုသွားဖို့ သတ္တိတွေ ရှိလာလိုက်တာများ ရင်ဘတ်ထဲမှာ အပြည့်ပါပဲကွယ်...

ဒါနဲ့ပဲ လရောင် ခါကိုင်း ခြံထဲမှာ လမ်းလျှောက်ရင် ဝတ်နေကျ ထရက်စုအနီရဲရဲလေးကို ခပ်မြန်မြန်လဲဝတ်ပြီး ကိုကိုရှိနေတဲ့ ခြံဝင်းကျယ်ကြီးထဲကို ပြေးဆင်းလာခဲ့မိတော့တာ။

အဲဒီအချိန်မှာ လရောင်က မေမေ့ရဲ့အမိန့်တွေ သတိပေးတားမြစ်ချက်တွေ အားလုံးကို မေ့လျော့သွားမိလေတော့သည်။

ကိုကိုရယ်...

နှလုံးသားရဲ့အလိုဆန္ဒကို လရောင် ဘယ်လိုများတားဆီးပိတ်ပင်နိုင်မှာတဲ့လဲကွယ်...

အချစ်ကြောင့် ယောကျ်ား မိန်းမ အားလုံးရဲ့ရင်ထဲ

မှာ သတ္တိတွေအပြည့်ရှိလာတတ်ကြတယ် ဆိုတဲ့ စကားကို လရောင်တော့ အကြွင်းမဲ့ယုံလိုက်ပြီ ကိုကိုရေ...

ဒီလိုနဲ့ပဲ လရောင်ရဲ့ခြေလှမ်းလေးတွေက ကိုကို့ဆီ ဦးတည်မိသွားလေတော့သည်။

* * *

# အခန်း (၁၁)

"အမယ်လေး... ဘုရား... ဘုရား"

တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် ဒေါ်မူမူက ဘုရားတပြီး ရင်ဘတ်ကို ဖိထားလိုက်မိတော့သည်။

ခြံထဲမှာ မောင်မိုးသောက်နဲ့ လရောင်က ရယ်မောပြီး စကားတွေပြောနေကြတာပဲ။

မမလေးသာ မြင်သွားရင်တော့ မိုးမီးလောင်တော့မှာ သေချာသည်။ အလကားနေရင်း ကြားထဲက လူတွေလည်း သက်သာမှာ မဟုတ်ပါ။

ဘယ်လိုလုပ်ရပါ့မလဲ...

စောစောစီးစီးမှာ ဒီကလေးနှစ်ယောက်ကရော ဘာဖြစ်လို့ ခြံထဲ ရောက်နေရတာလဲ။

ခန်းဆီးနောက်ကနေ ချောင်းမြောင်းကြည့်နေရင်း ဒေါ်မူက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရလေတော့တာ။

စိတ်ပူနေတဲ့ကြားထဲကပဲ မောင်မိုးသောက်နဲ့ လရောင်လေးရဲ့ လိုက်ဖက်ညီမှုကိုလည်း ဒေါ်မူက သတိထားမိနေပြန်သည်။ ရယ်မောပြီး စကားပြောနေကြတဲ့ မျက်နှာလေးတွေကလဲ ကြည်လင်တောက်ပလို့...

လရောင်လေး ရွှင်မြူးလန်းဆန်းလို့ ဒီတစ်ခါပဲ ကောင်းကောင်းမြင်ဖူးသေးတာပါ။ အင်းလေ သူလေးခမျာလည်း အဖော်မက်ရှာမှာပေါ့။မမလေး မမြင်ရင် ဘာမှ မဖြစ်ပါဘူးဆိုတဲ့ အတွေးကို တွေးလိုက်မိတော့လည်း ဒေါ်မူက လရောင်ကို အိမ်ထဲ ပြန်မခေါ်ချင်ပြန်ပါ။

မမလေးက လုံးဝသဘောကျတာ မဟုတ်ဘူး...

မောင်မိုးသောက်နဲ့ ခပ်ဝေးဝေးနေဖို့ မရောခိုင်းဖို့ အသေ

အချာစောင့်ကြည့်ခိုင်းထားတာပဲ ဆိုတာကို တွေးမိပြန်တော့လည်း ဒေါ်မူက ထိုင်ရမလို ထရမလိုလို ဖြစ်နေရတော့သည်။

ဒါပေမဲ့ ဆရာကြီးနဲ့ မမလေးတို့ရဲ့အိပ်ခန်းက အိမ်ကြီးရဲ့ဟိုဘက်အခြမ်းမှာ ဖြစ်သည်။ လရောင်လေးတို့ရှိနေတာက ဒီဘက်အခြမ်းမှာဆိုတော့ တော်ရုံ မတွေ့နိုင်လောက်ဘူး ထင်သည်။

ဒေါ်မူက ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေရတော့တာ။

ထိုအချိန်တွင် မိုးသောက်တို့နှစ်ယောက်ကလည်း အရာရာကို မေ့လျော့ပြီး တလောကလုံးမှာ နှစ်ယောက်တည်းပဲရှိသလို စကားလက်ဆုံကျနေမိတော့သည်။

"ညီမလေးဆီမှာ အရမ်းခင်တဲ့သူငယ်ချင်းတွေ မရှိဘူးလားဗျာ"

"ဟင့်အင်း"

"ဒါဆို သူငယ်ချင်းတွေနဲ့ ဈေးဝယ်တာတို့ လျှောက်လည်တာတို့ မလုပ်ဖူးဘူးပေါ့"

"မေမေတို့နဲ့ပဲ သွားတယ်လေ၊ မေမေနဲ့ ဖေဖေ မပါဘဲ လရောင် ဘယ်ကိုမှ မသွားဖူးဘူး ကိုကို"

"ဟောဗျာ..."

မိုးသောက်က လူငယ်တစ်ယောက်ရဲ့လွတ်လပ်မှုတွေ ဆုံးရှုံးနေရတဲ့ သူမလေးကို အရမ်းသနားမိသွားတော့တာ။

တကယ့်ကို ရွှေဘုံစံထိပ်ထားလေးပါပဲ... လို့လည်း တွေးနေမိတော့သည်။ သာမန် လူလတ်တန်းစား မိသားစု ထဲက မိန်းကလေးတစ်ယောက်ရဲ့ဘဝကမှ သူမလေးထက် အဆပေါင်းများစွာ လွတ်လပ်ဦးမှာပါ။

"ညီမလေးက သူငယ်ချင်း ဘာဖြစ်လို့ မပေါင်းတာလဲ၊ သက်တူရွယ်တူ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး လျှောက် လည်ကြ၊ ရုပ်ရှင်ကြည့်ကြနဲ့ဆို ပျော်ဖို့ကောင်းတာပေါ့ဗျာ"

"မေမေတို့က လရောင်ကို ဘယ်သူနဲ့မှလဲ စိတ်မချဘူး၊ ဘာလုပ်လုပ် စိတ်ပူနေတာ ကိုကိုရဲ့... အဟင်း... ဟင်း... ပြီးတော့ ဟိုလူနဲ့မပေါင်းရဘူး... ဒီလူနဲ့ မပတ်သက်ရဘူး ဆိုတဲ့ စည်းကမ်းချက်တွေကလဲ အများကြီးပဲ ကိုကိုရယ်...

ဒီတော့ လရောင်ကလဲ တစ်ယောက်တည်းနေတတ်အောင်ပဲ ကြိုးစားလိုက်တော့တယ်"

"ညီမလေးရယ်..."

"ကိုကို့ဆီမှာရော သူငယ်ချင်းတွေ ရှိလားဟင်"

"ရှိတာပေါ့ဗျာ... အများကြီးပဲ အဟွန်း... ဟွန်း..."

"ယောကျ်ားတွေလား... မိန်းမတွေလား..."

"နှစ်မျိုးစလုံးပဲ... မိန်းကလေးသူငယ်ချင်းက ပိုများတယ်ဗျာ... အဟွန်း... ဟွန်း..."

သူ့စကားကြောင့် လရောင်လေးက မျက်နှာလေး ပျက်သွားတော့တာ။

မနေ့ညကမှ တွေ့ဖူးပြီး အခုမှ နီးနီးကပ်ကပ် စကားတွေပြောဖူးတာ ဖြစ်ပေမဲ့ မိုးသောက်ရဲ့နှလုံးသားတွေက သူမလေးအပေါ်မှာ ရင်းနှီးနီးကပ်လွန်းနေတော့တာ။

ဒါကြောင့်ပဲ သူက တမင်တကာပြောပြီး သူမလေးရဲ့ နှလုံးသားကို ချောင်းကြည့်လိုက်တာဖြစ်သည်။

မိန်းကလေး သူငယ်ချင်းတွေ သူ့ဆီမှာ အများကြီးပဲ

လို့ ပြောလိုက်တာနဲ့ သူမလေးက မျက်နှာလေးပျက်သွားတာမို့ သူက အရမ်းကို ပျော်သွားရတော့တာ။

ဒါဟာ သူမလေးရဲ့ နှလုံးသားလျှို့ဝှက်ခန်းလေးထဲမှာ သူ ရှိနေပြီဆိုတဲ့ အဓိပ္ပာယ် မဟုတ်လား။

"ဟော့… စကားပြောရင်း ဘာဖြစ်လို့ ငြိမ်ကျသွားရတာလဲဗျာ… အဟွန်း… ဟွန်း…"

လရောင်က နဂိုကမှ စိတ်ပျက်အားငယ်ပြီး ငိုချင်နေတာပါ။

ဒါကို ကိုကိုက မေးလိုက်တော့ ချက်ချင်းပဲ မျက်ရည်တွေ ဝေ့သီလာရလေတော့သည်။ မျက်ရည်မကျမိအောင် လရောင်က မျက်တောင်ကော့ကြီးတွေကို တဖျတ်ဖျတ်နဲ့ ခတ်နေလိုက်ရတော့တာ။

"ညီမလေး"

နွေးထွေးလှိုက်လှဲတဲ့ ခေါ်သံကြောင့် လရောင်ရင်ထဲမှာ ဖိုလှိုက်သွားသည်။

"ကိုကို့ကို စိတ်ဆိုးသွားတာလားဗျာ"

"ဟာ... မဟုတ်ပါဘူး လရောင်က ဘာကို စိတ်ဆိုးရမှာလဲ"

လရောင်က ထိတ်ထိတ်ပျာပျာလေးငြင်းလိုက်မိတာ...

ဒုက္ခပါပဲကွယ်...

လရောင်ရင်ထဲက ခံစားချက်တွေနဲ့ လရောင်ရဲ့ရင်ခုန်သံတွေကို ကိုကို ရိပ်စားမိနေပြီလား...

အတွေးကြောင့် လရောင်က ရှက်ရွံ့သွားရပြန်တာ။

"အလကားပြောတာပါ ညီမလေးရယ်၊ ကိုကို့ဆီမှာ ရိုးရိုးသားသားသူငယ်ချင်းတွေပဲ ရှိပါတယ်၊ ဆန်းဆန်းပြားပြား သူငယ်ချင်းဆိုလို့ တစ်ယောက်မှ မရှိပါဘူးဗျာ၊ အခုအချိန်ထိ အချစ်မရှိသေးတဲ့ သူပါ၊ ညီမလေး ယုံအောင်ကျိန်ပြရမလားဗျာ"

"အို... ဘာဆိုင်လို့လဲ"

အရှက်သည်းသွားတာမို့ လရောင်အသံလေးက မထင်မှတ်ပဲ ခပ်ဆတ်ဆတ်လေး ဖြစ်သွားရတော့တာ။

အဲဒီအချိန်မှာပဲ ကြီးမူရဲ့ မျက်နှာဖောင်းဖောင်းကြီးကို

မီးဖိုခန်းပြတင်းပေါက်ကနေ လှမ်းမြင်ရသည်။

ဒီတော့မှ မေမေတွေ့သွားမှာ ကိုကိုနဲ့ စကားပြောတဲ့ ကိစ္စ မေမေသိသွားမှာကို စိုးရိမ်စိတ်လွန်ကဲပြီး လရောင်က ကိုကို့ရှေ့ကနေ လှစ်ခနဲ ပြေးထွက်လာခဲ့မိသွားတော့သည်။

"ညီမလေး..."

ကိုကိုက စိုးရိမ်တကြီး လှမ်းတားသည်။ ကြောက်စိတ် ဝင်သွားတာရော ရှက်ရွံ့သွားတာရောကြောင့် လရောင်က နောက်လှည့်မကြည့်မိတော့ပါ။

ကိုယ့်အခန်း ကိုယ်ပြန်ရောက်တော့မှ သက်ပြင်းလေး ချနိုင်တော့သည်။ ကိုကို့အကြည့်တွေနဲ့ ကိုကိုပြောတဲ့စကား တွေဟာ လရောင်အတွက် အချစ်တွေပေးမယ့် လက္ခဏာတွေ များလားလို့ တွေးရင်း လရောင်က အဝတ်တောင် မလဲနိုင်ဘဲ စိတ်လှုပ်ရှားမှုတွေနဲ့ အိပ်ရာပေါ် ပစ်လှဲလိုက်မိတော့တာ။

ကိုကို့ရဲ့လက်မောင်းကြီးကို အားကိုးတကြီး မှီတွယ် ဆုပ်ကိုင်ပြီး ကမ္ဘာအနှံ့ ခရီးဆန့်ပစ်ချင်စမ်းပါဘိ ကိုကိုရယ်...

လရောင်လေ...

လရောင် ကိုကို့ကို အရမ်းချစ်တယ်...

လရောင်က တစ်ယောက်တည်း တိုးတိုးလေးပြောပြီး ဖက်ခေါင်းအုံးကြီးကို ကိုကိုအမှတ်နဲ့ အရှူးအမူး နမ်းရှိုက်လိုက်မိတော့တာ။

မချစ်ဖူးသေးတော့လည်း အချစ်ရူးလေးပေါ့ ကိုကိုရယ်... နော်...

* * *

# အခန်း (၁၂)

သူ့အနားကနေ လရောင်လေးပြေးထွက်သွားတော့ ရင်ထဲမှာ လစ်ဟာပြီး ကျန်ရစ်ခဲ့ရတော့သည်။

စိတ်ဆိုးသွားတာလား ညီမလေးရယ်...

သူကလည်း စကားပြောတာ လောကြီးသွားတာကိုး...

ချက်ချင်းကြီး ရည်းစားစကား ပြောမိတော့မလိုကို သူ့စိတ်တွေ ယိုင်နဲ့သွားရတာပါ။

တစ်ခါမှ အခုလို စိတ်လွတ်ကိုယ်လွတ် မဖြစ်ဖူးသေးပါ။ အချစ်က သူ့ရဲ့ဆင်ခြင်တုံတရားတွေကို တိုက်စား ဝါးမျိုပစ်လိုက်ပြီ ထင်ပါရဲ့။

မိုးသောက်က ဦးတည်ရာမဲ့ ကူးခတ်နေတဲ့ ငါးကြင်း အရောင်စုံလေးတွေကို ငေးကြည့်ပြီး ဘာမှန်းမသိတဲ့ ဝေဒနာတွေနဲ့ ဖြစ်နေရလေတော့သည်။

လရောင်လေး သူ့ကို စိတ်ဆိုးသွားပြီဖြစ်မှာပါ။ တောင်းပန်ခွင့်တောင် မပေးဘဲ သူ့အနားကနေ ပြေးထွက်သွားတာ။

"အစ်ကိုကြီး ကော်ဖီသောက်ဖို့ ခေါ်ခိုင်းလိုက်ပါတယ်ရှင့်"

ဆယ့်သုံးလေးနှစ်အရွယ် ကောင်မလေးတစ်ယောက် ရောက်လာပြီး ရိုရိုသေသေလေး လာပြောသည်။

"ကောင်းပါပြီဗျာ အခုပဲ လာခဲ့ပါမယ်"

"ခွင့်ပြုပါရှင်"

ကောင်မလေးထွက်သွားတာနဲ့ မိုးသောက်က ရတနာစံအိမ်ကြီးထဲကို ပြန်ဝင်လာခဲ့လိုက်သည်။

အိမ်ကြီးက တိတ်ဆိတ်ငြိမ်သက်နေလေသည်။ လရောင်နဲ့အတူတူ မနက်စာစားရမှာပဲလို့ တွေးပြီး ထမင်းစားခန်းထဲကို ဝင်လိုက်ပေမဲ့ ခန့်ညားထည့်ဝါတဲ့ ထမင်းစားခန်းကြီး

ထဲက ဘဲဥပုံစားပွဲမှာ အန်ကယ်တစ်ယောက်တည်းပဲ ရှိနေတာကို တွေ့ရသည်။

အန်တီမေလည်း မရှိပါ။ လရောင်လေးလည်း မရှိပါ။ မိုးသောက်ရဲ့ ရင်ထဲမှာတော့ ထိတ်ခနဲ စိုးရိမ်မိသွားရလေတော့သည်။

"လာ... မောင်မိုးသောက်"

"ဂွတ်ဒ်မောနင်း... အန်ကယ်"

"မောနင်း... မောနင်း..."

"ငေးနေလို့လား မသိဘူး အန်ကယ်၊ ကိုယ့်မြေပေါ်က လကို ရှုရတာ အရသာအရှမ်းရှိတာပဲဗျာ"

"ဒီလိုပဲ နိုင်ငံရပ်ခြားက ပြန်ရောက်လာတဲ့သူတိုင်း ပြောကြတယ်ဗျာ"

"ကျွန်တော်လဲ သူများပြောတာကို ကြားဖူးပါတယ် အန်ကယ်၊ ဒီလိုပဲ နားထောင်လိုက်တာပါပဲ၊ ကိုယ်တိုင်ကြုံတွေ့ရတော့မှ အရှမ်းလေးနက်သွားတာ"

"မောင်မိုးသောက် ညက အိပ်ပျော်ရဲ့လား"

"နည်းနည်းအိပ်လို့ ရပါတယ် အန်ကယ်၊ နေ့နဲ့ည လွဲနေတယ်ဆိုတော့ တစ်ရက် နှစ်ရက်တော့ အလွဲတွေဖြစ်နေဦးမှာပါ၊ နောက်တော့လဲ နေသားကျသွားမှာပေါ့"

"အသားကျတဲ့အချိန်ကျတော့ မောင်ရင် ပြန်ရမယ့်အချိန် ဖြစ်ရော မဟုတ်လား... ဟား... ဟား..."

အန်ကယ်က နွေးနွေးထွေးထွေး ရင်းရင်းနှီးနှီးဆက်ဆံနေတာမို့ သူ့မှာ အတော်ပဲ နေသာထိုင်သာ ရှိသွားရတော့သည်။

အန်တီမေကတော့ မနေ့ညကတည်းက သူ့ကို ရောရောနှောနှော မရှိခဲ့တာ ဖြစ်သည်။

"မောင်မိုးသောက် သွားစရာ လာစရာရှိရင် သုံးဖို့ ကားတစ်စီးနဲ့ ဒရိုင်ဘာတစ်ယောက် ပေးထားမယ်နော်"

"ဟာ... ရပါတယ် အန်ကယ်၊ ကျွန်တော့်အတွက် အပင်ပန်းမခံပါနဲ့ဗျာ၊ ကျွန်တော် တက္ကစီနဲ့ပဲ သွားချင်ပါတယ်"

မိုးသောက်က ခပ်မြန်မြန်ငြင်းလိုက်မိသည်။

"အားနာလို့လား မောင်မိုးသောက်"

"မဟုတ်ပါဘူး အန်ကယ်၊ ကျွန်တော် တက္ကစီနဲ့ လျှောက်သွားချင်လို့ပါ၊ လိုအပ်တဲ့အခါ ကားယူသုံးပါ့မယ်"

"ဒါဆိုရင်လဲ မောင်ရင့်သဘောပဲလေ၊ အားနာစရာတော့ မရှိဘူးနော်၊ ကားရော… ဒရိုင်ဘာရော… အဆင်သင့်ရှိတယ်"

"ဟုတ်ကဲ့ခင်ဗျာ လိုအပ်ရင် ကျွန်တော် ယူသုံးပါ့မယ်"

ဒီလိုနဲ့ပဲ သူနဲ့ အန်ကယ်က စကားတပြောပြောနဲ့ ဘရိတ်ဖတ်စ်စားလို့ ပြီးသွားသည်။

အန်တီမေနဲ့ လရောင်ကိုတော့ မတွေ့ရသေးပါ။ သူ အပြင်သွားဖို့ အဝတ်အစားလဲလိုက်သည်။

အိမ်ကျယ်ကြီးထဲမှာ လရောင်ရဲ့အရိပ်ကို ဘယ်လိုရှာရမှန်း မသိတော့ပါ။ သူက သူစိမ်းလည်းဖြစ်ပြန် ဧည့်သည်လည်း ဖြစ်ပြန်ဆိုတော့ သူ့အတွက် ပေးထားတဲ့ အခန်းကလွဲပြီး တခြားနေရာတွေကို ကိစ္စမရှိဘဲ သွားရမှာ တွန့်ဆုတ်နေမိသည်။

အလုပ်သမားကောင်မလေးတွေကို မေးကြည့်ဖို့က လည်း ဘယ်လိုမှ မဖြစ်နိုင်ပါ။ အရမ်းရုပ်ပျက်နေလို့လည်း မဖြစ်သေး။ တစ်အိမ်တည်း နေတာပဲလေ တွေ့ရမှာပါလို့ စိတ်ကို ဖြေလျှော့လိုက်ပြီး သူက လူကြုံ စာကြုံ ပါးလိုက်တာတွေ တစ်ပွေ့တစ်ပိုက်နဲ့ ထွက်လာခဲ့လိုက်တော့သည်။

အဲဒီအချိန်မှာ လရောင်ကလည်း မေမေ ဆူနေတာကို ခေါင်းငုံ့ခံနေရတာပါ။

လရောင်အပေါ်မှာ မေမေ ဒေါသထွက်တာ ဒီတစ်ခါပဲ ကြုံဖူးသေးသည်။

မေမေ့မျက်နှာတစ်ပြင်လုံး ရဲရဲတောက်လို့ မေမေ့ နှုတ်ခမ်းတွေက တင်းတင်းစေ့ပိတ်ထားကြသည်။

"လရောင် အရင်က သမီးဟာ မေမေစကားကို အမြဲတမ်း မြေဝယ်မကျ နားထောင်ခဲ့တဲ့ သမီးလေးပါ၊ အခု ဘာဖြစ်လို့ မေမေ့စကားကို နားမထောင်ရတာလဲ၊ ဘာဖြစ်လို့ မေမေ မကြိုက်ဆုံးအလုပ်ကို လုပ်ရတာလဲ"

မေမေက အေးစက်တင်းမာတဲ့ အသံနဲ့ ပြောနေတော့

တာ။ လရောင်သာ ညာတတ်ရင် ခါတိုင်းလို လမ်းလျှောက် ရင်းနဲ့ ခြံထဲမှာတွေ့လို့ စကားတစ်ခွန်းနှစ်ခွန်း ပြောတာပါ လို့ ညာရင် ဖြစ်နိုင်သည်။

ဒါပေမဲ့ လရောင်က မညာတတ်ပါ။ ဒီတော့ မေမေ ဆူသမျှကို ငြိမ်သက်ခံနေရတော့သည်။

"မေမေပြောတာကို နားထောင်စမ်း လရောင်၊ အခုက စပြီး မိုးသောက်မပြန်မချင်း ခပ်ဝေးဝေးကတောင် လှမ်းရယ်ပြ စရာ မလိုဘူးနော်၊ စကားလက်ဆုံကျပြီး ရောနှောနေဖို့ဆို တာ စိတ်တောင်မကူးလေနဲ့၊ မေမေပြောတာကို နားမထောင် ရင် မေမေကတော့ အခန်းတံခါး ပိတ်ထားလိုက်မယ် သိလား"

ခေါင်းငုံ့ထားလျက် မျက်ရည်တွေ ပေါက်ခနဲ ပေါက်ခနဲ စီးကျလာကြတော့သည်။

"ကိုကိုရယ်..."

လို့ စိတ်ထဲကနေ တိုးဖွဖွလေး ညည်းညူမိတော့တာ။ စကားလေးပြောမိတာကိုတောင် မေမေက ဒီလောက်စိတ်ဆိုး နေတာဆိုတော့ ကိုကိုနဲ့ လရောင်သာ ချစ်ကြိုးသွယ်လိုက်

မိရင် မေမေ ဘာဖြစ်သွားမလဲဆိုတာ လရောင်ကိုယ်တိုင် မတွေးဝံ့တော့ပါ။

"မေမေ ဒီလောက်ပြောထားတဲ့ကြားထဲက သွားပြီး အရောဝင်တာ အရမ်းစိတ်ဆိုးတယ်"

"........."

လရောင်က နှုတ်ဆိတ်နေမိသည်။

"မမူ"

"လာပြီ မမလေး"

"လရောင်ကို အသေအချာကြည့်ထားနော်"

"ဟုတ်ကဲ့ပါ..."

"မနက်က ကိစ္စမျိုးထပ်ဖြစ်ရင် မမူလဲ အဝတ်ထုပ်သာ ပြင်ထားပေတော့"

ပြောပြီးတာနဲ့ မေမေက ထွက်သွားတော့သည်။

မေမေ မရှိတော့မှပဲ လရောင်က ရှိုက်ကြီးတငင် ငိုချပစ်လိုက်မိတော့တာ။

ငိုနေတဲ့ မေလရောင်လေးကို ကြည့်ပြီး ဒေါ်မူမူ အရမ်း

သနားမိသွားသလို မမလေးရဲ့မာန်တွေကိုလည်း ကြောက်လန့်သွားရတော့သည်။

တကယ်ဆိုရင် မောင်မိုးသောက်နဲ့ နှစ်ယောက်တည်း စကားပြောတာကို ဒီလောက်တောင်ဖြစ်ပျက်နေစရာတဲ့လား။ လူလူချင်းကို ဒီ့လောက်တောင်ပဲ အဆင့်အတန်း ခွဲခြားနေရသလား။

အခု မောင်မိုးသောက်ကလည်း ကလေကချေမှ မဟုတ်တာ။ ကလေးဘဝက နိမ့်ပါးခဲ့တာကိုပဲ မပြီးနိုင်အောင် အပြစ်ပြောနေတာ မလွန်ဘူးလား။ တစ်ခါမှ မဆူဖူးတဲ့ လရောင်လေးကိုလည်း ဆူလိုက်တာများ ကြောက်ဖို့တောင် ကောင်းနေတော့သည်။

"မငိုပါနဲ့ သမီးလေးရယ်... နောက် မေမေမကြိုက်တာကို မလုပ်နဲ့ပေါ့..."

"ကြီးကြီးမှူးရယ်..."

ချော့မှပဲ လရောင်လေးက ငိုငိုနေတော့တာ။ ဒေါ်မှူးမှူးက သိနေသည်။

ဒီကလေးမလေး မောင်မိုးသောက်ကို စိတ်ကစားနေတာပါ။

ဒီအရွယ်ကို ဒီလိုတင်းတင်းမာမာ ကိုင်တွယ်လို့ ရပ့်မလား။ ကလေးရဲ့ခံစားချက်ကိုလည်း နည်းနည်းပါးပါးထည့်တွက်ရမှာပေါ့။

"တိတ်... တိတ်... သမီး မငိုနဲ့..."

"လရောင် အဝေးကြီးကို လွတ်လွတ်လပ်လပ် ပျံသန်းချင်တယ် ကြီးမူရယ်၊ ရွှေလှောင်အိမ်ထဲမှာ မနေချင်တော့ပါဘူး"

"အို... မေမေနဲ့ ဖေဖေကြားရင် စိတ်မကောင်းဖြစ်လိမ့်မယ် လရောင်လေးရယ်... အဲဒီလို မပြောပါနဲ့၊ တကယ်တော့ သမီးရဲ့မေမေက သမီးလေးကို အရမ်းချစ်ပြီး ရွှေလိုဥထားတာပါကွယ်၊ လှောင်အိမ်ထဲမှာ ပိတ်လှောင်ထားတာမဟုတ်ပါဘူးကွယ်"

"လှောင်အိမ်မှ လှောင်အိမ်စစ်စစ်ပါ ကြီးမူရယ်... လရောင်ရဲ့သဘောနဲ့ ဘာတွေများလုပ်ရလို့လဲ၊ ဆံပင်ပုံစံက

အစ မေမေစီစဉ်ပေးတဲ့အတိုင်းပဲ ထားရတယ်၊ ဘယ်သွားသွား မေမေနဲ့ပဲ သွားရတယ်၊ ဒါ လရောင်ကို အကျယ်ချုပ်ထားတာပေါ့၊ အခု ပိုဆိုးနေပြန်ပြီ ကြီးမူ... ကိုကိုနဲ့ စကားပြောမိတာ ရာဇဝတ်မှုလားဟင်... လရောင်က ကိုကို့ကို အရောမဝင်ဘဲ ခပ်တည်တည်နေရအောင် ကိုကိုက ဘာမို့လို့လဲ... လရောင်ကရော ဘာမို့လို့လဲ..."

"ရှူး..."

ဒေါ်မူမူက ခပ်မြန်မြန်ပဲ တားမြစ်လိုက်ရသည်။ တော်ကြာ မမလေးကြားသွားရင် အခက်။ မမလေးက လရောင်ကို စိတ်ဆိုးမှာ မဟုတ်၊ ဒေါ်မူ့ကိုပဲ မြှောက်ပေးနေတယ်ဲ့ စွပ်စွဲပြီး စိတ်ဆိုးမှာ ဖြစ်သည်။

အခုလည်း ဒေါ်မူမူ့ကိုပါ ဆူပူတာဖြစ်သည်။ တကယ်ဆို ဒေါ်မေမေခင် လရောင်နဲ့ မောင်မိုးသောက် စကားပြောနေတာကို တွေ့ဖို့အကြောင်း မရှိပါ။

ဒီနေ့မှပဲ စောစောစီးစီး မီးဖိုခန်းထဲကို ဆင်းလာပြီး မောင်မိုးသောက်တစ်ယောက်တည်းကို သီးသန့်ထမင်းကျွေးဖို့

လာပြောတာပါ။

ဒေါ်မေမေခင် လာတဲ့အချိန်မှာ ဒေါ်မူကလည်း လိုက်ကာနောက်ကနေ လရောင်လေးတို့နှစ်ယောက် စကားပြောနေတာကို ချောင်းကြည့်နေတဲ့အချိန် ဖြစ်နေတာမို့ ဒေါ်မေမေခင်ကိုယ်တိုင် တွေ့သွားတာဖြစ်သည်။

ဒါကြောင့် မြင်ရက်နဲ့ ပြန်မခေါ်ဘဲ နေရပ့်မလား ဆိုပြီး ဒေါ်မူ့ကိုလည်း ရစရာမရှိဘဲ ဆူပူပြောဆိုတော့တာပါ။

"ပြောပါဦး ကြီးမူရယ်၊ ကိုကိုက နူနေလို့လား… သူခိုးမို့လို့လား… လူဆိုးလူမိုက်ဖြစ်နေလို့ လရောင်က ဝေးဝေးကရှောင်ရမှာလား…"

"ထားလိုက်ပါတော့ သမီးရယ်၊ သမီးမေမေအကြောင်းကို သမီးလဲ သိသားနဲ့ကွယ်၊ မမလေးက မျိုးရိုးဂုဏ်မြင့်တော့တော်ရုံတန်ရုံလူတွေနဲ့ ရောရောနှောနှောနေဖို့ ဝန်လေးတာပေါ့ကွယ်"

"အလကား ပါ ကြီးမူရယ်… အဲဒီချမ်းသာတာတွေမျိုးရိုးဂုဏ်ဆိုတာတွေက လူတစ်ယောက်ကို ပျော်အောင်

လုပ်ပေးနိုင်လို့လား၊ အရေးကြီးတာက နှလုံးသားရဲ့ခံစား ချက်ပဲ ကြီးမူ၊ လရောင်ကတော့ မေမေ အမိန့်အတိုင်း မနေ နိုင်တော့ဘူး၊ လရောင် စက်ရုပ်မဟုတ်ဘူးလေ..."

"အို... ဘုရားရေ... မမလေးကြားရင်တော့ ဒုက္ခပါပဲ"

ကြီးမူက မျက်စိမျက်နှာပျက်ပြီး ပြောနေတော့တာ။

လရောင်ကတော့ မေမေ့ကို မကျေနပ်ဖြစ်နေတဲ့ စိတ် ကလေးနဲ့ ရင်ထဲကအကြောင်းတွေကို ပြောနေမိတော့သည်။

"လရောင်က အရုပ်မဟုတ်ဘူး ကြီးမူ၊ ထားရာမှာ ငြိမ်ငြိမ်သက်သက်နဲ့ မလှုပ်မယှက်နေရအောင် လရောင်က အရုပ်မှ မဟုတ်တာ၊ ပြီးတော့ လရောင်ဆီမှာ ကိုယ်ပိုင်အတွေး အခေါ် ရှိတယ်၊ ကိုယ်ပိုင်နှလုံးသား ရှိတယ်၊ ကိုယ်ပိုင်ခံစား ချက်လဲ ရှိတယ်၊ မေမေမုန်းခိုင်းတဲ့သူကို မုန်းရမယ်၊ မေမေ ချစ်ခိုင်းတဲ့သူကိုမှ ချစ်ရမယ်ဆိုတာဟာ လရောင်ရဲ့အခွင့် အရေးကို ပိတ်ပင်တားမြစ်တာပဲ ကြီးကြီးမူ"

"စိတ်လျှော့ပါ သမီးလေးရယ်... ကြီးမူ နားလည် ပါတယ်၊ လာ... လာ... ရေချိုးလိုက်တော့နော်"

"လရောင်ကတော့ လရောင် မမှားဘူးလို့ ယုံကြည်တယ် ကြီးမူရယ်..."

"ဟုတ်ပါတယ် သမီးရယ်... သမီးဘက်က ကြည့်ရင်လဲ မမှားပါဘူး၊ သမီးမေမေအနေနဲ့ကျတော့လဲ မဖြစ်သင့်တာ မဖြစ်ရအောင် ကြိုတင်ကာကွယ်တာလေ၊ သူလဲ မမှားဘူးပေါ့"

"မဖြစ်သင့်တာ... ဟုတ်လား"

လရောင်မေးတော့ ကြီးမူက ခပ်မြန်မြန် ခေါင်းညိတ်ပြပြီး အဖြေပေးသည်။

"ဟုတ်တယ်လေကွယ်၊ မောင်မိုးသောက်လို အောက်တန်းစားလေးတစ်ယောက်နဲ့..."

"အို... တော်ပါတော့..."

သည်းမခံနိုင်တော့တဲ့အတွက် လရောင်က အော်ပစ်လိုက်မိတော့တာ။

ကြည့်စမ်းပါဦး... ကြီးမူကလည်း မေမေ့လေသံအတိုင်းပါပဲလား။ ကိုကို့ကို အောက်တန်းစား လို့ ပြောလိုက်တဲ့အတွက်

လရောင်ရဲ့ နှလုံးသားနုနုလေးက နာကျင်သွားရလေတော့သည်။

ပြီးတော့ မေမေနဲ့ ကြီးကြီးမူကိုလဲ လရောင်က အကြီးအကျယ် စိတ်ပျက်မိသွားတော့သည်။

နောက်ပြီးတော့ လရောင်နှလုံးသားကလေးကလည်း ရဲဝံ့စွာနဲ့ ပြတ်သားသွားလေတော့သည်။

ဘယ်သူတွေ ဘာတွေပဲပြောပြော အတာ အဆီးတွေ ဘယ်လောက်ပဲများများ လရောင်ကတော့ ကိုကို့ကိုပဲ စွဲမြဲရူးနစ်စွာ ချစ်လိုက်ပါတော့မည်။

ကိုကိုရေ...

လရောင်တော့ ပြတ်သားလိုက်ပြီကွယ်...

အားလုံးနဲ့တိုက်ခိုက်ပြီ ကိုကို့ကိုပဲ ချစ်တော့မယ်...

လရောင် စိတ်ဆိုးသွားတာမို့ ကြီးကြီးမူက ပျာပျာသလဲချော့မော့တော့တာ။

"စိတ်မဆိုးပါနဲ့ လရောင်လေးရယ်... ကြီးမူက သမီးမေမေရဲ့အလုပ်သမားပါကွယ်၊ သမီးမေမေပေးတဲ့ လခငွေ

ကို ယူ... သမီးမေမေကျွေးတဲ့ ထမင်းကို စားနေရတာပါ၊ ဒီတော့ သမီးမေမေပြောတဲ့ စကားကိုပဲ ထောက်ခံရပါတယ်ကွယ်၊ ကြီးမှူကို နားလည်ပေးပါ သမီးရယ်..."

ဒီလိုဆိုတော့လည်း လရောင်က ကြီးကြီးမှူကို သနားမိသွားရပြန်သည်။ ကြီးမှူပြောတာလည်း မှန်နေတာပဲလေ။

"သမီးရယ်... တကယ်လို့သာ သမီးမေမေက ကြီးမှူကို ဒီကနေ မကျေနပ်လို့ မောင်းထုတ်ပစ်လိုက်ရင် ကြီးမှူ ဘယ်ကို သွားရမလဲကွယ်၊ ကြီးကောင်ကြီးမားအရွယ်ကိုရောက်မှ ခြေသလုံးအိမ်တိုင် ဖြစ်ရမှာပါ၊ ကြီးမှူကို သနားပါကွယ်"

"သနားတယ် ကြီးမှူရေ၊ ကြီးမှူကိုလဲ လရောင် အရမ်းသနားတယ်၊ လရောင်ကိုယ် လရောင်လဲ အရမ်း သနားတယ်"

"လရောင်လေးရယ်..."

"ရပြီ... ကြီးမှူ... ရပြီ... လရောင်တစ်ယောက်တည်းပဲ နေချင်တယ်"

ကြီးကြီးမှ ထွက်သွားတော့ လရောင်က ထပ်ငိုမိတော့ တာ။ လရောင်နှလုံးသားထဲမှာ ကိုကိုရှိနေပြီဆိုတာလည်း သေချာနေပါပြီ။

ကိုကို့နှလုံးသားထဲကို လရောင် ရောက်နေပြီဆိုတာကို လည်း လရောင်ဘာသာ သိနေသည်။

ဒါပေမဲ့ မေမေကလည်း လရောင်ကို ကိုကိုနဲ့ သဘော မတူဖို့က အရမ်းကို သေချာနေတာပါ။

ဒီတော့ လရောင်လုပ်ဖို့က နှစ်မျိုးပဲ ရှိသည်။

မေမေ့စကားကို နားထောင်မယ်ဆိုရင် လရောင်ရဲ့ နှလုံးသားကို ဥပေက္ခာပြုရပါလိမ့်မည်။

နှလုံးသားကို ဥပေက္ခာမပြုနိုင်ဘူး ဆိုရင်တော့ မေမေ့ စကားကို နားထောင်ဖို့ မဖြစ်နိုင်တော့ဘူးပေါ့။

လရောင် ဘာလုပ်ရမလဲ...

မြွေမသေ တုတ်မကျိုး ဆိုတာမျိုးတော့ မဖြစ်နိုင်ပါ။

မေမေက အရမ်းကြီးတင်းမာနေတာ ဖြစ်သည်။ လုံးဝ လျော့မှာ မဟုတ်ပါ။ လရောင်ကလည်း ကိုကို့ကို မချစ်ဘဲ

နေနိုင်မှာတဲ့လား…

ကြာရင်တော့ လရောင် ရှူးရတော့မယ် ထင်ပါရဲ့ ကွယ်…

ကိုကိုရေ…

ချစ်ခွင့်တောင်မရသေးဘဲ လရောင်တော့ အသည်းကွဲလု တဲတဲပါပဲကွယ်…

* * *

# အခန်း (၁၃)

"မေ ဘာဖြစ်နေတာလဲဗျာ မျက်နှာကလဲ ညိုလို့ ပါလား"

ဒေါ်မေမေခင်က ခင်ပွန်းသည်ကို ခပ်တင်းတင်းပဲ ပြန်ကြည့်ပစ်လိုက်သည်။ ရင်ထဲမှာ ဒေါသမုန်တိုင်းတွေက ထန်နေတုန်းပဲ ရှိသေးတာပါ။

သမီးကိုလည်း မကျေနပ် လင်သားကိုလည်း မကျေနပ် မိုးသောက်ကိုလည်း မကျေနပ်။

ဒါကြောင့် မကျေနပ်ချက်တွေကို ဖောက်ချပစ်လိုက် တော့တာ။

"ကျွန်မ ဘာဖြစ်နေတယ်ဆိုတာ ပြောပြရမှာပေါ့ ဟုတ် လား ကို"

"ပြောမှပဲ သိရတော့မှာပေါ့ဗျာ... အဟွန်း... ဟွန်း..."

"ကျွန်မစကားကို ဘယ်သူမှ အရေးမစိုက်တော့တဲ့ အတွက် ဟောဒီအိမ်ကြီးကနေ ကျွန်မ ထွက်သွားရတော့ မလားလို့ တွေးနေရပြီ သိရဲ့လား..."

"ဘာဖြစ်ရပြန်ပြီလဲ မေရယ်..."

မသိချင်ယောင်ဆောင်နေတဲ့ ခင်ပွန်းသည်ကို ဒေါ်မေမေ ခင်က စိတ်ပိုတိုရတော့တာ။

တကယ်ပါပဲ မိုးသောက်ဆိုတဲ့ အောက်တန်းစားက လာတဲ့ ကောင်လေးနဲ့ ခပ်မှန်မှန်နေကြပါလို့ အတန်တန် ပြောနေတဲ့ကြားထဲကပဲ သားအဖနှစ်ယောက်စလုံးက ဒေါ်မေ မေခင့်စကားကို ဆန့်ကျင်နေကြတာပါ။

သမီးကလည်း မနက်စောစောစီးစီး ခြံထဲမှာ မိုးသောက် နဲ့ စကားတွေပြောပြီး ပျော်ရွှင်နေသည်။

တစ်ခါ အဖေလုပ်တဲ့သူကလည်း မနက်စာကို မိုး သောက်နဲ့ အတူစားပြီး စကားတွေပြောလိုက် ရယ်လိုက် မောလိုက်နဲ့ လုပ်နေလိုက်တာများ ကိုယ်နဲ့ တန်းတူရည်ပဲ

လူတစ်ယောက် ကို ဆက်ဆံနေသလိုမျိုးပါ။

ဒါကြောင့်ပဲ ဒေါ်မေမေခင်က ဒေါသတွေ ထွက်နေရတာ ဖြစ်သည်။

"ဘာဖြစ်လို့လဲ မေရယ်..."

"ကို လုပ်တာ ကို မသိဘူးလား"

"ကို ဘာမှလဲ မလုပ်မိသေးပါလားဗျာ"

"ကို ဟိုကောင်လေးနဲ့ မနက်စာအတူတူစားပြီး အရောဝင်တယ်၊ ကို့သမီးကလဲ အဲဒီကောင်လေးနဲ့ သွားရောပြီး စကားတွေပြောတယ်၊ ကျွန်မ အတန်တန်တားနေတဲ့ကြားထဲကလေ..."

"ဩော်... မေရယ်..."

"ကျွန်မ အဲဒါမျိုး လုံးဝမကြိုက်ဘူး ကို၊ ကိုကိုယ်တိုင်က အဲဒီကောင်လေးကို ရောနေရင် ကျွန်မက သမီးကို ဘယ်လိုဟန့်ရတော့မလဲ"

"ဘာမှလဲ မဟုတ်ဘဲနဲ့ ဒီလောက်ကြီး စိုးရိမ်မနေ ပါနဲ့ကွာ၊ သမီးကိုလဲ အရမ်းမချုပ်ချယ်ပါနဲ့လို့ ပြောတယ်

မဟုတ်လား၊ အရမ်းဖိထားရင် ပေါက်ကွဲတတ်တယ်လို့...”

“အို... ကျွန်မမွေးထားတဲ့သမီးကို ကျွန်မ ပိုင်တယ်ကို... ကျွန်မ ကြိုက်သလို စီစဉ်မယ်၊ ချုပ်ချယ်သင့်တာမှန်သမျှ ချုပ်ချယ်မယ်၊ တားမြစ်သင့်တာမှန်သမျှ တားမြစ်မယ်ဒါပဲ”

ဦးဘိုဘိုက ဇနီးသည်ကို အတော်ပဲစိတ်ပျက်သွားမိတော့သည်။

ဆက်ပြောရင်လည်း စကားများရဖို့ပဲ ရှိတော့သည်။ ကြည်သာရွှင်ပျဖို့တော့ မရှိပါ။ စကားမပြောဘဲ လှည့်ထွက်သွားပြန်ရင်လည်း ပြဿနာက အေးရမည် မထင်ပါ။

စိတ်ကြီး မာနကြီးတဲ့ဇနီးသည်ကို ဦးဘိုဘိုကိုယ်တိုင် ဘယ်လိုဆုံးမ သွန်သင်ရမှန်း မသိတော့ပါ။

တကယ်တော့လည်း မာနကြီးလောက်တဲ့ ဘဝပေးအနေအထားတွေကြောင့် မာနတွေ ထောင်လွှားနေတာပါ။

ဒေါ်မေမေခင်က မျိုးရိုးမာန် အလှမာန် ဓနမာန် ပညာတတ်ဆိုတဲ့မာန်တွေနဲ့ နှစ်ပေါင်းများစွာ ထောင်လွှားလာ

တာဆိုတော့ အခုမှ ဘရိတ်အုပ်ဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မှာ တဲ့လဲ။

ဒီအတိုင်းနေရင်သာ မသိသာပေမဲ့ အကြောင်းတိုက် ဆိုင်တိုင်း မာနတွေက ဇာတိပြလာတတ်ကြသည်။

အခုလည်း ဦးဘိုဘိုကတော့ သမီးလေးကိုပဲ သနားမိ သည်။ သမီးအတွက် ဘာလုပ်ပေးရမလဲ ဆိုတာကိုပဲ တွေး နေမိသည်။

"ဒီမှာ ကို့ကိုလဲ ပြောရဦးမယ်၊ မိုးသောက်ကို အရမ်း မရောနဲ့ ကို"

"မဟုတ်သေးပါဘူး မေရယ်၊ လူလူချင်းကို ဘာဖြစ်လို့ မေ ခွဲခြားချင်နေရတာလဲဗျာ၊ ပြီးတော့ မောင်မိုးသောက်က မေ့ကိုကိုကြီးရဲ့မွေးစားသားလေကွာ၊ ကိုကတော့ လူလူချင်း ကို ခပ်တည်တည်ကြီး မနေတတ်ဘူး မေ၊ မင်း အစကတည်း က သဘောမကျဘူးဆိုရင် ဘယ်သူ့မျက်နှာကိုမှ ထောက်ထား မနေဘဲ အိမ်မှာ သူ့ကို လက်မခံနိုင်ပါဘူးလို့ ပြတ်ပြတ်သား သား ငြင်းပစ်လိုက်ပေါ့ကွာ"

ပြောရင်း ပြောရင်းနဲ့ ဦးဘိုဘိုက စိတ်တိုလာရတော့သည်။

ဘယ့်နှယ်ကြောင့်များ အသက်လေးဆယ်ကျော် ငါးဆယ်နားကပ်မှ ပိုပြီး သဘောထားတွေ မကြီးနိုင်ဘဲ မာနတွေ ခေါင်ခိုက်နေရတာလဲ။

"ငြင်းရင် ကျွန်မကို ကိုကိုကြီး စိတ်ကွက်သွားမှာပေါ့ ကိုရဲ့၊ လွန်ခဲ့တဲ့နှစ်အစိတ်လောက်ကလို အဖြစ်မျိုး ကျွန်မ ထပ်အဖြစ်မခံနိုင်တော့ဘူး ကို၊ ကိုကြီးနဲ့ ချစ်ချစ်ခင်ခင်ပဲ ပြန်ဖြစ်ချင်တယ်၊ ဒါကြောင့် မိုးသောက်ကို လက်ခံတာ၊ ကျေနပ်လို့ ကြည်ဖြူလို့ မဟုတ်ဘူး ကို၊ သူ့ဘာသာသူ ဘယ်တက္ကသိုလ်က ဘွဲ့တွေပဲ ရထားစမ်းပါစေ၊ သူ ဘယ်လိုအတန်းအစားဆိုတာကို ကျွန်မ မေ့ထားလို့ မရဘူး၊ သူ့ကြောင့် ကျွန်မတို့မိသားစု ကွဲခဲ့ရတာကိုလဲ မမေ့ဘူး"

"မင်းတို့မိသားစုကွဲတာ မင်းတို့ရဲ့မာနနဲ့ အတ္တကြောင့်ပါကွာ၊ မဆိုင်တဲ့ကလေးကို ဆွဲထည့်မနေပါနဲ့၊ မင်းတို့ဆီမှာသာ မေတ္တာတရားရှိခဲ့ရင် ဒီလိုမျိုးကွဲသွားမှာတဲ့လား"

စိတ်တိုတိုနဲ့မို့ ဦးဘိုဘိုက အမှန်တရားကို ပြောချပစ်လိုက်တော့သည်။

ဒီတော့ ဓနီးသည်ကလည်း ဆတ်ဆတ်ခါအောင် နာတော့သည်။

"ကိုပြောပုံက ကျွန်မတို့မိသားစုကပဲ မေတ္တာတရားခေါင်းပါးလွန်းတဲ့ပုံစံမျိုး ဖြစ်နေပါလား ဟင်... ကျွန်မနေရာမှာ ကိုဆိုရင်ရော... လမ်းဘေးက ကလေးတစ်ယောက်ကိုမွေးစားတာ လက်ခံနိုင်မှာလား ပြော..."

"လက်ခံနိုင်တယ် မေ... လူဟာ လူပဲကွ၊ လူလူချင်းမတူမတန်ဘူးဆိုတာ မရှိဘူး၊ တစ်ခါတည်းပြောလိုက်မယ်... မင်း ကိုယ့်ကို ဘယ်သူနဲ့မရောနဲ့... ဘယ်လိုနေပါ... ဘာညာနဲ့ ချုပ်ချယ်စရာမလိုဘူး မေ... ကိုယ် ကလေးမဟုတ်ဘူး"

"ရတယ်လေ... ရတာပေါ့... ရှင့်ဘာသာရှင် ကြိုက်သလိုနေ... ကြိုက်တာလုပ် ဟုတ်လား၊ ကျွန်မတို့သားအမိပြင်ဦးလွင်ကအိမ်မှာ သွားနေမယ်... ဒါပဲ"

ပြောပြီး ဓနီးသည်က ထွက်သွားတော့တာ။ ဦးဘိုဘိုက

အလျော့မပေးဖို့ ဆုံးဖြတ်လိုက်သည်။

နေရာတကာ စကားနည်း ရန်စဲ ဆိုပြီးတော့ ခဏ ခဏ အလျော့ပေးနေတိုင်း မဖြစ်ပါ။ ပြီးတော့ သမီးရဲ့ဘကြီး နဲ့ ပွင့်ပွင့်လင်းလင်း စကားပြောကြည့်ဖို့လည်း စိတ်ကူးမိ ပြန်သည်။

ဒေါ်မေမေခင့်အစ်ကိုဦးမောင်မောင်နဲ့ ဦးဘိုဘိုက သမီး ယောက်ဖတော်ပေမဲ့ အရမ်းကြီးတော့ မရင်းနှီးပါ။ မရင်းနှီး ဆို အပြင်မှာ လူချင်းတောင် မတွေ့ဖူးပါ။

ဦးမောင်မောင်ခင် နိုင်ငံခြားထွက်သွားပြီးမှ ဦးဘိုဘိုနဲ့ ဒေါ်မေမေခင် လက်ထပ်ခဲ့ကြတာပါ။

ဦးဘိုဘိုတို့က ပညာတတ်မျိုးရိုးဖြစ်သည်။ ရာထူး ဂုဏ်ရှိန် ကြီးမားထည်ဝါသည်။ ဒေါ်မေမေခင်တို့လိုတော့ ကျီကျိတက် မချမ်းသာပါ။ မိဘချင်းသဘောတူပြီး စပ်ဟပ် ပေးလို့ နှစ်ဦးသားတွေ့ခဲ့ရတာဖြစ်ပေမဲ့ ရှေးရေစက်ကြောင့် ပဲလား မသိပါ။ မြင်မြင်ချင်းမှာပဲ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်စုံမက်သွားမိခဲ့တာ ဖြစ်သည်။

ဒါကြောင့်ပဲ လက်ထပ်ဖြစ်ခဲ့တာပါ။ အိမ်ထောင်သက်တမ်းတစ်လျှောက်လုံးမှာလည်း ဇနီးသည်ကို ချစ်လို့ အစွမ်းကုန်ပဲ အလိုလိုက်ထားခဲ့မိသည်။ ဘာမဆို သူ့ဆန္ဒအတိုင်းပဲ နေခဲ့တာ ဖြစ်သည်။

သမီးလေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာလည်း ဇနီးသည်ရဲ့သဘောဆန္ဒအတိုင်း လွှတ်ထားပေးခဲ့တာပါ။

အခုတော့ ဦးဘိုဘို သဘာပေါက်လာပြီ။ ဇနီးသည်ရဲ့ အချစ်လွန်မှုတွေကြောင့် သမီးလေးရဲ့ဘဝ ဘယ်လောက်တောင် တုံးနေပြီလဲ။

အခု ဒီအတိုင်းလွှတ်ပေးထားလို့ မဖြစ်တော့ပါ။ သမီးလေးအတွက် စဉ်းစားရပါတော့မည်။

ဒါကြောင့်ပဲ ဦးဘိုဘိုက တမင်တင်းမာပြလိုက်တာပါ။

စိတ်ဆိုးသွားတဲ့ ဇနီးသည်ကို မချော့ဘဲ ဦးဘိုဘိုက ကုမ္ပဏီရုံးကို ထွက်လာခဲ့လိုက်တော့သည်။

* * *

# အခန်း (၁၄)

"အဝိုင်း"

"ရှင်… မမ"

"ခဏလာခဲ့ဦး"

"ဟုတ်ကဲ့"

အဝိုင်းက လရောင်ခေါ်လိုက်တာနဲ့ သုတ်သုတ်ပျာပျာ ပြေးလာတော့တာ။

အဝိုင်းကို လရောင် လိုအပ်တာခိုင်းဖို့နဲ့ စကားပြောဖော် ရအောင် ဆိုပြီး လရောင်အနားမှာပဲ အမြဲတမ်းထားထား ပေးတာ ဖြစ်သည်။

အဝိုင်းက လရောင်ရဲ့လူယုံတော်ဆိုရင်လည်း မမှားပါ။

အသက်ငယ်ပေမဲ့လို့ အဝိုင်းက သွက်လက်ချက်ချာသည်။ ပါးရည်နပ်ရည်ရှိသည်။ လရောင်အပေါ်မှာလည်း သစ္စာရှိသည်။

ဒါကြောင့် လရောင်က ကိုကိုနဲ့ ပတ်သက်တာတွေ သိရဖို့အတွက် အဝိုင်းကိုပဲ အားကိုးဖို့ စိတ်ကူးမိတာပါ။

"အဝိုင်းရောက်ပါပြီ မမ"

"အေး... လာ... လာ"

အဝိုင်းက လရောင်ရှေ့မှာ ကျုံ့ကျုံ့လေး လာထိုင်သည်။

"အဝိုင်း"

"ရှင်"

"ညီ့သည်အစ်ကိုကြီး ရှိနေလား"

"မရှိဘူး မမ... မမနဲ့ မေမေကြီးနဲ့ စကားများနေတဲ့ အချိန်ကပဲ အထုပ်တွေနဲ့ ထွက်သွားတာပါ"

အဝိုင်းရဲ့စကားကြောင့် လရောင်က ထိတ်ခနဲ ဖြစ်သွားရတော့သည်။

"ဟင် … အဝတ်အိတ်တွေနဲ့ အိမ်က အပြီးထွက်သွားတာလား … အဝိုင်ရယ် … ပြောပါဦး"

"မဟုတ်ဘူး မမ … အဝတ်အိတ်နဲ့ သွားတာ မဟုတ်ပါဘူး၊ ရိုးရိုးအထုပ်နဲ့ပါ"

ဒီတော့မှပဲ လရောင်က သက်ပြင်းချနိုင်တော့သည်။ မေမေ့စိတ်က အစိုးရတာ မဟုတ်ပါ။

တော်ကြာ ကိုကို့ကို မောင်းထုတ်မှဖြင့် အခက်နော်။ တစ်အိမ်တည်းနေရတာကမှ တွေ့ဖို့ အခွင့်အလမ်းရှိသေးသည်။ ကိုကိုသာ တခြားနေရာကိုရောက်သွားရင် တွေ့ရတော့မှာတဲ့လား။

မေမေကသာ မောင်းထုတ်ပစ်ခဲ့ရင် ကိုကိုကရော လရောင်ကို လှည့်ကြည့်တော့မှာတဲ့လား … လူတိုင်းဆီမှာ မာနရှိတယ်ဆိုတာ လရောင် သိတာပေါ့။

"မေမေရော …"

"ရှိတယ် မမ …"

"ကိုကိုနဲ့ မေမေနဲ့ စကားတွေ ဘာတွေများတာ တွေ့

မိလားဟင်… အဝိုင်း”

“ဟင့်အင်း မတွေ့မိပါဘူး”

“မမ…”

“ဟင်…”

“အဲဒီညှော်သည့် ဦးနဲ့ မမက သိပ်လိုက်တာပဲ သိလား”

“အို…”

ခါတိုင်းဆို အဝိုင်း ဒီလိုစကားမျိုးတွေပြောရင် လရောင်က ဆူနေကျဖြစ်သည်။ ခုတော့ လရောင် မဆူနိုင်တော့ပါ။ ရင်ထဲမှာလည်း ပီတိတွေနဲ့ သိမ့်ခနဲတောင် ခံစားလိုက်ရလေတော့တာ။

“အဟင်… တကယ်လား အဝိုင်းရဲ့…”

“တကယ်ပါ မမရယ်… အဝိုင်း မညာတတ်ပါဘူး၊ မမနဲ့ အဲဒီဦးက နှစ်ယောက်စလုံး အရမ်းချောတာနော်၊ မင်းသားနဲ့ မင်းသမီးကျနေတာပဲ”

“အဝိုင်းကတော့ မြှောက်ပေးနေပြန်ပါပြီ”

“တကယ်ပြောတာပါ မမရယ်၊ မနက်တုန်းက မမနဲ့

အဲဒီဦး ခြံထဲမှာ စကားပြောနေကြတာကို အဝိုင်း ငေးကြည့်နေတာပါ"

"ဟင်... အဝိုင်း တွေ့တယ်လား"

"တွေ့တာပေါ့ မမရဲ့၊ ဦးပုံစံက မမကို အရမ်းချစ်နေတာနော်"

"တကယ်လား အဝိုင်း"

အချစ်ကြောင့် ရူးနေမိတဲ့ လရောင်က အဝိုင်းပြောသမျှမှာ ရင်ခုန်နေမိတော့တာ။

"အဝိုင်း မညာပါဘူး မမရယ်"

လရောင်က အဝိုင်းကို သဘောကျနေမိတော့သည်။

"ဒီလိုစကားတွေကို မေမေတို့ ကြီးမူဟို့ရှေ့မှာ သွားမပြောမိစေနဲ့နော် အဝိုင်း၊ နင်လဲ လွယ်မှာ မဟုတ်ဘူး၊ ငါလဲ လွယ်မှာ မဟုတ်ဘူး"

"အဝိုင်းသိပါတယ် မမရဲ့၊ အဝိုင်း ဘယ်သူ့ကိုမှ မပြောပါဘူး၊ မေမေကြီးက အဝိုင်းကို မှာထားတယ်၊ မမနဲ့ အဲဒီဦး စကားပြောတာတွေ့ရင် တိုင်ပြောရမယ်တဲ့"

"ဟင်… ဒါဆို မနက်က အဝိုင်းတိုင်ပြောလိုက်တာလား"

"အဝိုင်း မတိုင်ပါဘူး မမရယ်၊ ဘုရားစူး အဝိုင်းက အဲဒီဦးနဲ့ မမကို အရမ်းသဘောတူတာပါ"

လရောင်က မဆူတော့ အဝိုင်းကလည်း နှုတ်သွက်အာသွက်နဲ့ ပြောနေတော့တာ။

လရောင်ကတော့ ကိုကို ဘယ်သွားတာလဲ ဆိုတာကိုပဲ တွေးနေမိပြီး ရင်ထဲမှာလဲ ဟာတာတာကြီး ခံစားနေမိတော့သည်။

ကိုကို့အချစ်ကို လိုချင်တဲ့ ဆန္ဒတွေကလဲ လရောင် ရင်ထဲမှာ အပြည့်အသိပ်။ လရောင်က ကိုကိုနဲ့ ဝေးသွားရမှာကိုလည်း မတွေးရဲအောင်ကို ကြောက်လန့်နေမိတာပါ။

ကိုကိုက တစ်လပဲ နေမှာတဲ့။ တစ်လဆိုတဲ့အချိန်ကလေးက ဘယ်လောက်များကြာလို့လဲနော်။ ရက်စေ့လို့ ကိုကိုပြန်သွားခဲ့ရင် လရောင်တော့ ရင်ကွဲနာကျပြီး သေရလိမ့်မယ် ထင်ပါရဲ့ကွယ်။

တစ်လမပြည့်ခင်မှာ ဝေးသွားရရင်လဲ ပိုခံစားရမှာပါပဲ။ ဒါကြောင့် လရောင်က မေမေ့စကားကို အပြည့်အဝနားထောင်ချင်ယောင် ဆောင်ပေးနေဖို့ ဆုံးဖြတ်လိုက်သည်။

တစ်ဖက်ကလည်း ကိုကို့အချစ်ကို ရဖို့ လရောင် အစွမ်းကုန် ကြိုးစားရပါလိမ့်မည်။

အချစ်ကိုတွေ့မှပဲ ဆုံစည်းခွင့်ရတဲ့အချစ်ပဲ ဖြစ်စေချင်ပါတယ် ကိုကိုရယ်...

ကိုကို့အကြောင်းကို တွေးလိုက်...

ကိုကို့အချစ်တွေကို စိတ်ကူးယဉ်လိုက်နဲ့ လရောင်က တစ်ယောက်တည်း ငြိမ်သက်တိတ်ဆိတ်နေမိတော့တာ။

* * *

သိန်းမင်းစာပေ

# အခန်း (၁၅)

ကားမောင်းနေတဲ့ မိန်းမချောကလေးက စကားတွေ ဖောင်ဖွဲ့နေလေသည်။

"လိုက်မပို့ပါနဲ့ဗျာ" လို့ ပြောတဲ့ကြားထဲက အတင်းပဲ ညှို့ဝတ်တွေကျေချင်နေတဲ့ မိန်းမချောလေးကြောင့် မိုးသောက်မှာတော့ စိတ်ညစ်နေရပါပြီ။

"ကိုမိုးသောက်မပြန်ခင်မှာ ထမင်းစားဖိတ်ချင်ပါသေးတယ်ရှင်"

"ဟာ... ရပါတယ်၊ ကိုယ်က ခရီးတွေလျှောက်ထွက်မှာလေ၊ ဒုက္ခမရှာပါနဲ့"

"အဟင်း... ဟင်း... ဒုက္ခရှာတယ်လို့ မပြောပါနဲ့

ကိုမိုးသောက်ရယ် 'အိ'အစ်ကိုက စာပဲရေးရေး ဖုန်းပဲ ဆက်ဆက် ကိုမိုးသောက်အကြောင်း အမြဲထည့်ထည့်ပြော နေလို့ အိတို့တစ်မိသားစုလုံးက ကိုမိုးသောက်နဲ့ ရင်းနှီး နေပြီးသားပါနော် ဟင်း ဟင်း "

"ဟုတ်လားဗျာ"

"အိ အစ်ကိုက ကိုမိုးသောက်ကို အရမ်းခင်တာရှင့်၊ အခုတောင် ဖုန်းဆက်ပြီး သေသေချာချာ မှာနေသေးတာ၊ ကိုမိုးသောက်ကို ထမင်းဖိတ်ကျွေးပါ၊ ဘုရားဖူး လိုက်ပို့ပေးပါ နဲ့လေ"

မိုးသောက်က စိတ်ညစ်ပြီးရင်း ညစ်နေရတော့သည်။

'အိ'ဆိုတဲ့ မိန်းမချောလေးကလည်း ညို့ပြုံးလေး ပြုံး ပြီး စကားတွေ တတွတ်တွတ်ပြောနေတာမို့ ကားကိုလည်း ဖြည်းဖြည်းပဲ မောင်းနေတော့တာပါ။

ထကယ်တော့ သူမလေးအစ်ကိုနဲ့ မိုးသောက်က အရမ်း ကြီးလည်း မခင်မင်ပါ။ သူမလေးက အရမ်းကာရောဖော်ရွှေပြီး ပြောနေတော့ သူ့မှာ ရယ်ချင်စိတ်ပျက် ဖြစ်နေရတော့သည်။

"ကိုမိုးသောက် မနက်ဖြန်ခါ အားလား"

"ဗျာ... မအားဘူး"

"ဒါဆို ဘယ်နေ့အားမှာလဲဟင်၊ အိ လာခေါ်မယ်လေ၊ တစ်ယောက်တည်းဆိုတော့ ပျင်းနေမှာပေါ့၊ ဟိုတယ်က အစားအသောက်တွေကိုလဲ ဘယ်ကြာကြာ စားနိုင်မှာလဲနော်၊ အိတို့အိမ်မှာ လာစားရမယ် သိလာ"

မိုးသောက်ခေါင်းထဲမှာ အချက်ပြမီးတွေ လင်းလာတော့သည်။ အရှောင်အတိမ်းအတွက် အကွက်ချမှပဲ ရတော့မည်။

တည်းခိုတဲ့နေရာကို သိရင် ခဏခဏလာတော့မှာ သူမလေး လာတဲ့အတွက် လရောင်လေးက သူ့ကို အထင်မှားပြီး မုန်းသွားရင် အခက်။ အခုတောင် သူ့စိတ်တွေက မဖြောင့်နိုင်ဘဲ ဖြစ်နေရတာပါ။

မနက်က သူ့အနားကနေ လရောင်လေး ရုတ်တရက် ပြေးသွားတာရယ်။ မနက်စောစော ကော်ဖီသောက်တော့ လရောင်နဲ့ အန်တီမေပျောက်နေတာရယ် သူ ထွက်လာခါနီး

အန်တီမေကို နှုတ်ဆက်တော့ အန်တီမေက ဝတ်ကျေတန်းကျေပုံစံနဲ့ ခေါင်းညိတ်ပြတာရယ်တွေကြောင့် သူ့ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေရတာပါ။

ဒါကြောင့် သူက အိဆိုတဲ့ ကောင်မလေးနဲ့ လွတ်အောင် အရှောင်အတိမ်းကို အမြန်လုပ်လိုက်ရပြန်သည်။

"ကိုယ် လာခဲ့ပါဦးမယ်ဗျာ မပြန်ခင်မှာ ထမင်းစားဖြစ်အောင်လို့ လာစားပါ့မယ်၊ လောလောဆယ်တော့ အစီအစဉ်တွေများနေလို့ မအားသေးဘူးဗျာ အဟွန်း... ဟွန်း..."

"ကိုမိုးသောက် တကယ်လာခဲ့ရမယ်နော်၊ အိကို မညာရဘူးနော်"

"မညာပါဘူးဗျာ"

"အိကို အိခင်သလိုမျိုး ပြန်ခင်ရမယ်နော် ဒါပဲ"

"ခင်ပါတယ်ဗျာ"

"အခု အိ ဘယ်ကိုပို့ပေးရမလဲ"

မိုးသောက်က အိမ်အထိ မပို့စေချင်တာမို့ မိုးသောက်က လမ်းမှာပဲ ဆင်းနေခဲ့ဖို့ ဆုံးဖြတ်လိုက်သည်။

"အဲ... ကုန်သည်ကြီးများဟိုတယ်ကို ပို့ပေးပါ"

"ကိုမိုးသောက်က အဲဒီမှာတည်းတာလား"

"ဟုတ်... အဲ... သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ပါ"

"ဩော်... ဩော်... သူငယ်ချင်းက မိန်းကလေးလား ယောကျ်ားလေးလား"

"မိန်းကလေးဗျ အဟွန်း... ဟွန်း..."

သူက ဇွတ်မိုတ်ပြီး ညာလိုက်တော့မှပဲ သူမလေးက ဘရိတ်အုပ်သွားတော့သည်။

ခုမှ မျက်နှာလေးတည်ပြီး ငြိမ်သွားတော့သည်။ ကုန်သည်ကြီးများဟိုတယ်ရှေ့မှာ ကားရပ်ပေးတော့ သူက တမင်ပဲ လောကွတ်လုပ်လိုက်ပြန်သည်။

"တစ်ခုခုလိုက်စားပါလားဗျာ"

"ကိုယ့်ဂဲလ်ဖရင့်နဲ့လဲ မိတ်ဆက်ပေးရတာပေါ့"

"ဟာ... ရတယ်၊ အိ မအားလို့ပါနော်၊ အဟင်း... ဟင်း..."

"ကိုယ်အားတဲ့နေ့မှာ ထမင်းလာစားမယ်နော်"

"ဟုတ်၊ အားမှုပါ၊ တမင်တကာကြီးတော့ မစီစဉ်ပါ နဲ့ အဟင်း...ဟင်း အိ သွားမယ်နော်"

"ကျေးဇူးပါပဲဗျာ၊ အဟွန်း...ဟွန်း၊ ချက်ချင်းကြီး အချိုးပြောင်းပြီး ကားမောင်းပြေတော့တာမို့ မိုးသောက်က အရမ်းကို ရယ်ချင်သွားရတော့သည်။

တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မှပဲ သူ့မှာ အသက် ရှူ ချောင်သွားရတော့တာ"

"ဟာ... မလွယ်ပါလား"

ရန်ကုန်မြို့ရဲ့ လူစည်ကား၊ ကားတွေရှုပ်နေတဲ့ လမ်းမ ကြီးမှာ မိုးသောက်က တစ်ယောက်တည်း အူကြောင်ကြောင် ဖြစ်နေရသည်။

လရောင်လေးသာ သူ့အနားမှာ ရှိနေရင် ဘယ်လောက် ကောင်းလိုက်မလဲလို့ တွေးပြီး ချစ်မိသူလေးကို တမ်းတမိနေ တော့တာ။

တစ်ယောက်တည်း ကော်ဖီရှော့ပ်မှာ ဝင်ထိုင်ပြီး ရောက် တတ်ရာရာတွေ တွေးနေရင်းနဲ့ မိုးသောက်က ဒယ်ဒီကို

သတိရမိသည်။ ဒါနဲ့ပဲ ဒယ်ဒီ့ဆီ ဖုန်းဆက်ဖြစ်သွားတော့တာ။

"ဒယ်ဒီ ကျွန်တော်ပါ"

"ဟော... မင်း ဘယ်က ဖုန်းဆက်နေတာလဲ"

ဒယ်ဒီက တအံ့တသြမေးတာ ဖြစ်သည်။

"ကုန်သည်ကြီးများဟိုတယ်က ဆက်တာ ဒယ်ဒီ"

"ဟော... မင်း အဲဒီမှာ ပြောင်းနေတာလား"

"မဟုတ်ပါဘူး၊ ဒယ်ဒီကောင်ဖီသောက်ရင်း ဒယ်ဒီကို သတိရလို့ ဖုန်းဆက်တာ"

"ဘယ်သူနဲ့ ကော်ဖီသောက်နေတာလဲကွ"

"ကျွန်တော်တစ်ယောက်တည်း ဒယ်ဒီ"

"အဖော်မရှိဘူးလားကွ၊ ဒယ်ဒီ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း သား၊ မင်းနေရတာ အဆင်ပြေရဲ့လား"

မိုးသောက်က ခပ်တိုးတိုးပဲ ရယ်နေလိုက်မိသည်။

သူနဲ့ဒယ်ဒီနဲ့က သူငယ်ချင်းလို ပေါင်းကြတာပါ။ သူ့ဆီမှာ ဒယ်ဒီ့ကို လျှို့ဝှက်ထားတဲ့ကိစ္စ ဘာမှမရှိပါ။

မိန်းကလေးသူငယ်ချင်းကိစ္စက အစ ဒယ်ဒီ့ကို ပြောပြခဲ့တာ ချည်းပဲ ဖြစ်သည်။

အခုလည်း မေလရောင်လေးနဲ့ ပတ်သက်တဲ့ ခံစားချက်တွေကို သူက ရင်ဖွင့်မိချင်နေမိတော့တာ။

ဒါပေမဲ့ မေလရောင်လေးက ဒယ်ဒီရဲ့ တူမအရင်းခေါက်ခေါက်ဖြစ်နေတာမို့ သူမှာ ပြောချင်တဲ့စကားတွေလည်း ချောင်းဝမှာဆို နင်နေရတော့တာ။

ဒယ်ဒီကလည်း ပါးနပ်တဲ့သူဖြစ်တာမို့ သူ့ကို မေးတော့သည်။

"သား မင်းဆီမှာ ပြောစရာရှိနေတယ်မဟုတ်လား"

မိုးသောက်ကလည်း မညာတတ်၊ မကွယ်ဝှက်တတ်တာမို့ ဝန်ခံမိတော့သည်။

"ဟုတ်ကဲ့ ဒယ်ဒီ"

"ပြောစရာရှိ ပြောလေကွာ"

"ကျွန်တော်..."

သူက ဘယ်ကစပြောရမှန်း မသိဘဲ ဖြစ်နေရပြန်သည်။

"ပြောပါကွ၊ ဘာလဲ အန်တီမေက ဆက်ဆံရေး အရမ်းဆိုးနေလို့လား"

"အဲဒါပြဿနာမဟုတ်ပါဘူး ဒယ်ဒီ"

"ဘာလဲ သား၊ ဒါဆို အန်ကယ်ဘိုနဲ့ အဆင်မပြေတာလား"

"မဟုတ်ပါဘူး ဒယ်ဒီ၊ အန်ကယ်နဲ့လဲ အဆင်ပြေပါတယ်"

"ဘာလဲ၊ ဒါဆို မေလရောင်နဲ့ အဆင်မပြေတာလား"

မဖြစ်တော့ပါ၊ ပြောရတော့မည်။

"ဒီ...ဒီလိုပါ ဒယ်ဒီ၊ ကျွန်တော်...ကျွန်တော် မေလရောင်လေးကို စိတ်ဝင်စားမိနေလို့ပါ"

"ဟော..."

ပြောပြီးမှ မှားသွားပြီလားလို့ မိုးသောက်က တွေးနေမိပြန်သည်။ ဒယ်ဒီ သူ့ကို စိတ်ဆိုးသွားပြီလား မသိတော့ပါ။

တကယ်ဆိုရင် မေလရောင်လေးအပေါ်မှာ မောင်နှမရင်းချာလိုစိတ်မျိုးပဲ ထားသင့်တာပါ။ မေလရောင်လေးက

ဒယ်ဒီရဲ့ သွေးသားရင်းချာလေးပဲ မဟုတ်လား။

အခု သူ့စိတ်တွေက မရိုးမသား ဖြစ်နေရပြီ ဆိုတာ လာ သစ္စာမဲ့ရာရောက်နေလေမလား။

အတွေးနဲ့ စိတ်ထဲမှာ တင်းကျပ်လာတာမို့ သူ၏ ဒယ်ဒီကို ခပ်မြန်မြန်ပဲ တောင်းပန်လိုက်မိတော့သည်။

"ကျွန်တော်တောင်းပန်ပါတယ်... ဒယ်ဒီ တကယ်ဆို ကျွန်တော် မေလရောင်လေးကို ညီမအရင်းလေးလို သဘော ထားရမှာပါ။ ကျွန်တော့်ရဲ့ မရိုးသားမှုကို ခွင့်လွှတ်ပါ ဒယ်ဒီ၊ ကျွန်တော်..."

သူ့စကားမဆုံးခင်မှာပဲ ဒယ်ဒီက ကြားဖြတ်ဝင်ပြော သည်။

"ထားလိုက်စမ်းပါကွာ... သားနဲ့ မေလရောင်နဲ့က ဘာမှ မတော်ပါဘူး၊ ဘာမှမတော်တာကို မောင်နှမအရင်း လို သဘောမထားရကောင်းလားလို့ အပြစ်တင်စရာမရှိပါ ဘူး သားရာ၊ မင်း ကြိုက်ရင် မင်း ကြိုးစားပေါ့"

"ဟာ... တကယ်... တကယ်ပြောတာလား ဒယ်ဒီ"

"တကယ်ပေါ့ကွာ၊ တစ်ခုတော့ ရှိတယ်နော်၊ မင်း

အန်တီမေကတော့ လွယ်မှာမဟုတ်ဘူးကွ၊ ကဲ ကဲ ဒယ်ဒီအိပ်တော့မယ် ဒါပဲ”

ဒယ်ဒီ ဖုန်းချသွားတော့ သူ့မှာ ဝမ်းသာလုံးဆို့ပြီး ကျန်ရစ်ခဲ့ရတော့တာ။

ဘာပဲဖြစ်ဖြစ် ဒယ်ဒီဆီက ထောက်ခံမှုကို ရလိုက်တဲ့ အတွက် သူ့ဆီမှာ ခွန်အားတွေ ပြည့်ဝလာရတော့သည်။

မေလရောင်လေးကို သူ အမှန်တကယ် မြတ်မြတ်နိုးနိုး လေး ချစ်နေမိတာပါ။

သူ့အချစ်က သူမလေးရဲ့ ချမ်းသာကြွယ်ဝမှုတွေနဲ့ လည်း မဆိုင်ပါ။ အခုအချိန်မှာ သူကိုယ်တိုင်လည်း လူမွဲ မဟုတ်တော့တဲ့အတွက် ချမ်းသာကြွယ်ဝတာကို ငမ်းဖမ်းနေ စရာအကြောင်းမရှိပါ။ ဒါကြောင့် မိုးသောက်က သူ့အချစ် ကို သူလိပ်ပြာသန့်ပါသည်။

နောက်ဆုံးတော့ ဒယ်ဒီဆီကရတဲ့ အားပေးမှုတွေနဲ့ သူမလေးဆီက အချစ်တွေရအောင် ကြိုးစားဖို့ သူက ဆုံးဖြတ် လိုက်မိတော့သည်။

* * *

# အခန်း (၁၆)

"လရောင်"

"ရှင် မေမေ"

"ဒီတစ်ရက်နှစ်ရက်အတွင်းမှာ မေမေနဲ့ သမီးနဲ့ ပြင်ဦးလွင်ကို သွားမယ်"

"ဟင်"

လရောင်ကိုယ်လေးက ဆတ်ခနဲတောင် တုန်ခါသွားရတော့တာ။

စိုးရိမ်တကြီး ဖြစ်သွားမိပေမဲ့ လရောင်က ဘာမှမဖြစ်သလိုမျိုးလေး ကြိုးစားနေပြလိုက်ပြီး မေမေ့ကို ခပ်အေးအေးပဲ ပြန်မေးလိုက်တော့တာ။

"ဘာဖြစ်လို့လဲ မေမေ၊ ဒီအချိန်ဆို ပြင်ဦးလွင်မှာ မိုးတွေ အရမ်းရွာတတ်တဲ့ဟာ"

မေမေက လရောင်ကို အကဲခတ်နေတော့ လရောင်က မသိချင်ယောင်ဆောင်ပြီး နေပေးရပြန်သည်။

"ဒီမှာသမီးကို စိတ်မချလို့ပေါ့"

လရောင်က မျက်မှောင်လေးကုတ်ထားပြီး မှင်သေသေနှင့် ပြန်ပြောလိုက်သည်။

"မေမေကလဲ မဟုတ်တာ"

"ဘာမဟုတ်ရမှာလဲ၊ သမီးက မေမေ့စကားကို နားမထောင်ချင်တော့ဘူး မဟုတ်လား"

"မေမေရယ် လရောင်က မေမေ့စကားကို အမြဲတမ်းနားထောင်နေတာပါ။ မနက်က ကိုမိုးသောက်နဲ့ စကားပြောမိတာကလဲ လရောင်လမ်းလျှောက်ရင်း မျက်နှာချင်းဆိုင်တိုးမိလို့ပါ မေမေရယ်၊ တကယ်လို့ စကားလုံးဝမပြောဘဲလှည့်ထွက်သွားလိုက်ရင် လရောင်အရမ်းရိုင်းသွားမှာပေါ့။ လရောင်ကြောင့် မေမေတို့ ထိခိုက်မှာစိုးလို့ စကားနည်းနည်း

ပါးပါး ပြောတာပါ မေမေ”

မေမေတွေသွားတာကို တွေ့ရတော့ လရောင်က အားတက်လာမိတော့တာ။

“မေမေ ဦးလောက်ပြောထားတဲ့ကြားထဲက တမင်သွားရောတာမဟုတ်ပါဘူး။ မေမေက အရမ်းဆူတော့ လရောင် တကယ်စိတ်မကောင်းဘူး”

“မေမေကလဲ စိုးရိမ်တော့ ဆူမိပြောမိတာပေါ့ သမီးရယ်၊ မေမေ့ရင်ထဲမှာ ဘယ်လောက်ပူနေတယ် ထင်သလဲ၊ မိုးသောက်ဆိုတဲ့ အောက်တန်းစားကို သမီး အထင်ကြီးပြီး စိတ်ကစားလိုက်ရင် မေမေ ရင်ကျိုးရမှာ၊ မေမေကတော့ အဲဒီကောင်လေးကို မယုံဘူး သမီးရေ၊ သူ့ ငယ်ငယ်တုန်းက မေမေတို့တွေ သူ့ကို မကြည်ဖြူခဲ့တာ၊ အရောမဝင်ဘဲ ထားတာ၊ ပြောထားဆိုထားတာတွေကို မကျေနပ်လို့ လက်စားချေမှာပဲ စိတ်ပူတယ်၊ ဒါကြောင့် သမီးကို သူနဲ့ ဝေးဝေးမှာ နေခိုင်းတာပေါ့”

လရောင်က စိတ်မကောင်းဖြစ်မိပေမဲ့ အသာလေးပဲ

နားထောင်နေမိတော့တာ။ မေမေက ကိုကို့ကို အရမ်းကြီး အထင်သေးနေတာမို့ လရောင်ရင်ထဲမှာ မကောင်းပါ။

မေမေ ထင်သလိုမျိုး မဟုတ်ဘူးလို့ လရောင်ကတော့ အသေအချာ ယုံကြည်နေမိပါသည်။

ကိုကိုက ဒီလောက် နူးညံ့သိမ်မွေ့ပြီး လူကြီးလူကောင်း ဆန်နေတာ၊ ပြီးတော့ ကိုကို စိတ်ခတ်မကောင်းရင် ဘဘကြီးကရော ရတနာစံအိမ်ကြီးဆီ ကိုကို့ကို လွှတ်လိုက်မှာတဲ့လား နော်။

မေမေကိုယ်တိုင် လူတစ်ဖက်သားအပေါ်မှာ သံသယ စိတ်တွေများနေတာပါ။ လရောင်ကတော့ ကိုကို့ကို ယုံပါသည်။

"လရောင် သတိထားပါ့မယ် မေမေ"

လရောင်နဲ့ မေမေ စကားပြောနေတုန်းမှာပဲ ဖေဖေ ရောက်လာသည်။

အခန်းထဲကို ဖေဖေ ဝင်လာတာနဲ့ မေမေက ဆတ်ခနဲထပြီး ထွက်သွားလေတော့တာ ဒါ့ကို ကြည့်လိုက်တာ

နဲ့ ဖေဖေနဲ့မေမေတော့ ကတောက်ကဆတွေ ဖြစ်ထားကြပြီ ဆိုတာ လရောင်က အကဲခတ်မိသည်။

"ဖေဖေ"

"ဟေ"

"မေမေနဲ့ ဘာဖြစ်ထားလဲ"

"ထုံးစံအတိုင်းပေါ့ဗျာ"

ဦးဘိုဘိုက သမီးအနားမှာ ဝင်ထိုင်လိုက်သည်။ သမီးကို စကားတွေ အများကြီး ပြောချင်ပေမဲ့ ဘယ်က ဘယ်လို စပြောရမှန်း မသိသေးပါ။

သမီးကို ပြောမယ့်စကားတွေကို သူ့အမေကြားလို့လည်း မဖြစ်ပါ။ ကြားရင်တော့ မိုးမီးလောင်မှာ သေချာသည်။

"သမီးနဲ့ မေမေရော အဆင်ပြေသွားပြီလား၊ မနက်က စောစောစီးစီး အဆူခံထိတယ်ဆို"

ဦးဘိုဘိုက လေသံလေးလျော့ပြီး မေးလိုက်တော့ သမီးက မျက်နှာလေး ပျက်သွားသည်။

သူ့မေမေ ဆူသလိုပဲ ထပ်ပြီး အဆူခံရမှာကို ကြောက်နေတဲ့ပုံပါ။ ဒါကြောင့် ဦးဘိုဘိုက ပြုံးပြီး ထပ်ပြောလိုက်သည်။

"မောင်မိုးသောက်နဲ့ စကားပြောမိလို့ အဆူခံရတာ မဟုတ်လား။ သမီးမေမေ ဒေါ်မာနအိုးကတော့ ဒီလိုပဲ သမီးရေ၊ ဖေဖေ့ကိုလဲ မောင်မိုးသောက်နဲ့ အရောတဝင်နေလို့ ဆိုပြီး ရန်ရှာတာပဲ။ ဘာမှ စိတ်မကောင်း ဖြစ်မနေနဲ့ လူမှုရေးအရ ခေါ်ပြောဆက်ဆံစရာရှိရင် ဆက်ဆံရမှာပဲ။ လူကုံထံ ပညာတတ်တွေ လုပ်ပြီး စိတ်ဓာတ်သေးသိမ်လို့ ရပါ့မလား သမီးရယ်"

သမီးမျက်နှာလေးက ခုမှပဲ ကြည်လင်လာပြီး မျက်လုံးလေးတွေပါ တောက်ပလာတော့တာ၊ သမီးလေးကတော့ မောင်မိုးသောက်အပေါ်မှာ တွယ်ငြိနေတာ သေချာပါပြီ။ ဦးဘိုဘိုကလည်း တစ်ဦးတည်းသော သမီးလေးကို စိတ်ချမ်းသာနေတာပဲ ဖြစ်ချင်မိသည်။

အိမ့်ထဲမှာပဲနေ သူ့မေမေထားရာမှာနေ၊ စေရာကိုသွား၊

သူ့မေမေ စပ်ဟပ်ပေးစားတဲ့ ယောကျ်ားကိုယူ၊ အိမ်ကြီးထဲမှာပဲ စက်ရုပ်တစ်ရုပ်လို ရှင်သန်နေထိုင် အဲဒီလိုမျိုး ဖြစ်သွားမှာကို ဦးဘိုဘိုက အရမ်းစိုးရိမ်မိသည်။

ဒီလိုသာဆိုရင် သမီးရဲ့ဘဝလေးက သေဆုံးနေရတော့မှာပါ။

"ဖေဖေ"

"ဗျာ"

"ကိုမိုးသောက်ကို ဖေဖေ ဘယ်လိုမြင်လဲဟင်"

သမီးရဲ့အသံလေးက မရဲဝံ့လေး ဖြစ်နေသည်။

"မောင်မိုးသောက်ကိုလား၊ ဖေဖေကတော့ လူတော်လူကောင်းတစ်ယောက်လို့ မြင်တယ် သမီးရယ်၊ သမီးဘဘကြီး မွေးစားရကျိုးနပ်တဲ့ သားတစ်ယောက်ပေါ့။ သူ့ကို ကြည့်ရတာ အင်မတန် အေးဆေးတာပဲ"

"ဟို…မေမေကတော့ အဲဒီလို မမြင်ဘူး ဖေဖေ"

"ဟုတ်လား၊ သမီးမေမေက ဘယ်လိုမြင်လို့လဲဗျာ"

သမီးက တိတ်ဆိတ်နေပြန်သည်။ ဦးဘိုဘိုက သမီး

ပြောမည့်စကားကို နားထောင်နေပေးမိသည်။

"မေမေကပြောတယ်၊ ကိုမိုးသောက်က အောက်တန်းစားတဲ့၊ အထင်မကြီးနဲ့တဲ့၊ သူကလေးဘတုန်းက မေမေတို့မိသားစုဆက်ဆံခဲ့တာတွေကို လက်စားချေမှာတဲ့ ဖေဖေ"

"မဟုတ်တာ သမီးရယ်၊ မဖြစ်နိုင်ပါဘူး"

"လရောင်လဲ မယုံပါဘူး ဖေဖေ"

"ဒါပေမဲ့ မေမေက ပြောတယ်၊ လရောင်ကို ပြင်ဦးလွင်မှာ သွားထားမယ်တဲ့၊ ဒီမှာ စိတ်မချဘူးတဲ့၊ အဲဒါ...အဲဒါလရောင် ပြင်ဦးလွင်အိမ်မှာ သွားမနေချင်ဘူး ဖေဖေ"

သမီးအသံလေးက ငိုသံပါစွက်နေတာမို့ ဦးဘိုဘိုက အရမ်းသနားမိသွားတော့သည်။

"ဟာ...သမီးမသွားချင်ရင် မသွားရပါဘူး၊ ဘယ်နှယ်အဓိပ္ပာယ်မရှိတာ"

"ဖေဖေပြောပေးပါနော်"

"စိတ်ချသမီး ဖေဖေ ပြောပေးမယ်၊ သမီးမေမေရဲ့မာနနဲ့ သံသယတွေကတော့ စိတ်ပျက်စရာကောင်းနေပြီ

သမီးရေး၊ အဲဒီအစွဲတွေကို ချွတ်ပေးမှ ဖြစ်တော့မယ်"

"ဖေဖေ"

"ပြောလေ သမီး"

"လရောင်ကို ပြင်ဦးလွင် မပို့ပါနဲ့နော်"

"မပို့ဘူး၊ စိတ်ချ သမီးလေး"

သမီးကို ကတိပေးရင်း ဦးဘိုဘိုက ဆုံးဖြတ်လိုက်သည်။

သမီးဘဝလေးပျော်ရွှင်ဖို့ ဓနီးသည်နဲ့ တိုက်ပွဲဝင်ရပါတော့မည်။

* * *

# အခန်း (၁၇)

အိမ်ကျယ်ကြီးထဲမှာ မိုးသောက်က ယောင်ချာချာ။

လရောင်လေးကို မတွေ့ရတဲ့အတွက် သူ့ရင်ထဲမှာ ခံစားနေရပါပြီ။ လရောင်လေးကိုယ်တိုင်ကပဲ သူ့ကိုရှောင်နေတာလား။ ဒါမှမဟုတ် အန်တီမေနဲ့ အန်ကယ်ဘိုကပဲ ဖိအားတွေ ပေးနေတာလား။ မပြောတတ်တော့ပါ။

ထမင်းစားတော့လည်း သူနဲ့ အန်ကယ်ပဲ အတူတူစားရသည်။ အန်တီမေနဲ့ လရောင်လေးကို မတွေ့ရပါ။

သူက ဘာလုပ်ရမှန်းမသိဘဲ ယောင်ချာချာနဲ့ ဖြစ်နေရတော့တာ။

အန်တီမူကို ကြည့်ရတာလည်း သူ့ကို သတိထား ဆက်ဆံနေပုံရသည်။ တခြားကောင်မလေးတွေကလည်း သူ့အနားကို လာရင် လိုအပ်တာလောက်ပဲ ပြောပြီး ခပ်မြန်မြန် ပြန်ထွက်သွားကြတာချည်းပဲ ဖြစ်သည်။

ဒါကြောင့် လရောင်လေးနဲ့ ပတ်သက်တာကို မေးမြန်းချင်ပေမဲ့ မေးဖို့ အခွင့်အရေး သူ့ဆီမှာ ရှိမနေဘဲ ဖြစ်ရတော့သည်။

အဲ့ဒီအချိန်မှာ ဒေါ်မေမေခင်ကလည်း သူ့အကြံနဲ့သူ ဖြစ်သည်။ သမီးလေးကို ပြင်ဦးလွင်မှာ သွားထားဖို့ ခင်ပွန်းသည်က ခွင့်မပြုပါ။ ဒီတော့ ခရီးတစ်ခုခုထွက်ပြီး ရတနာစံအိမ်ကြီးကနေ ခဏလောက်ခွာနေဖို့ စဉ်းစားမိတော့တာ။

ဒါကြောင့် သမီးလေးကိုပဲ စည်းရုံးရတော့သည်။

"သမီးရေ မေမေတို့ ဘုရားဖူး ခရီးထွက်ရင် မကောင်းဘူးလား"

"မေမေ့သဘောပါ၊ သွားရင်တော့ ဖေဖေ့ကိုပါ ခေါ်မယ်နော်"

"သမီးဖေဖေ မအားရင်လဲ ထားခဲ့ပါကွယ်"

လရောင်က မေမေ ဘာတွေကြံစည်နေပြန်ပြီလဲလို့ သံသယအတွေးတွေ တွေးနေမိသည်။

"လူနည်းရင် မကောင်းဘူး မေမေ ပျင်းစရာကြီး..."

"စိတ်မပူပါနဲ့ သမီးရယ်၊ မေမေ့သူငယ်ချင်းတွေကိုပါ ခေါ်လိုက်မှာပေါ့"

"ဖေဖေ့ကိုပဲ ခေါ်ချင်တာ"

ကိုကို့ကိုပါ ခေါ်ရရင် ဘယ်လောက်ကောင်းမလဲလို့ လရောင်က တွေးနေမိသည်။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာတဲ့လဲ။ တစ်အိမ်ထဲမှာ အတူနေပြီးတော့တောင် ကိုကိုနဲ့ လရောင်က တွေ့ခွင့်မရှိဘဲ ဖြစ်နေရတာလေ။

ဒီနေ့တော့ ကိုကိုနဲ့ ရအောင်တွေ့ဖို့ လရောင်က ဆုံးဖြတ်ထားသည်။ ဒါကြောင့်ပဲ မေမေနဲ့အဆင်ပြေအောင် ပြောနေရတာပါ။

"မေမေ အန်တီကက်သရင်းရဲ့မွေးနေ့ကို သွားဖို့ သမီးလိုက်ခဲ့ပါလား"

သိန်းမင်းစာပေ

"ဒီနေ့ စာသင်ချိန်နှစ်ချိန်ကောင်း ရှိတယ် မေမေ"

"ဖျက်လိုက်ပေါ့ သမီးရယ် "

"လရောင် စာသိပ်မရလို့ မေမေ ဖျက်လို့မဖြစ်ဘူး"

အရင်ကလည်း လရောင်က ကျူရှင်ချိန်တွေကို ဖျက်တဲ့ အကျင့်မရှိခဲ့ပါ။ ဒီတော့ အခု လရောင်ငြင်းတာကို မေမေက သံသယဝင်ပုံ မရပါ။

လရောင်ကတော့ ပျော်လွန်းလို့ ရင်ထဲမှာ ကုလား ဘုရားပွဲလှည့်နေလေပြီ။ နှစ်ရက်လောက် လရောင်က အေး အေးဆေးဆေးနဲ့ ကိုကိုမိုးသောက်နဲ့ လုံးဝကင်းကင်းနေပြ ထားတာမို့ မေမေက လရောင်ကို နည်းနည်းတော့ယုံနေပြီ ဖြစ်သည်။

"အင်းလေ စာသင်တာ မဖျက်ချင်ရင်လဲ နေခဲ့ပါ။ ဘုရားဖူးဖို့ မေမေ တစ်ခါတည်း စီစဉ်လာခဲ့မယ်၊ မွေးနေ့ပွဲ မှာဆိုတော့ လူစုံတယ်လေကွယ်"

"ဟုတ်ကဲ့ မေမေ"

မေမေသွားဖို့အတွက် တစ်နာရီလောက် စောင့်လိုက် ရသေးသည်။

မေမေ မသွားခင်လေးမှာ ဆရာမရောက်လာသည်။ ဒါပေမဲ့ ကံကောင်းချင်တော့ အရေးကြီးကိစ္စ ပေါ်လာလို့ ဆရာမက စာသင်ချိန်ဖျက်ပြီး ပြန်သွားသည်။

ဒါကို မေမေကတော့ မသိလိုက်ပါ။ မီးဖိုခန်းထဲမှာ ဆရာဝင်လုပ်နေတဲ့ ကြီးကြီးမူလည်း မသိနိုင်။

လရောင်ကလည်း အခွင့်အရေးကို အမိအရအသုံးချပြီး ကိုကို့အခန်းတံခါးကို ခေါက်လိုက်တော့တာ။

"ဒေါက်... ဒေါက်"

တစ်ယောက်တည်း ယောင်ချာချာ ဖြစ်နေတုန်းမှာပဲ တံခါးခေါက်သံတိုးဖွဖွလေးကို ကြားလိုက်ရတာ ဖြစ်သည်။

မိုးသောက်က စိတ်မပါ လက်မပါဘဲ တံခါးထဖွင့်လိုက်တော့သည်။ တံခါးပွင့်သွားတာနဲ့ သူ့အခန်းရှေ့မှာ ရပ်နေတဲ့ အချစ်နတ်သမီးလေးကို တွေ့လိုက်ရတော့တာ။

"ဟာ..."

ဝမ်းသာအံ့သြလွန်းလို့ မိုးသောက်က ကြောင်ငေးသွားရတော့သည်။

"ညီမလေး…"

ခေါ်လိုက်မိတဲ့ သူ့အသံက လှိုက်လှဲတုန်ခါနေတော့တာ။ လရောင်လေးကလည်း မျက်ရည်ကြည်လေးတွေ ဝေ့သီနေတဲ့ မျက်ဝန်းလေးနဲ့ သူ့ကို ငေးကြည့်နေတော့သည်။

အဲဒီခဏမှာပဲ မိုးသောက်နဲ့ မေလရောင်က နှလုံးသားချင်းနားလည်မိသွားပြီး ဟန်ဆောင်ထိန်းချုပ်ထားတာတွေအားလုံး ကွာကျသွားရလေတော့သည်။

"ညီမလေးရယ်… လရောင်လေးရယ်… ကိုကို့ကိုတမင်ရှောင်နေတာလားဗျာ… ကိုယ့်မှာတော့ ရူးတော့မတတ်ပါပဲ။

"ကိုကိုရယ်…"

အင့်ခနဲ တစ်ချက်ရှိုက်ပြီး လရောင်လေးရဲ့ခန္ဓာကိုယ်လှလှလေးက သူ့ရင်ခွင်ထဲကို ယိုင်နဲ့လာတာမို့ မိုးသောက်က အလိုက်သင့်ထွေးပွေ့ထားလိုက်မိသည်။

"လရောင်လေးရယ်… ညီမလေးကို ကိုကို အရမ်းချစ်တယ်ဗျာ"

"ကိုကိုရယ်..."

မိုးသောက် ခြေတစ်လှမ်းဆုတ်လိုက်တာနဲ့ လရောင်လေးက သူ့အခန်းထဲကို ရောက်လာတော့သည်။

ထိန်းချုပ်ထားတဲ့ကြားထဲကပဲ များပြားလွန်းတဲ့အချစ်တွေက အုံကြွလာတာမို့ သူက ချစ်သူလေးရဲ့နှဖူး ဝင်းဝင်းမွတ်မွတ်လေးကို နမ်းရှိုက်လိုက်မိလေသည်။

"ကိုကိုရယ် မေမေ... မေမေကလေ အဟင့်... ဟင့်"

"မငိုပါနဲ့ အချစ်ရယ်... အန်တီမေက လရောင်လေးနဲ့ ကိုကို့ကို သဘောမတူဘူးမဟုတ်လား၊ ဒါပေမဲ့ စစ်မှန်တဲ့ချစ်ခြင်းကို ဘယ်သူမှ မဖျက်ဆီးနိုင်ပါဘူးဗျာ၊ ကိုကိုလေ ညီမလေးကို မြင်မြင်ချင်းမှာပဲ နက်နက်နဲနဲချစ်မိသွားခဲ့တာပါဗျာ"

"လရောင်... လရောင်လဲ ကိုကို့လိုပါပဲရှင်... အခု မေမေမရှိတုန်းမှာ အရဲစွန့်ပြီး ကိုကို့ဆီ လာခဲ့တာပါ၊ ကိုကို လရောင်ကို အထင်မသေးပါနဲ့နော်..."

ချစ်သူလေးကို မြတ်မြတ်နိုးနိုးထွေးပွေ့ထားပြီး သူက

ရင်ထဲက စကားတွေကို တတွတ်တွတ်နဲ့ ပြောနေတော့တာ။

"ဘာဖြစ်လို့ အထင်သေးရမှာလဲ ကလေးရယ်... ကိုကို့ အချစ်ကို ခံစားနားလည်ပေးတဲ့အတွက် ကျေးဇူးအရမ်းတင်ရပါတယ်ဗျာ၊ ကလေးကသာ ကိုကို့ကို အရေးမလုပ်ဘဲ စိမ်းကားပစ်လိုက်ရင် ကိုကို သေရမှာပါ အချစ်ရယ်..."

လရောင်က မရှက်နိုင်တော့ဘဲ ကိုကို့ရင်ခွင်ကျယ်ကြီးထဲကို ခေါင်းတိုးဝင်မိသွားတော့တာ။

အရမ်းချစ်ရပါလား... ကိုကိုရယ်...

မမျှော်လင့်ထားဘဲ ပွင့်ပွင့်လင်းလင်း ချစ်သူဘဝကို ချက်ချင်းရောက်သွားရတဲ့အတွက် လရောင်က ပျော်ရွှင်ရင်ဖိုနေမိတော့တာ။

အချစ်ကပေးလာတဲ့ ခွန်အားသတ္တိတွေနဲ့ ရဲရင့်ချင်နေမိတော့သည်။ ကိုကိုနဲ့ ချစ်သူဖြစ်ခွင့်ရတာဟာ လရောင်အတွက်တော့ ကံကောင်းခြင်းပါပဲရှင်။

ပြီးတော့ လရောင်က ကိုကို့ရင်ခွင်ထဲမှာ မှီတွယ်ပြီး ကိုကို့ကို အားကိုးတကြီးနဲ့ တိုင်တည်မိသွားတော့သည်။

"ကိုကိုရယ် မေမေကလေ လရောင်ကို ပြင်ဦးလွင်အိမ်မှာ သွားပို့ထားမယ်တဲ့၊ လရောင်... လရောင် အရမ်းစိတ်ညစ်တာပဲ ကိုကိုရယ်... လရောင်ကို ဟောဒီအိမ်ကြီးထဲကနေ ကိုကို ခေါ်ထုတ်သွားပေးပါနော်..."

လရောင်ရဲ့ပါးပြင်နုနုပေါ်က မျက်ရည်တွေကို အနမ်းနဲ့တို့သုတ်ဖယ်ရှားပေးပြီး ကိုကိုက အားပေးသည်။

"မငိုပါနဲ့ ကလေးရယ်... စိတ်ချ လရောင်ကို လွတ်လပ်စွာပျံသန်းခွင့်တွေရအောင် ကိုကို ကြိုးစားပေးမှာပါ"

"မေမေက... မေမေက မလွယ်ဘူး ကိုကိုရယ်..."

"ဒါကတော့ အချစ်ရယ်... အန်တီမေ့ကို ကိုကို နားလည်ပါတယ်၊ တင်းမာနေတဲ့ အန်တီမေရဲ့သဘောထားတွေပြောင်းလဲလာအောင် ကိုကိုတို့ ကြိုးစားရမှာပေါ့ဗျာ... နော်"

ကိုကိုပြောတာကို နားထောင်နေရပေမဲ့ မေမေ့သဘောထားကို ပြောင်းလဲအောင်လုပ်ဖို့ မရနိုင်ဘူး ဆိုတာကို လရောင်က အသိဆုံးပါ။

ဒါပေမဲ့ ကိုကိုစိတ်ညစ်သွားမှာစိုးတာမို့ လရောင်က

ကိုကိုပြောသမျှကိုပဲ နားထောင်နေမိတော့တာ။

"အခု ကိုကိုနဲ့ ကလေးက ချစ်သူတွေဖြစ်သွားပြီနော်၊ ကိုကို ကလေးကို အရမ်းချစ်တယ်၊ ကလေးရော ကိုကို့ကို ချစ်တယ်မဟုတ်လားဗျာ"

"ချစ်တာပေါ့ ကိုကိုရယ်... လရောင်ဘဝမှာ အချစ်ဆိုတာကို ခုမှ ခံစားဖူးတာပါ၊ ကိုကို့ကို တွေ့လိုက်ရမှပဲ အချစ်ဆိုတာကို သိလိုက်ရတာ"

"ကိုကိုလဲ ဒီလိုပါပဲဗျာ..."

ပြောရင်းနဲ့ ကိုကိုက လရောင်ရဲ့မျက်နှာလှလှလေးပေါ်ကို အနမ်းနုနုလေးတွေ ခြွေချပေးနေတော့တာ။

ကိုကို့ရဲ့ရင်ငွေ့ ကိုကိုရဲ့အထိအတွေ့နဲ့ ကိုကိုပေးတဲ့ ကြင်နာခြင်းတွေက လရောင်အတွက်တော့ ထူးခြားဆန်းသစ်တဲ့အရာတွေပါပဲကွယ်...

ကိုကို့အနမ်းတွေကို ခံယူနေရတဲ့အချိန်မှာ လရောင်က အရာရာကို မေ့လျော့နေမိတော့တာ။

ကိုကို့ရဲ့ရင်ခွင်ကျယ်ကြီးက လရောင်အတွက် နွေးထွေး

ငြိမ်းချမ်းပြီး လှူ့ဝှက်ဆန်းကြယ်လွန်းလှပါတယ် ကိုကိုရယ်... လို့ လရောင်က စိတ်ထဲကနေပဲ ပြောနေမိတော့တာပါ။

"ညီမလေး..."

"ရှင်... ကိုကို"

"ခြံထဲမှာ စကားဆင်းပြောရအောင်နော်..."

အချစ်တွေနဲ့ လှုပ်ရှားဆူဝေလာတာမို့ သက်ပြင်းခိုးချပြီး မိုးသောက်က ပြောလိုက်ရတာဖြစ်သည်။

အချစ်တွေကို ဘယ်လိုလုပ်ပြီး ကြာကြာထိန်းချုပ်ထားနိုင်မှာတဲ့လဲ ချစ်သူလေးရဲ့ ဆွဲငင်အားဟာ ပြင်းထန်လွန်းလှပါသည်။

ဒါကြောင့် ဆိတ်ကွယ်ရာလို ဖြစ်နေတဲ့ သူ့အခန်းထဲမှာ နှစ်ယောက်နေနေရတာကို မိုးသောက်က အလန့်တကြားဖြစ်လာရတော့တာ။ ဒါကြောင့်ပဲ ခြံထဲမှာ စကားဆင်းပြောဖို့ ပြောမိသွားတာပါ။

"ဟာ... မဖြစ်ဘူး ကိုဂို အိမ်မှာ မေမေ မရှိပေမဲ့ မေမေ့လူယုံတွေက အများကြီးရယ်၊ မေမေသိသွားရင် လရောင်

နဲ့ ကိုကို ချက်ချင်းဝေးသွားရမှာ မဖြစ်ဘူး...”

ချစ်သူလေးက ထိတ်ထိတ်လန့်လန့်လေး ပြောပြီး သူ့ကို ခပ်တင်းတင်းလေးဖက်တွယ်ထားတာမို့ သူ့ရင်ထဲမှာ ဘောင်ဘင်ခတ်ရတော့သည်။

“စကားတောင် မပြောခိုင်းဘူးလားဗျာ”

“ဟုတ်တယ် ကိုကိုရယ်... ဒါကြောင့် လရောင်ကတော့ အနာဂတ်အတွက် ဘယ်လိုမှ စိတ်မအေးနိုင်ပါဘူး၊ လရောင်နဲ့ ကိုကို ဝေးများဝေးသွားမလားပဲနော်”

ချစ်သူလေးနည်းတူ သူ့ရင်ထဲကိုလည်း စိုးရိမ်စိတ်တွေ တိုးဝင်လာကြတော့သည်။

အချစ်ကိုတွေ့မှတော့ သူလည်း အဝေးမခံနိုင်ပါ။ ချစ်သူလေးနဲ့သာ ဝေးရမယ်ဆိုရင် သူ့ဘဝမှာ အပျော်ဆိုတာ ရှိတော့မည် မဟုတ်ပါ။

စိုးရိမ်စိတ်တွေနဲ့ အချစ်စိတ်တွေက သူ့ရဲ့ထိန်းချုပ်နိုင်မှုတွေကို တွန်းထိုးတိုက်စားကြပြန်သည်။

အဲဒီအခါမှာတော့ မိုးသောက်က ချစ်သူလေးကို ရင်

ခွင်ထဲကနေ လွတ်ထွက်ပျောက်ဆုံးသွားမှာ စိုးရိမ်ပြီး တင်းတင်းကျပ်ကျပ်ပွေ့ဖက်ထားလိုက်မိတော့တာ။

ရင်ချင်းအပ်အနေအထားမို့ တစ်ယောက်ရဲ့နှလုံးခုန်သံကို တစ်ယောက်က ခံစားလို့ရနေသလို ထွက်သက်နွေးချင်းကလည်း ထိပါးနေကြပြန်သည်။

ရတနာစံအိမ်ကြီးက တိတ်ဆိတ်ငြိမ်သက်နေတာမို့ ချစ်သူနှစ်ဦးရဲ့အချစ်တွေကို ဖိအားပေးနေသလိုမျိုး ထင်မှတ်ရတော့တာ။ ထိန်းချုပ်နေတဲ့ ကြားထဲကပဲ မိုးသောက်က ချစ်သူလေးကို အနမ်းကြမ်းများနဲ့ ခပ်ကြမ်းကြမ်းလေး ချစ်မိသွားတော့သည်။

အချစ်ရဲ့ဆွဲငင်အားက ပြင်းထန်လွန်းတာမို့ စမိတဲ့အနမ်းတွေက အဆုံးမရှိတော့ပါ။

ချစ်သူလေးကလည်း ခေါင်းလေးမော့လို့ သူ့ရင်ခွင်ထဲမှာ အလိုက်သင့်လေးအချစ်တွေ အနမ်းတွေကို ခံယူနေတော့တာ။

ချစ်သူနှစ်ဦးက အချစ်ကလွဲပြီး ဘာမှ မသိကြတော့ပါ။

နက်ရှိုင်းတဲ့အချစ်ရဲ့ ကမ္ဘာစွန်းကို ရောက်လုရောက်ခင်အချိန် ကျတော့မှပဲ နှစ်ဦးစလုံး သတိတွေ ဝင်လာပြီး သက်ပြင်း ကိုယ်စီချလို့ လူချင်းခွဲလိုက်ရတော့သည်။

"လရောင်... လရောင် သွားတော့မယ် ကိုကို၊ တော် ကြာ ကြီးကြီးမူတို့သိသွားရင် မေမေပါ သိသွားလိမ့်မယ်"

မခွဲချင်ပေမဲ့ အခြေအနေအရ ခေါင်းညိတ်လိုက်ရတော့ တာ။

"ကိုကိုတို့ ထပ်တွေ့ကြမယ်နော် ကလေး"

ချစ်သူလေးက ခေါင်းလေးညိတ်ပြသည်။

ပြီးတော့ ခြေဖျားလေးထောက်ပြီး သူ့မေးဖျားကို ဖျပ် ခနဲ နမ်းရှိုက်ကာ ချစ်ရသူလေးက သူ့အခန်းထဲကနေ လှစ်ခနဲ ပြေးထွက်သွားလေတော့တာ။

သူ့မှာတော့ ချစ်သူလေးရဲ့ရင်ခုန်မက်မောဖွယ် အပြု အမူလေးကြောင့် ချစ်ပီတိတွေနဲ့ ကျန်ရစ်ခဲ့ရတော့တာ။

အချစ်ရယ်...

ကလေးရယ်...

လရောင်လေးရယ်... ကိုကို အရမ်းချစ်ရပါလားဗျာ...

သူ့ဘ၀က ခုမှပဲ အဓိပ္ပာယ်ရှိသွားရသလို ခံစားရတော့သည်။

ချစ်သူလေးကို ပိုင်ဆိုင်ဖို့အတွက် ဘယ်လိုအခက်အခဲမျိုးကိုမဆို ဖြတ်ကျော်ရင်ဆိုင်ဝံ့တဲ့ ခွန်အားသတ္တိတွေက သူ့ရင်ဘတ်ထဲမှာ အပြည့်ပါ။

ပြီးတော့ သူ့ဘက်မှာ ဒက်ဒီရှိနေမယ်ဆိုတာကိုလည်း သူက အကြွင်းမဲ့ယုံကြည်နေမိသည်။

သူ့မှာ အားကိုးစရာက စစ်မှန်တဲ့မေတ္တာတရားလည်း ရှိသေးသည်။ လရောင်လေးအပေါ်မှာ ထားတဲ့ သူ့အချစ် သူ့မေတ္တာတွေက သူမလေးရဲ့ချမ်းသာကြွယ်ဝမှုတွေနဲ့ နည်းနည်းကလေးမှ မသက်ဆိုင်ပါ။

အဲဒီအတွက် သူက လိပ်ပြာလုံပါသည်။ ခုတော့ဖြင့် ချစ်သူလေးပေးသွားတဲ့ အနမ်းလေးတစ်ချက်ကြောင့် သူ့မှာ ရင်ဖိုလှိုက်မောလို့ ကျန်ရစ်ခဲ့ရတော့၏။

* * *

သိန်းမင်းစာပေ

# အခန်း (၁၈)

စာသင်ခန်းထဲကို ဂုန်းခနဲ ပြန်ဝင်ပြီး လရောင်က တုန်ခါနေတဲ့ ရွှေရင်အစုံကို ခပ်တင်းတင်းလေးဖိထားမိတော့တာ။

ပျော်လွန်းလို့ လရောင်ကိုယ်လေးက တိမ်တွေထဲမှာ ဝဲပျံပြီး လေဟုန်စီးနေသလိုပါပဲလားကွယ်။

လုံးဝမျှော်လင့်မထားတဲ့ အဖြစ်အပျက်ပါ။

ဒီနေ့ပဲ ကိုကိုနဲ့ လရောင် ချစ်သူတွေဖြစ်သွားကြတယ်။ ကိုကို့ရင်ခွင်ထဲမှာ မှေးဝင်ခိုနားရမယ်။ ကိုကိုနဲ့ လရောင် အနမ်းတွေ ဖလှယ်ဖြစ်ရလိမ့်မယ်လို့ လုံးဝကို တွေးမထားမိတာပါ။

ကိုကို့အခန်းတံခါးကို ခေါက်တုန်းကလည်း လရောင်

ဆီမှာ ဘာမျှော်လင့်ချက်မှ မရှိခဲ့ပါဘူး။ ကိုကို အထင်လွဲမှာ စိုးလို့ စကားလေး နည်းနည်းပါးပါးပြောပြီး နှုတ်ဆက်ရုံ လောက်ပဲ တွေးထားတာပါ။

တကယ်တမ်း ကိုကိုနဲ့လည်း မျက်နှာချင်းဆိုင်တွေ့ရ ရော နှစ်ယောက်စလုံးရဲ့ရင်ထဲက အချစ်တွေ ပွင့်အန်ထွက် ကျကုန်တော့တာ။ လရောင်ကိုယ်တိုင်လည်း ဟန်မဆောင် နိုင်ခဲ့ပါ။ ကိုကို့ရင်ခွင်ထဲကို တိုးဝင်မိခဲ့ရတော့သည်။

ကိုကိုရယ်...

ကိုကို့အချစ်ကို ရတာဟာ... လရောင်ဘဝအတွက် အကောင်းဆုံး ဆုလာဘ်ပါပဲရှင်...

ကိုကို့ရင်ခွင်ထဲမှာသာ နေရမယ်ဆိုရင် လရောင် ဘာ ကိုမှလည်း မကြောက်ပါဘူးနော်... ဘယ်အရာကိုမှလည်း မမက်မောပါဘူး ကိုကိုရယ်...

လရောင်က တစ်ယောက်တည်း တိုးတိုးလေးပြောနေမိ တော့တာ။

အဲဒီအချိန်ကျမှပဲ ကြီးကြီးမူက အခန်းတံခါးကိုဖွင့်ပြီး

ဝင်လာလေသည်။

"လရောင်လေးရယ်... ဆရာမ ပြန်သွားတာတောင် ကြီးမူ မသိလိုက်ဘူးကွယ်၊ ဆရာမစားဖို့အတွက် စားစရာ စီစဉ်ခိုင်းရင်း စကားကောင်းသွားတာလေ အဟင်း... ဟင်း"

"ကြီးမူတို့ သူများအကြောင်းတွေ ပြောနေကြတာ မဟုတ်လား၊ လရောင် သိပါတယ်နော်"

လရောင်က တမင်တကာ ရောရောနှောနှောပြောဆိုရင်း ကြီးမူကို အကဲခတ်နေမိတော့တာ။ ကိုကိုနဲ့ လရောင်ကိစ္စကို ကြီးကြီးမူ သိများ သိသွားပြီလားလို့ စိုးရိမ်နေမိပြန်တာ။

ဒါပေမဲ့ ကြီးမူပုံစံက ဘာမှ ထူးခြားမနေပါ။ ဒီတော့မှပဲ လရောင်က သက်ပြင်းလေးခိုးကြောင်ခိုးဖွက်နဲ့ ချလိုက်ရတော့သည်။

နောက် ဆရာမရောက်လာလို့ စာသင်တော့ လရောင်က စာထဲမှာ စိတ်မဝင်စားနိုင်ဘဲ အတွေးတွေနဲ့ လေဟုန်စီးနေမိတော့တာ။

အသက်ရှူတာနဲ့အမျှ ကိုကို့အချစ်ကိုပဲ တောင့်တနေမိပါတယ်လို့ ပြောရင် လရောင်ကို ဝိုင်းဟားကြတော့မှာလား။ အရူးမလေးလို့ စွပ်စွဲကြတော့မှာလား။

* * *

"မေလရောင်"

ရုတ်တရက်မို့ ဆရာမခေါ်တာကိုပဲ လရောင်က ထိတ်လန့်မိတော့သည်။

"အမယ်လေး..."

"သမီး နေကောင်းရဲ့လားကွယ်၊ စာလဲ ကောင်းကောင်းလိုက်မရေးနိုင်ဘူး"

လရောင်က ချော်လဲရောထိုင် လုပ်လိုက်ရတော့တာ။

"ဟုတ်ကဲ့ တီချယ် လရောင်ခေါင်းနည်းနည်း ကိုက်နေလို့ပါ"

"အို ဟုတ်လား ဒါဆို နားချင်နားလေကွယ်၊ တီချယ့်ကို အားနာပြီး စာသင်နေရတယ်လို့ကွယ်"

"အဟင်း... တီချယ်က မောမောပမ်းပမ်းနဲ့ လာရ

တာဆိုတော့ လရောင် အားနာလို့ပါ”

အရင်ကဆို လရောင်က ဟန်ဆောင်လိမ်ညာတဲ့အလုပ်ကို သေးသေးမွှားမွှားလေးတောင် လုပ်ခဲ့တာမှ မဟုတ်ပဲနော်။

ခုမှပဲ အချစ်ကြောင့် ပြောင်းလဲသွားရတာပါ။ ဆရာမပြန်သွားတော့ အဲဒီအကြောင်းပြချက်နဲ့ပဲ လရောင်က အိပ်ရာထဲမှာ ခွေနေလိုက်တော့တာ။

တကယ်ပါပဲ…

အခုအချိန်မှာ ကိုကို့အကြောင်းကိုပဲ တွေးပြီး ငြိမ်ငြိမ်လေးပဲ နေချင်မိတာပါ။

ဒါဟာလည်း အချစ်ရဲ့သင်္ကေတပဲ ဖြစ်မယ် ထင်ပါရဲ့နော်။

လရောင်က အချစ်တွေယစ်မူးပြီး ငြိမ်သက်နေတာကို ကြီးကြီးမူတို့ကတော့ ထိတ်ထိတ်ပျာပျာနဲ့ ပျာယာခတ်နေကြတော့သည်။

“လရောင်လေး… ခေါင်း အရမ်းများကိုက်နေသလား ကွယ်”

"အင်း... အရမ်းပဲ" လို့ တမင်ပြောပြီး အနှောင့်အယှက်ကင်းကင်းနဲ့ နေလို့ရဖို့ လုပ်ပါမှပဲ ပိုဆိုးနေတော့တာ။

"အို... ခေါင်းအရမ်းကိုက်နေရင် ဒီလိုနေလို့ ဘယ်ဖြစ်ပါ့မလဲကွယ်"

"ဒီလိုမနေလို့ ကင်းမြီးကောက်ထောင်နေရမှာလားကြီးကြီးမူရဲ့..."

လရောင်က စိတ်ကလေးတိုတိုနဲ့ ဘုပြောနေမိတာပါ။

တကယ်ပါပဲ... တစ်ယောက်တည်း အေးအေးလေးနေချင်လို့ နေမကောင်းချင်ယောင် ဆောင်တော့လည်း ဘေးကလူတွေ ပျာယာခတ်နေတာနဲ့ပဲ လရောင်မှာ စိတ်ညစ်ရတော့တာ။

"မမလေးနဲ့ ဆရာကြီးကို ဖုန်းဆက်ရမယ်ထင်တယ်"

"ဟာ... ကြီးကြီးမူကလဲ ခေါင်းကိုက်ရုံလေးနဲ့ မေမေတို့ကို အထိတ်တလန့်ဖြစ်အောင် မလုပ်ပါနဲ့"

"ဒါဆို ဆရာဝန်ခေါ်လိုက်မယ်နော် သမီးလေး..."

စိတ်ညစ်ပါရဲ့နော်...

လရောင်မှာ ကိုယ့်အတတ်ကိုယ်ရူးနေရပြီပေါ့။

ကြီးကြီးမူကလည်း ဆရာဝန်ခေါ်မယ်ချည်းပဲ လုပ်နေတော့တာ။

လရောင်အနားမှာလည်း အဝိုင်းတို့ ဒေါ်အေးဘို့ကို တစ်ယောက်မဟုတ် တစ်ယောက် စောင့်ခိုင်းထားတော့တာ။

"ဆရာဝန်ခေါ်စရာ မလိုပါဘူး ကြီးကြီးမူရယ်... လရောင် တစ်ရေးအိပ်လိုက်ရင် ကောင်းသွားမှာပါ"

"ဒါဆိုလဲ အိပ်လေ ကြီးကြီးမူ စောင့်နေပေးမယ်"

"ဟာ... ရတယ် ဘယ်သူမှ မစောင့်ပါနဲ့..."

"မစောင့်လို့ ဘယ်ဖြစ်မလဲကွယ်၊ တော်ကြာ သမီးလေး တစ်ခုခုဖြစ်ရင် ဆရာကြီးနဲ့ မမလေး စိတ်ဆိုးကြမှာပေါ့"

ကဲ... ဘာတတ်နိုင်တော့မှာလဲ။

ဘယ်လိုပြောပြော လရောင်အနားကနေ ခွာကြမှာ မဟုတ်တဲ့အတွက် နောက်ဆုံးတော့ ဒီအတိုင်းပဲ အိပ်ချင်ယောင်ဆောင်နေလိုက်ရတော့သည်။

လူကသာ ငြိမ်နေပေမဲ့ လရောင်ရဲ့စိတ်တွေကတော့

ကိုကိုရှိရာသို့ လူးလာခေါက်ပြန် သွားနေကြတော့တာ။

ကိုကို့အကြောင်းတွေးလိုက်တာနဲ့ ကိုကို့ရင်ခွင်နွေးနွေးကြီးကို မှတ်မှတ်ထင်ထင်ပြန်ခံစားရပြီး လရောင်ရဲ့သွေးလှည့်ပတ်မှုတွေက မြန်ဆန်လာကြလေသည်။

ကိုကိုနမ်းခဲ့တဲ့ နေရာလေးတွေကလည်း ချက်ချင်းပဲ ပူနွေးလာကြတော့တာ။ ပြီးတော့ ကိုကိုနဲ့တွေ့ချင်တဲ့ ဆန္ဒတွေကလည်း ခေါင်းထောင်ထလာရပြန်သည်။

ကိုကိုရေ...

လရောင်တော့ ကိုကိုနဲ့နီးရဖို့ စွန့်စားနေချင်ပါပြီကွယ်။

လရောင်က ပိုက်ခေါင်းအုံးပန်းနုရောင်လေးကိုပဲ ကိုကိုအမှတ်နဲ့ မလွှတ်တမ်းဖက်တွယ်ထားလိုက်မိတော့တာပါ။

အရမ်းချစ်တာပဲ ကိုကိုရယ်...။

* * *

# အခန်း (၁၉)

"မောင်မိုးသောက် ဘုရားဖူးခရီးထွက်ရင် အိမ်ကကားနဲ့ သွားပေါ့"

အန်ကယ်လ်ဘိုက ပြောခြင်းဖြစ်သည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်ကယ်လ်၊ ဒါပေမဲ့ တစ်ယောက်တည်း ဆိုတော့ ပျင်းစရာကြီးဗျာ၊ ဘုရားဖူးကားနဲ့ သွားတော့ အဖော်တွေအများကြီးပေါ့"

ပြောသာ ပြောနေရတာပါ။

ချစ်သူလေးနဲ့ ခွဲပြီး မိုးသောက်က ဘယ်ကိုမှ မသွားချင်။ ချစ်သူလေးသာ ပါမယ်ဆိုရင်တော့ စကြဝဠာကြီးထဲကိုတောင် ခရီးဆန့်လိုက်ချင်တာပါ။

"ဘုရားဖူးကားတွေနဲ့ သွားရင် စားသုတ်သုတ် သွားသုတ်သုတ်နဲ့ အေးအေးဆေးဆေးမရှိဘူးပေါ့ မောင်မိုးသောက်ရယ်..."

"ဒါလဲ ဟုတ်တာပါပဲ အန်ကယ်လ်..."

"မောင်မိုးသောက် ဘယ်နေရာတွေ ရောက်လာပြီးပြီလဲကွ"

"မနေ့ကတစ်ရက်တည်းနဲ့ ရန်ကုန်မြို့က ဘုရားတွေစုံအောင် ဖူးပစ်လိုက်တယ် အန်ကယ်၊ ဒက်ဒီ့အတွက် ဓာတ်ပုံတွေ ဘာတွေလဲ ရိုက်ပစ်လိုက်တယ်ဗျာ"

"ဒါနဲ့ မောင်မိုးသောက်တို့သားအဖက ဟိုမှာပဲ နေကြတော့မှာလား"

သူက ရုတ်တရက်အဖြေရခက်သွားသည်။ အစတုန်းကတော့ စီးပွားရေးအခြေခိုင်နေပြီမို့ ဟိုမှာပဲ သူက နေချင်မိတာပါ။

ဒက်ဒီကတော့ ပြန်လာချင်ပုံရသည်။ အခုတော့ သူ့စိတ်တွေပြောင်းသွားခဲ့ပါပြီ။ ချစ်သူလေးရဲ့အနားမှာပဲ နေ

ချင်တဲ့ဆန္ဒတွေ ပြင်းပြနေတာမို့ ဘယ်အရာကိုမှ သူ ထည့်မတွက်ချင်တော့ပါ။

"ဒက်ဒီကတော့ အသက်ကြီးလာပြီမို့ ကိုယ့်မြေ ကိုယ့်ရေမှာ အေးအေးဆေးဆေးပဲ ပြန်နေချင်တယ်လို့ ပြောပါတယ် အန်ကယ်"

"မောင်မိုးသောက်ကရောကွာ..."

"ကျွန်တော်ကတော့ ဒက်ဒီ့ဆန္ဒအတိုင်းပါပဲအန်ကယ်"

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ကိုးနှစ်ပါ အန်ကယ်"

"အိမ်ထောင်ပြုသင့်တဲ့ အရွယ်ပဲကွ၊ ဒါနဲ့ မင်းရဲ့အိမ်ထောင်ရေးကိုရော ဘယ်လိုစဉ်းစားထားလဲ၊ ရည်ရွယ်ထားတာတွေ ဘာတွေ ရှိနေပြီလား"

မိုးသောက်က နည်းနည်းတော့အံ့ဩသွားမိသည်။ အန်ကယ်က သူ့ကို ဘာသဘောနဲ့ မေးတာလည်း မသိပါ။

အန်ကယ်ဘိုက သူ့အပေါ်မှာ နွေးနွေးထွေးထွေး ဆက်ဆံတာတော့ သူ ခံစားလို့ ရနေသည်။ အန်တီမေ့လို ဝတ်

ကျောတန်းကျေ ခေါ်ပြောဆက်ဆံတဲ့ ပုံစံမျိုးလည်း လုံးဝ မဟုတ်ပါ။

အခုဆို ထမင်းစားတဲ့အခါမှာ လရောင်နဲ့ အန်တီမေကို မတွေ့ရတော့ပါ။ သူနဲ့ အန်ကယ်ကတော့ အမြဲတမ်း အတူတူစားသည်။ စကားတွေ ဘာတွေလည်း ပြောဆိုနေတတ်တာမို့ အရမ်းကို ရင်းနှီးနေပါပြီ။

အန်ကယ်ဘိုက ဒက်ဒီ့လိုပဲ အေးဆေးပြီး စိတ်သဘောထားကောင်းမွန်သူ ဖြစ်သည်။

"ဒက်ဒီကတော့ ကျွန်တော့်ကို မြန်မာမလေးတွေနဲ့ပဲ အိမ်ထောင်ပြုစေချင်တယ် အန်ကယ်၊ ကျွန်တော်လဲ နိုင်ငံခြားသူနဲ့ လက်ထပ်ဖို့ စိတ်ကူးမရှိပါဘူး၊ ဒါကြောင့် ဟိုမှာလဲ ခပ်ကင်းကင်းပဲ နေပါတယ်"

"မောင်ရင်က အမြော်အမြင်ရှိတဲ့ လူငယ်ဆိုတာ အန်ကယ် သိပါတယ်ကွာ၊ ကိုမောင်မောင်ခင်ကတော့ သားတစ်ယောက်မွေးထားရကျိုး နပ်ပါတယ်၊ အန်ကယ့်မှာတော့ တစ်ဦးတည်းသော သမီးလေးအတွက် စိတ်ပူနေရတယ်

မောင်မိုးသောက်ရေ…”

“ညီမလေးကိုကြည့်ရတာ လိမ္မာမယ့်ပုံပါ အန်ကယ်”

စိတ်လှုပ်ရှားနေတာကို အတင်းဖုံးဖိထားပြီး ဘာမှ မဖြစ်သလိုမျိုးပုံစံ သူက ပြောလိုက်မိတာပါ။

“သမီးကတော့ လိမ္မာပါတယ်ဗျာ၊ ခက်တာက သမီး အမေပေါ့၊ သမီးလေးအပေါ်မှာ စိုးမိုးခြယ်လှယ်လွန်းတယ်၊ အချစ်တွေလွန်ကဲ အစိုးရိမ်တွေလွန်ကဲပြီး နေရာတကာမှာ လိုက်ချုပ်ချယ်လွန်းတော့ သမီးခမျာ သနားစရာလေးပါပဲ”

မိုးသောက်က ရင်တထိတ်ထိတ်နဲ့ပဲ နားထောင်နေမိသည်။ အန်ကယ်ဘိုက ဘာသဘောနဲ့ သူ့ကို ဒီစကားတွေ ပြောပြနေရတာလဲ။

“အန်ကယ်နဲ့ မင်းအန်တီကတော့ သမီးလေးကိစ္စကြောင့် အမြဲတမ်း သဘောထားကွဲလွဲနေရတာပဲ မောင်မိုးသောက်ရေ… အန်ကယ်ကတော့ သမီးလေးကို လွတ်လပ်ပျော်ရွှင်တဲ့ ဘဝလေးမှာပဲ ရှင်သန်စေချင်တာ၊ အခုတော့ သမီးခမျာ သူ့ဆန္ဒတွေအားလုံးကို ခေါက်သိမ်းထားရတာ

လေ၊ မင်းဒက်ဒီကို ပြောပြရဦးမယ်”

“အန်တီမေကလဲ စိုးရိမ်လို့ ဖြစ်ပါလိမ့်မယ် အန်ကယ်”

“စိုးရိမ်တာတော့ စိုးရိမ်တာပေါ့ကွာ၊ မင်းအန်တီမေ စိုးရိမ်တာမျိုးကတော့ အလွန်ဖြစ်နေပါပြီ၊ တက္ကသိုလ်တောင် ပေးမတက်ဘူးဆိုတော့ ကဲ...”

အန်ကယ်ဘိုပြောထာကို နားထောင်ရင်းက ချစ်သူလေးကို သူက ပိုပြီးသနားလာမိတော့သည်။

တစ်ပင်တိုင်ရွှေနန်းမှာ စံမြန်းနေရတဲ့ ရွှေအိမ်စံမင်းသမီးလေးကို သူ့အနေနဲ့ ပိုင်ဆိုင်ခွင့်ရဖို့ လွယ်ကူနိုင်မှာတဲ့လား။

ဒက်ဒီက ဘယ်လောက်ပဲအားပေး အားပေး မေလရောင်လေးက သူ့ကို ဘယ်လောက်ပဲချစ်ချစ် အရေးကြီးတာက အန်ကယ်ဘိုနဲ့ အန်တီမေတို့ပဲ ဖြစ်သည်။

သူတို့လူကြီးနှစ်ယောက်ကသာ သဘောမတူရင် ဘာမှမတတ်နိုင်ပါ။ အန်ကယ်ကတော့ သဘောထားပျော့ပျောင်းပုံရပါသည်။

ဒါပေမဲ့ အန်တီမေ့ကို လွန်ဆန်နိုင်ပါ့မလား။ အခု

တောင် အန်တီမေက သူနဲ့ လရောင်လေးကို လုံးဝတွေ့မြင်လို့ မရနိုင်အောင် စီစဉ်ထားတာပါ။ အန်တီမေကိုယ်တိုင်ကလည်း သူ့ကို ခပ်စိမ်းစိမ်းပဲ နေလေသည်။

တကယ်လို့သာ သူနဲ့ လရောင် ချစ်နေပြီ ဆိုတာကို အန်တီမေသိသွားခဲ့ရင် ဘာတွေဖြစ်မယ်ဆိုတာ တွေးတောင်မတွေးရဲ။

ဒက်ဒီ့ကိုတော့ ဖွင့်ပြောပြထားမှ ဖြစ်တော့မှာပါလို့ မိုးသောက်က တွေးနေမိပြန်သည်။ ပြီးတော့ ဒက်ဒီ အနားမှာ ရှိနေရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ အားကိုးတကြီးနဲ့ တမ်းတနေမိသေးသည်။

အဲဒီအချိန်မှာ ဦးဘိုဘိုကလည်း အတွေးတွေနဲ့ လုံးထွေးနေမိသည်။

မောင်မိုးသောက် ရန်ကုန်ကို အလည်အပတ်လာတာက အချိန် တစ်လတည်းပါ။ တစ်လဆိုတာ ဘာမှ မကြာ။ အခုပဲ ရက်သတ္တတစ်ပတ်နား နီးနေလေပြီ။

ဦးဘိုဘိုကတော့ သမီးနဲ့ မောင်မိုးသောက်ကို နီးစပ်

သွားစေချင်သည်။ ဇနီးသည် ဘာတွေပဲပြောပြော အရည်အချင်းလည်းရှိ တည်ကြည်ရင့်ကျက်တဲ့ အရွယ်ကိုလည်းရောက်နေတဲ့ မောင်မိုးသောက်လို လူငယ်လေးတစ်ယောက်နဲ့ သမီးကို သဘောတူနေမိသည်။

ဒီခေတ်မှာ အရည်အချင်းလည်းရှိ အကျင့်စာရိတ္တလည်းကောင်း ပေါင်းသင်းဆက်ဆံရေးလည်း ကောင်းတဲ့ လူငယ်တွေ ရှားနေပြီ။

ချစ်ဇနီးကတော့ သမီးလေးကို သူ့မိတ်ဆွေအပေါင်းအသင်းတွေရဲ့ သားတွေထဲက သင့်လျော်ရာနဲ့ လက်ထပ်ပေးမယ်လို့ ဦးဘိုဘိုကို တိုင်ပင်ဖူးသည်။

ဦးဘိုဘိုကတော့ ဇနီးသည်ပြောတဲ့ လူငယ်တွေကိုလုံးဝ သဘောမကျမိပါ။ မိဘအရှိန်နဲ့ လူရာဝင်နေတာတွေကများသည်။

မောင်မိုးသောက်လို ကိုယ်ပိုင်အရည်အချင်းရော ပညာရော ထက်မြက်နေသူ တစ်ယောက်မှ မပါ။ ရုပ်ရည်တွေကလည်း မောင်မိုးသောက်ရဲ့ခြေဖျားကိုတောင် မမီကြပါ။ သမီး

လေးကလည်း တစ်ယောက်ကိုမှ စိတ်ဝင်စားပုံ မပေါ်ပါ။

— အခု ဦးဘိုဘိုက သမီးကိုရော မောင်မိုးသောက်ကိုပါ စကားပြောပြီးတော့ အကဲခတ်ကြည့်နေတာပါ။

သမီးလေးနဲ့ မောင်မိုးသောက်အကြောင်း ပြောတဲ့အခါ သမီးရဲ့မျက်လုံးလေးတွေ တောက်ပပြီး စိတ်လှုပ်ရှားနေတတ်တာ တစ်ခါ တစ်ခါမှာ မလုံမလဲလေးဖြစ်နေတာကို သတိထားမိသည်။

ဒါကိုကြည့်ရုံနဲ့ မောင်မိုးသောက်အပေါ်မှာ သမီး စိတ်ဝင်စားနေတာ သိသာနေပြီ။ မောင်မိုးသောက်ကို အကဲခတ်ကြည့်တော့လည်း သမီးနဲ့ အတူတူပါပဲ ။

ဒါပေမဲ့ ကလေးနှစ်ယောက် နီးစပ်သွားဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ နှစ်ယောက်တည်း တွေ့ရဖို့ဆိုတာ ဝေးလို့ ထမင်းစားတာ ကော်ဖီသောက်တာတောင် တစ်ဝိုင်းတည်းမဟုတ်ဘဲ သီးသန့်ခွဲထားတာ ဖြစ်လေသည်။

ဦးဘိုဘိုက သမီးအတွက် တစ်ခုခုလုပ်ပေးချင်ပါသည်။ သမီးလေး ပျော်ရွှင်စိတ်ချမ်းသာနေတာကိုပဲ တွေ့ချင်သည်။

အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်နဲ့ပဲ သမီးကို ချစ်ရည်မျှစေချင်သည်။

မောင်မိုးသောက် ကလေးဘဝက ဘာပဲဖြစ်ဖြစ် ဘယ်လိုနေရာမှာပဲ နေရပါစေ... ဦးဘိုဘိုကတော့ အရေးလည်း မစိုက်ပါ။ ထည့်လည်း မတွက်ပါ။ ဘယ်သူတွေရဲ့အမျိုးက ဘယ်လောက်များ မြင့်မြတ်နေလို့လဲ။

အခုလည်း ဦးဘိုဘိုက စဉ်းစားနေတာပါ။

"မောင်မိုးသောက် မင်းမှာ ရည်ရွယ်ထားတာတွေ ဘာတွေရှိလား မေလရောင်ကို မင်းသဘောကျသလား" လို့ မေးရအောင်က ခက်နေသည်။

"အန်ကယ်ကတော့ မောင်ရင့်ကို သမီးနဲ့ သဘောတူတယ်" လို့ ပြောဖို့ကလည်း မဖြစ်နိုင်ပြန်။ တော်ကြာ ဇနီးသည်ရဲ့အရိပ်အကဲကို ကြည့်ပြီး မောင်မိုးသောက်က တခြားတစ်ယောက်ကို ရွေးချယ်သွားရင်လည်း အခက်။

မောင်မိုးသောက်လို လူငယ်တစ်ယောက်ကို မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာ သေချာသည်။

အင်းလေ… ယောက်ဖဆီပဲ ဖုန်းဆက်ပြီး သားရေး သမီးရေး ဆွေးနွေးတာ ကောင်းမယ်ထင်ပါရဲ့… လို့ ဦးဘိုဘို က တွေးနေမိတော့၏။

ဪ… သမီးအတွက်လည်း ရတက်မအေးရပါလား ဗျာ…။

* * *

# အခန်း (၂၀)

ညဥ့်နက်နေပြီမို့ ရတနာစံအိမ်ကြီးက တိတ်ဆိတ် အိပ်မောကျနေလေပြီ။

မအိပ်စက်နိုင်သူကတော့ လရောင်ပါ။ ကိုကို့ကို လွမ်းတဲ့စိတ်နဲ့ လရောင်က အိပ်လို့မရဘဲ ဖြစ်နေရတော့တာ။

အလွမ်းတွေကို သည်းမခံနိုင်တဲ့အဆုံးမှာ လရောင်က အခန်းထဲကနေ တိတ်တိတ်လေး ထွက်လာခဲ့လိုက်တော့တာ။ လရောင်အခန်းကနေ ကိုကို့ဆီကိုရောက်ဖို့ အောက်ထပ်ကို ဆင်းရပါဦးမည်။

မှောင်နေပေမဲ့ ကိုယ့်အိမ်ကိုယ် အလွတ်ရနေတာမို့

သွားရတာ အခက်အခဲမရှိပါ။ ကိုကိုလည်း လရောင်ကို လွမ်းနေမှာပဲဆိုတာကို လရောင် ယုံကြည်ပါသည်။

ဒါပေမဲ့ ကိုကိုကတော့ လရောင်ရှိတဲ့ဆီကို ဘယ်လိုရောက်အောင် လာနိုင်မှာတဲ့လဲ...။

လရောင်က ကျွန်းလှေကားကြီးအတိုင်း တဖြည်းဖြည်းဆင်းလာခဲ့လိုက်တော့တာ။ ရင်ခုန်သံတွေကလည်း ကျယ်လောင်မြန်ဆန်လွန်းနေတော့သည်။

ဖေဖေနဲ့ မေမေရဲ့အိပ်ခန်းက လရောင်ရဲ့အိပ်ခန်းနဲ့ အတူတူ အပေါ်ထပ်မှာရှိတာပါ။ ဧည့်သည်တွေအတွက် အခန်းကတော့ အောက်ထပ်မှာပဲမို့ သတိတော့ထားနေရသည်။

ဒါပေမဲ့ အိပ်ခန်းတွေအားလုံးက အလုံခန်းတွေမို့ တော်ရုံခြေသံလောက်ကို အိပ်ခန်းထဲက မကြားနိုင်တာ လရောင်သိသည်။

ကိုကို့အခန်းရှိရာကို တရွေ့ရွေ့တိုးကပ်လာခဲ့ပြီး အခန်းတံခါးရှေ့ရောက်တော့ တံခါးခေါက်လိုက်ရမှာကို မဝံ့မရဲဖြစ်နေရပြန်သည်။

ကိုကိုရယ်...

လရောင်ကို အထင်သေးတော့မှာလားရှင်...

နှုတ်ခမ်းလေးကို လိုက်ပြီး လရောင်က ငြိမ်သက်နေမိတော့တာ။

အို... ဖြစ်ချင်ရာဖြစ် ... ကိုကို အထင်သေးချင်ရင်လဲ သေးပါစေတော့ နော်... လရောင် ကိုကိုနဲ့ မတွေ့ရရင် ရူးသွားရတော့မှာပါ။

"ဒေါက်... ဒေါက်"

ဖွဖွလေး ခေါက်လိုက်တာနဲ့ပဲ ကိုကို့အခန်းတံခါးက ပွင့်လာသည်။

"ကိုကို... ကိုကိုရယ်..."

တုန်ခါလှိုက်မောနေတဲ့ လရောင်ရဲ့ခေါင်းသံလေး မဆုံးခင်မှာပဲ ကိုကိုရဲ့သန်မာသောလက်မောင်းကြီးတွေက လရောင်ကိုယ်လုံးကျစ်ကျစ်လေးကို သိမ်းဖက် နှောင်ဖွဲ့ထားလိုက်လေတော့တာ။

"အချစ်ရယ်... ကိုကို အရမ်းလွမ်းနေမိတာဗျာ..."

"လရောင်… လရောင်လည်း အရမ်းလွမ်းလို့ အရဲစွန့်ပြီး ဆင်းလာခဲ့ရတာပါရှင်"

"ကလေးရယ်… ချစ်လိုက်တာဗျာ"

ကိုကို့အနမ်းတွေကြောင့် လရောင် ပူနွေးရှိန်းမြသွားရတော့တာ။

လရောင်ကိုယ်ကလေးကို ဆတ်ခနဲပွေ့ချီပြီး အခန်းထဲခေါ်လာတော့ လရောင်က ရင်တွေခုန်ရလွန်းလို့ နှုတ်ခမ်းလေးကို ကိုက်ပြီး မျက်ဝန်းလေးတင်းတင်း မှိတ်ထားမိတော့တာ။

ကိုကို့အခန်းထဲမှာက အပြာရောင်ညအိပ်မီးသီးလေးရဲ့ အလင်းရောင်ပဲ ရှိနေတာမို့ ရင်ခုန်တိမ်းမူးဖွယ်ပါ။

အခုလို နှစ်ယောက်တည်းရှိနေတာကို မေမေသာ သိသွားရင် မိုးမီးလောင်တော့မှာလို့ တွေးမိပေမဲ့ အတွေးက အချစ်ရဲ့ဆွဲငင်အားကို မလွန်ဆန်နိုင်ပါ။

ကိုကို့ရဲ့အချစ်တွေက လရောင်ကို ကမ္ဘာ့အပြင်ဘက်ထိရောက်အောင် ဆွဲငင်ခေါ်ဆောင်သွားကြတော့တာ။

ကိုကို့အနမ်းတွေက အစပိုင်းမှာတော့ ဖြည်းဖြည်းငြိမ့်ငြိမ့်လေးရယ်ပါ။ လရောင်ရဲ့ဆံနွယ်လေးတွေ နဖူးပြင်ပါးပြင်လေးတွေကို ဖွဖွသာသာပဲ နမ်းရှိုက်နေခဲ့တာပါ။

"အချစ်ရယ် အရမ်းချစ်တာပဲဗျာ… ဘယ်လိုနည်းနဲ့မှ အချစ်ကို မခွဲနိုင်တော့ပါဘူးဗျာ အဟွန်း… ဟွန်း…"

"လရောင်… လရောင်လဲ ကိုကို့လိုပါပဲ ကိုကိုရယ်… ကိုကိုနဲ့ဝေးရမှာကို တွေးတောင် မတွေးရဲပါဘူး ကိုကို၊ လရောင်ကို မထားခဲ့ပါနဲ့နော်… လရောင် ကြောက်တယ်"

"အချစ်ရယ်…"

"ကိုကိုရယ်…"

တိုးဖွတဲ့ ညည်းညူသံလေးအဆုံးမှာ ချစ်သူနှစ်ဦးက တစ်ယောက်ကို တစ်ယောက် လွတ်ထွက်ပျောက်ကွယ်သွားမှာ စိုးရိမ်တဲ့စိတ်တွေနဲ့ တင်းတင်းကျပ်ကျပ်ကြီး ဖက်တွယ်ထားမိကြတော့တာ။

ရင်ခုန်သံချင်းထိကပ်နေတဲ့ အနေအထားမှာ အချစ်တွေက ပြင်းထန်ပေါက်ကွဲကုန်တော့တာ။

ထိန်းချုပ်လို့ မရနိုင်လောက်အောင်ဘဲ အချစ်တွေ များပြားပြင်းထန်လာတဲ့အခါမှာတော့ မိုးသောက်က ချစ်သူလေးကို ပြင်းပြတပ်မက်တဲ့ အနမ်းတွေနဲ့ ခပ်ကြမ်းကြမ်းလေး နမ်းရှိုက်မိသွားတော့တာ။

သူ့အနမ်းတွေက နှင်းဆီဖူးလေးဆီကနေ တော်တော်နဲ့ မခွာနိုင်။ အကြာကြီးကြာတော့မှ အနမ်းတွေက လည်တိုင်ကြော့ကြော့လေးဆီကို လျောဆင်းလာမိသွားတော့တာ။

ချစ်သူလေးရဲ့ခန္ဓာကိုယ်လေးက နွေးထွေးနူးညံ့လွန်းလှသည်။ သူ့အနမ်းတွေကို ချစ်သူလေးက မငြင်းဆန်ဘဲ အလိုက်သင့်လေးပဲ ခံယူနေတော့တာ။

"ကိုကိုရယ်"

ရင်တထိတ်ထိတ်နဲ့ပဲ လရောင်က ကိုကိုခေါ်ဆောင်ရာ အချစ်ကမ္ဘာကြီးထဲကို ကောက်ကောက်ပါအောင် လိုက်သွားမိတော့တာပါ။

လရောင်ကိုယ်လေးက တိမ်ပျံတွေစီးပြီး လေဟာနယ်ထဲမှာ ဝဲပျံနေရသလိုပါပဲ...

တစ်ခါ တစ်ခါမှာ ဟိုး... အမြင့်ကြီးကနေ ရုတ်တရက်ပြုတ်ကျသလိုမျိုး ရင်ထဲမှာ လှိုက်ဟာသွားရတော့တာ။

အမြင့်ဆုံးရောက်အောင် တက်သွားလိုက် ရုတ်တရက်ကြီး ပြန်ပြုတ်ကျလာလိုက် အဝေးကြီးရောက်အောင် လွင့်ထွက်သွားလိုက်နဲ့ အချစ်ရဲ့ဖမ်းစားခြင်းကို ခံနေရတော့တာပါ။

သတိပြန်ဝင်လာတော့ လရောင်က ကိုကို့ရင်ခွင်ကျယ်ကြီးထဲမှာ မျက်နှာလေးဝှက်လို့ ရှိနေတော့တာ။

"ကလေးရယ် အရမ်းချစ်တာပဲဗျာ"

"လရောင်ကို မထားခဲ့ပါနဲ့ ကိုကိုရယ်... နော်၊ ကိုကိုနဲ့ သာဝေးရင် လရောင် သေရမှာ"

"ကိုကိုလဲ အချစ်လိုပါပဲဗျာ..."

"ကိုကိုက တစ်လပဲနေမှာ မဟုတ်လားဟင်... တစ်လပြည့်တာနဲ့ လရောင်အနားကနေ ကိုကို ပြန်သွားတော့မှာ မဟုတ်လား..."

လရောင်က တစ်ချက်ရှိုက်လိုက်မိတော့ ကိုကိုက ထွေးပွေ့ချော့မြူလေတော့တာ။

"ကိုကိုပြန်ရင် ကလေးကိုပါ တစ်ခါတည်းခေါ်သွားမှာပေါ့ဗျာ..."

"မလွယ်ဘူး ကိုကို၊ မေမေက လရောင်နဲ့ ကိုကို့ကို ရအောင်ခွဲပစ်မှာ သိရဲ့လား... လရောင်... လရောင်... မေမေ့ကို ကြောက်တယ် ကိုကိုရယ်..."

ကိုကိုက ငြိမ်သက်တိတ်ဆိတ်သွားတာမို့ လရောင်တို့နှစ်ယောက်ရဲ့အသက်ရှူသံနှစ်ခုက အခန်းထဲမှာ ပျံ့နှံ့နေတော့သည်။

"ကိုကိုတို့ ကြိုးစားကြည့်တာပေါ့ အချစ်ရယ်... နော်"

လရောင်က အထိတ်တလန့်လေး ပြန်မေးလိုက်မိတော့တာ။

"ဘယ်... ဘယ်လိုကြိုးစားမှာလဲ ကိုကိုရယ်... ဟင်"

"ကိုကိုတို့နှစ်ယောက် ချစ်နေကြတဲ့အကြောင်း ကိုကိုကပဲ ဒက်ဒီ့ကို ပြောပြလိုက်မယ်၊ အချစ်ကလဲ အန်ကယ့်ကို ပြောပြလိုက်လေ..."

"ဟာ... လရောင်... လရောင် ကြောက်တယ် ကိုကို"

ဖေဖေက မေမေ့လောက် မတင်းမာဘူးဆိုတာ သိပေမဲ့ လရောင်ကတော့ မယုံရဲပါ။

တော်ကြာ ဖွင့်ပြောလိုက်ပါမှ ချက်ချင်းခွဲပစ်လိုက်ရင် ဘယ်လိုလုပ်မလဲနော်။ မေမေ့ကို ဖေဖေက အမြဲတမ်းဦးစား ပေးပြီး အရာရာကိုင်းမှာ အလျှော့ပေးတတ်တာကို လရောင် သိနေတာပဲ။

အခုတောင် ဖေဖေနဲ့ မေမေ ကတောက်ကဆတွေ ဖြစ်နေကြတာပါ။

"ဘာဖြစ်လို့ကြောက်ရတာလဲ ကလေးရယ်..."

"မေမေက... မေမေက ကိုကိုနဲ့ လရောင်ကို လုံးဝ သဘောတူမှာ မဟုတ်ဘူး ကိုကို... လရောင်သိတယ်"

"ဒါဆိုရင်လဲ ကိုကိုတို့ ထွက်ပြေးကြမယ်ဗျာ၊ ထွက် ပြေးပြီး လက်ထပ်လိုက်ရင် အန်တီမေ ဘာများတတ်နိုင်ဦး မှာလဲ..."

ဒီအကြံကိုလည်း လရောင်က လက်မခံနိုင်ပြန်။ မေမေ စိတ်ဆင်းရဲရမှာကို မကြည့်ရက်ပါ။ မေမေ့ရင်ကိုခွဲဖို့ သတ္တိ

လည်း လရောင်မှာ ရှိမနေတာ သေချာပါသည်။

"လရောင်… လရောင် မေမေ့ကို စိတ်ဆင်းရဲအောင် မလုပ်ရက်ဘူး…"

"ဟောဗျာ… ဒါဆို ဘာလုပ်ရတော့မှာလဲ"

သူပြောသမျှကို ခေါင်းခါနေတဲ့ ချစ်သူလေးကို မိုးသောက်က အသည်းယားလာမိတော့သည်။

"လရောင်… လရောင် မသိတော့ပါဘူး… ကိုကိုရယ်"

တိုးတိုးညည်းတဲ့နှုတ်ခမ်းလေးကို အသည်းယားပြီး သူက နမ်းရှိုက်ပစ်လိုက်တော့တာ။

"အာ…"

"အချစ်လေး ကိုကို့ကို ချစ်တယ်နော်"

"ချစ်တာပေါ့ ကိုကိုရယ်…"

"ကိုကိုနဲ့ ဝေးရမှာကို တကယ်ကြောက်လားဗျာ…"

"ကြောက်တာပေါ့ ကိုကိုရယ်… ကိုကိုနဲ့ ဝေးရမှာကို သေရမှာထက်တောင် ကြောက်မိနေတာပါရှင်…"

ပြောတတ်လွန်းတဲ့ နှင်းဆီငုံလေးကို သူက တမ်းတမ်း

မက်မက် နမ်းရှိုက်လိုက်မိပြန်သည်။

"ဒါဆိုရင် စွန့်စားရမှာပေါ့ အချစ်ရယ်..."

ချစ်သူလေးက သူ့ရင်ခွင်မှာ မှေးမှိန်ရင်း တိတ်ဆိတ်နေတော့တာ။

လရောင်လေးရဲ့တိတ်ဆိတ်မှုကို အခွင့်ကောင်းယူပြီး သူက စွန့်စားဖို့ စည်းရုံးနေမိတော့သည်။

"အချစ်ရယ် ကိုကိုတို့ ဒီအတိုင်း အဝေးခံလိုက်ရင် ညှိုးရာကျလွန်းပါတယ်ဗျာ၊ ဒီတော့ လာမယ့်ဘေး ပြေးတွေ့ပြီး ရင်ဆိုင်လိုက်ရင် မကောင်းဘူးလား... ဟင်"

"လရောင်ကို ကိုကို ခိုးပြေးတော့မလို့လား..."

"မဟုတ်ပါဘူးဗျာ ကိုကိုသာ အဲဒီလိုလုပ်လိုက်ရင် လူကြီးတွေကို စိတ်ဆိုးအောင်လုပ်လိုက်သလို ဖြစ်သွားမှာပေါ့၊ အစကတည်းက သဘောမကျရတဲ့ကြားထဲမှာ အချစ်ကို ခိုး ပြေးသွားရင် အန်တီမေ ကိုကို့ကို အရမ်းမုန်းသွားမှာ သေချာတယ်၊ အောက်တန်းစားလို့ ပိုပြောတော့မှာပေါ့"

"ဟင်... စောစောကပြောတော့ ထွက်ပြေးပြီး လက်

ထပ်မယ်ဆို…”

“အဟွန်း… ရုတ်တရက်စိတ်လှုပ်ရှားပြီး ပြောမိတာပါ၊ တကယ်တော့ ကိုကို့အရွယ်က စိတ်နောက်ကိုယ်ပါ လုပ်ရမယ့်အရွယ် မဟုတ်တော့ပါဘူးဗျာ…”

ချစ်သူလေးဆီက သက်ပြင်းရှိုက်သံလေးကို ကြားလိုက်ရသည်။

“လရောင်ကတော့ ကိုကိုနဲ့ဝေးရမှာ အကြောက်ဆုံးပါပဲ ကိုကိုရယ်…”

ချစ်သူလေးကို ရင်ခွင်ထဲ ဆွဲသွင်း ပွေ့ဖက်ထားပြီး မိုးသောက်က ဘာလုပ်ရမယ်ဆိုတာကို စဉ်းစားနေမိတော့တာ။

ဒယ်ဒီ့ကို ဖွင့်ပြောလိုက်တာ အကောင်းဆုံးပါပဲ… လို့ တွေးမိတဲ့အခါမှာတော့ သူ့စိတ်တွေက ပေါ့ပါးသွားတော့သည်။

“အချစ်လေးရယ်… ဘာမှ စိတ်မညစ်နဲ့နော် ကိုကိုတို့ရဲ့စစ်မှန်တဲ့ချစ်ခြင်းကို ဘယ်သူမှ မခွဲနိုင်ပါဘူးဗျာ… နော်”

ပြောရင်းကပဲ သူက ချစ်သူလေးကို တင်းတင်းဖက်ပြီး မဆုံးနိုင်တဲ့အချစ်အနမ်းတွေနဲ့ နှစ်သိမ့်အားပေးလိုက်မိတော့တာ။

ချစ်သူလေးကလည်း သူ့ကို ခပ်တင်းတင်းပြန်ဖက်ထားပြီး အနမ်းလေးတွေ ပြန်ပေးနေတော့တာ။

"ကိုကိုရယ် အရမ်းချစ်ရပါတယ်ရှင်..."

ချစ်သူလေးရဲ့တုန်ယင် လှိုက်မောသံလေးက သူ့နှလုံးသားကို လှုပ်ခါသွားစေတော့တာ။

အဲဒီနောက်မှာတော့ ပြာလဲ့လဲ့ မီးရောင်နုနုလေးရဲ့အောက်မှာ ချစ်သူနှစ်ဦးက အချစ်တွေဖလှယ်ရင်း တစ်လောကလုံးကို မေ့လျော့သွားကြလေတော့သည်။

* * *

# အခန်း (၂၁)

လရောင်က ကိုယ်လုံးပေါ်မှန်ကြီးရဲ့ရှေ့မှာ ရပ်ပြီး သူမလေးရဲ့အလှအပတွေကို ကိုယ်တိုင် ဝေဖန်သုံးသပ်ကြည့် နေမိတော့တာ။

ကိုကို့ရဲ့အချစ်တွေကို ရပြီးမှပဲ လရောင်ရဲ့အလှတွေက ပိုပြီးတောက်ပလာကြသလိုပါပဲ။ ပါးကလေးတွေက သွေး ရောင်လွှမ်းလို့... ကိုကိုနမ်းခဲ့တဲ့ နှုတ်ခမ်းငုံလေးက ပိုပြီး နီထွေးစိုလက်လို့ မျက်ဝန်းလှလှလေးတွေကလည်း အချစ် ကြောင့် တောက်ပရွှန်းလက်နေကြတော့တာ။

ညက လရောင်နဲ့ ကိုကိုတွေ့ခဲ့ကြတာကို တစ်အိမ်လုံး

ဘယ်သူမှ မသိကြပါ။ ကိုကိုပေးတဲ့အချစ်တွေကို ပြန်တွေးမိတော့ လရောင်ရင်ထဲမှာ လှိုင်းထရတော့တာ။

ကိုကိုရယ်…

အနက်ရှိုင်းဆုံး စွဲလမ်းယစ်မူးမှုတွေနဲ့ လရောင်တော့ ရူးသွပ်နေရပါပြီရှင်…

ကိုကို့အနမ်းတွေ ခရီးဆန့်ခဲ့တဲ့နေရာလေးတွေကို ခပ်ဖွဖွ ထိတွေ့ကြည့်ရင်း လရောင်က ကိုကို့ကို တမ်းတမိသွားရပြန်သည်။

အခုမှ တကယ်ရူးပြီ ကိုကိုရေ…

မေလရောင်က အချစ်အကြောင်းတွေ တွေးပြီး အချစ်ဆိပ်တက်နေတဲ့အချိန်မှာ မိုးသောက်ကလည်း ဒက်ဒီ့ဆီကို ဖုန်းဆက်နေလေပြီ။

"ဒက်ဒီ…"

"ဪ… သား ဘယ်နေရာတွေရောက်ပြီးပြီလဲဗျာ၊ အခုရော ဘယ်မြို့ကနေ ဖုန်းဆက်နေတာလဲ"

"ကျွန်တော် ရန်ကုန်ကပဲ ဆက်နေတာပါ ဒက်ဒီ၊

ဘယ်မြို့ကိုမှလဲ မရောက်ရသေးပါဘူး"

"ဟော..."

"ကျွန်တော်... ကျွန်တော် ဒက်ဒီ့ကို ပြောစရာရှိလို့ပါ"

"ပြောလေကွာ သားအဖချင်း ဒီလောက် စကားပလ္လင် ခံနေစရာ မလိုပါဘူး"

ဒက်ဒီက ပြောဆိုပေမဲ့ သူက ချက်ချင်း မပြောဝံ့ဘဲ ဖြစ်နေမိပြန်သည်။

မပြောလို့လည်း မဖြစ်။ အချစ်နတ်သမီးလေးကို တစ်သက်လုံး ရင်ခွင်ထဲမှာ ထွေးပွေ့ထားနိုင်ဖို့ ဒက်ဒီ ကူညီမှပဲ ဖြစ်တော့မှာပါ။ သူ့အချစ်တွေက ကျွံသွားပြီမို့ နုတ်ယူဖို့ မဖြစ်နိုင်တော့ပါ။

"ဟော့ကောင်... ပြောလေ"

"ဒီ... ဒီလိုပါ ဒက်ဒီ... ကျွန်တော်နဲ့ မေလရောင်လေးနဲ့ ချစ်... ချစ်မိနေပါပြီ... အဲဒါ..."

ဒက်ဒီက ချက်ချင်း စကားပြန်မပြောဘဲ တိတ်ဆိတ်သွားတော့ သူ့ရင်ခုန်သံတွေက မြန်ဆန်လာကြတော့သည်။

အတော်ကြာမှ ဒက်ဒီက ပြန်မေးသည်။

"မင်းအန်တီမေ သိသွားပြီလား..."

"ဘယ်သူမှ မသိသေးပါဘူး ဒက်ဒီ"

"ဒက်ဒီ့ကို အရင်ဆုံး အသိပေးတာပါ၊ အန်တီမေက ကျွန်တော်နဲ့ ပတ်သက်ပြီး အရမ်းကို သဘောထားတင်းမာနေတာပါ၊ အန်ကယ်ဘိုကတော့ ပျော့ပျော့ပျောင်းပျောင်း ရှိပါတယ်"

"ဟုတ်ပြီ ဒက်ဒီ ကြည့်စီစဉ်ပေးမယ် ဟုတ်လား"

"ကျေးဇူးပါပဲ ဒက်ဒီ"

"သား ကတိတော့ ပေးရမယ်နော်၊ မေလရောင်လေးကို လက်ထပ်ပြီးရင် မြန်မာပြည်မှာ နေပါ့မယ်ဆိုတဲ့ ကတိလေ။ သား ပေးနိုင်ရဲ့လား..."

"ဒီကတိကို ဒက်ဒီမတောင်းတောင် ကျွန်တော် ပေးမှာပါ ဒက်ဒီ"

"အဟား... ဟား ဒါဆိုရင်လဲ မင်္ဂလာပဲပေါ့ကွာ"

"ဒက်ဒီ သိပ်တော့လွယ်မယ် မထင်ဘူး၊ အန်တီမေက

ကျွန်တော်နဲ့လရောင် ချစ်နေတာကို မသိဘဲနဲ့တောင် လုံးဝ မတွေ့ရအောင် စီစဉ်ထားတာပါ၊ ရောက်တဲ့နေ့ကပဲ ထမင်း အတူတူစားရတယ် ဒက်ဒီ၊ နောက်နေ့တွေမှာ ထမင်းစားရင် အန်တီမေရော လရောင်လေးရော မပါတော့ဘူး၊ ကျွန်တော်နဲ့ အန်ကယ်ဘိုပဲ အတူတူစားကြရတာ"

"ဟေ... ဟုတ်လား"

"ပြီးတော့ ကျွန်တော်နဲ့ လရောင်လေးကိုလဲ လုံးဝ မဆုံနိုင်အောင် လုပ်ထားတာ ဒက်ဒီ"

"ဒီကြားထဲကတောင် မင်းတို့နှစ်ယောက်က ချစ်သွား ကြတယ်လား... ဟား... ဟား... ဟား"

ဒက်ဒီက ပေါ့ပေါ့ပါးပါး ရယ်မောနေတော့လည်း မိုးသောက်စိတ်ထဲမှာ အလိုမကျ ဖြစ်နေရပြန်သည်။

သူက ဒီလောက်အသည်းအသန် ခံစားနေရတာကို ဒက်ဒီက ရယ်ရယ်မောမောနဲ့ ပေါ့ပေါ့လေးပဲ တွေးနေတာ များလား။

"ဒက်ဒီ ကျွန်တော်..."

"စိတ်အေးအေးထားပါကွာ၊ ဒက်ဒီ စီစဉ်ပေးပါ့မယ်"

"ကျွန်တော် စိတ်မအေးနိုင်ဘူး ဒက်ဒီ၊ အန်တီမေက ကြောက်စရာကောင်းတယ် ဒက်ဒီ၊ လရောင်လေးကို သူ သဘောမတူနိုင်တဲ့သူတွေနဲ့ ချစ်ကြိုက်သွားမှာ စိုးရိမ်လို့ တက္ကသိုလ်တောင် ပေးမတက်ဘူး ဒက်ဒီ၊ အိမ်ထဲမှာပဲ ထားထားတာ..."

ကလေးတစ်ယောက်လို သူက ဒက်ဒီ့ကို တိုင်ပြော နေမိတာ ဖြစ်သည်။

"အဆင်ပြေအောင် ဒက်ဒီ ကြိုးစားပေးပါ့မယ်ကွာ၊ မင်းအန်တီမေက အရမ်းကြီးကျယ်ပြီးတော့ သူ့သမီးနဲ့ သဘော မတူနိုင်ပါဘူး ဆိုရင်လဲ သားအတွက် မိန်းမ မရှားပါဘူး ကွာ၊ ထားလိုက်စမ်းပါ"

"မဖြစ်ဘူး ဒက်ဒီ၊ ကျွန်တော် မေလရောင်ကိုတကယ် ချစ်တာပါ၊ ကျွန်တော့်ဘဝမှာ နောက်ထပ် အချစ်ကို ထပ် တွေ့ဖို့ဆိုတာ ဘယ်လိုမှကို မဖြစ်နိုင်တော့တာပါ ဒက်ဒီ တောင်းပန်ပါတယ်၊ ဒက်ဒီ ကူညီပါနော်"

သားပြောတာတွေကို နားထောင်ရင်းကနေ ဦးမောင်မောင်ခင်က ပြုံးမိသွားတော့သည်။

တကယ်တော့ ဒီလိုမျိုးဖြစ်အောင်လို့ပဲ ဦးမောင်မောင်ခင်က ဒီခရီးကို ဖြစ်အောင် စီစဉ်ပေးလိုက်တာပါ။

တစ်ဦးတည်းသောညီမ မေမေခင်ရဲ့မာနကို သိပေမဲ့ ဦးမောင်မောင်ခင်က မွေးစားသား လူတော်လူကောင်းလေးနဲ့ တူမလေးကို နေရာချထားပေးချင်ခဲ့ရတာပါ။

ဒီအတိုင်း ကမ်းလှမ်းလိုက်ရင် လက်ခံမှာ မဟုတ်ဘူးဆိုတာကို ဦးမောင်မောင်ခင်က ကောင်းကောင်းသိနေသည်။ ညီမဖြစ်တဲ့သူက သားကို အောက်တန်းစားလေးဆိုပြီး လူရာသွင်းခဲ့တာ မဟုတ်ပါ။

မိဘနှစ်ပါးနဲ့ ညီမလေးရဲ့မာနနဲ့ အတ္တတွေကြောင့်ပဲ လူမမယ်မွေးစားသားလေးရဲ့လက်ကို ဆွဲပြီး ဆွေမျိုးအသိုင်းအဝိုင်းတွေနဲ့ ဝေးရာမှာ သူ သွားနေခဲ့ရတာ ဖြစ်သည်။

ဦးမောင်မောင်ခင်က တွေးမိတိုင်း ရင်ထဲမှာ ခံစားနေရသေးသည်။ မိဘမဲ့ ခိုကိုးရာမဲ့ကလေးလေးတစ်ယောက်ကို

သနားလွန်းလို့ မွေးစားလိုက်မိတာနဲ့ မိဘဆွေမျိုးတွေနဲ့ သူက အဝေးကြီး ဝေးသွားခဲ့ရတော့တာ။

ဘယ်လောက်များလဲဆို လုံးဝလွင့်ထွက်သွားရတဲ့အထိ ဖြစ်သည်။ အဲဒီတုန်းက ဦးမောင်မောင်ခင်ကလည်း လုံးဝ မလျှော့ခဲ့ပါ။

ချစ်သူက စွန့်ခွာသွားတာကိုပင် ခံခဲ့ပြီး သားကို မွေးစားလာခဲ့တာ ဖြစ်သည်။ သားဘဝလေးထဲမှာပဲ သူ့စိတ်တွေကို မြှုပ်နှံပြီး ပြုစုပျိုးထောင်ပေးလာခဲ့တာပါ။

အခုဆိုရင် ဦးမောင်မောင်ခင်က သားအတွက် ခေါင်းမော့ရင်ကော့ပြီး ဂုဏ်ယူလို့ ရနေလေပြီ။

သားက အရမ်းတော်သည်။ အရမ်းလိမ္မာသည်။ ထက်မြက်သည်။ စိတ်ကောင်းနှလုံးကောင်းလည်း ရှိသည်။ ကိုယ်ကျင့်သိက္ခာနဲ့လည်း ပြည့်စုံသည်။

လုပ်ရည်ကိုင်ရည်လည်း ရှိ ပညာလည်းတတ် ပေါင်းသင်းဆက်ဆံရေးကလည်း ကောင်းလွန်းတာမို့ အောင်မြင်ထင်ရှားနေလေပြီ။

ဦးမောင်မောင်ခင်က သားကို တစ်ဦးတည်းသောတူမလေး မေလရောင်နဲ့လက်ထပ်ပေးချင်တာကလည်း အကြောင်းရှိသည်။ သားနဲ့ မေလရောင်နဲ့သာ လက်ထပ်လိုက်ရင် အမွေကိစ္စလည်း ပြဿနာမရှိနိုင်တော့ပါ။ တူမလေးအတွက်လည်း အကောင်းဆုံးဘဝအဖော်ကို ရရှိမှာ ဖြစ်သည်။

ဘာအရည်အချင်းမှ မရှိတဲ့သိုက်သမားတွေနဲ့ အကြောင်းပါသွားရင် ဒုက္ခရောက်မှာ မဟုတ်လား။

ဒါကြောင့်ပဲ သားကို ရတနာစံအိမ်ကြီးဆီ လွှတ်လိုက်တာပါ။ ညီမ မေမေခင်ရဲ့သဘောထားတွေ ပြောင်းလဲနိုင်ဦးမှာ မဟုတ်ဘူး ဆိုတာကိုလည်း ဦးမောင်မောင်ခင် သိနေပြီးသား ဖြစ်သည်။

ဒါပေမဲ့ သားအတွက်ရော မေလရောင်လေးအတွက်ပါ အကောင်းဆုံးဖြစ်စေမယ့် စီမံကိန်းအတွက် သားကိုလွှတ်လိုက်တာ ဖြစ်သည်။

အခုတော့ အရမ်းကို အဆင်ပြေသွားပါရောလား။ ဒါကလေးနှစ်ယောက်ရဲ့ဖူးစာပဲ ဖြစ်မည်ထင်သည်။ လူငယ်

ချင်း ချစ်နေပြီဆိုတော အဲဒီအချစ်တွေကို အချည်းအနှီးဖြစ် မသွားရအောင် ဆောင်ရွက်ပေးရပါတော့မည်။

"ကဲ... သားရေ ဒက်ဒီ ဖုန်းချလိုက်တော့မယ်ကွာ"

"ဟုတ်ကဲ့ ဒက်ဒီ... ကျွန်တော့်ကို ပစ်မထားပါနဲ့နော်"

"စိတ်ချပါကွာ"

သားနဲ့ဖုန်း ပြောပြီးတာနဲ့ ဦးမောင်မောင်ခင်ကယောက်ဖ ဖြစ်သူ ဦးဘိုဘိုဆီကို ဖုန်းဆက်လိုက်တော့သည်။

* * *

# အခန်း (၂၂)

ဦးဘိုဘိုက ဦးမောင်မောင်ခင်ဆီ ဖုန်းဆက်ပြီး သမီးနဲ့ မောင်မိုးသောက်ကို လက်ထပ်ပေးချင်တဲ့အကြောင်း ပွင့်ပွင့် လင်းလင်းပြောဖို့ စိတ်ကူးနေမိတော့သည်။

ပြောလိုက်လို့ သိက္ခာကျသွားစရာလည်း အကြောင်း မရှိပါ။ သမီးလေးက ဦးမောင်မောင်ခင်ရဲ့ တူမအရင်းပဲ မဟုတ်လား။

ဇနီးသည်ရဲ့မာနတွေ အစွန်းရောက်လွန်းတာတွေ သမီး လေးအပေါ်မှာ စိုးမိုးလွန်းတဲ့ကိစ္စတွေကိုလည်း ပြောပြလို့

ဘာမှ မဖြစ်ပါ။ သူတို့က မောင်နှမအရင်းတွေလေ။

ဒါနဲ့ပဲ ယောက်ဖဆီ ဖုန်းဆက်ဖို့ ဆုံးဖြတ်လိုက်မိတော့သည်။ ဒါပေမဲ့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ ။ ဦးဘိုဘိုက ဖုန်းဆက်ဖို့ ဟန်ပြင်တဲ့အချိန်မှာပဲ ဦးမောင်မောင်ခင်ဆီက ဖုန်းကို လက်ခံလိုက်ရပါတော့သည်။

"ကိုဘိုလားကွ..."

"ဟုတ်ကဲ့ ကိုကိုကြီး"

ဦးဘိုဘိုက ဇနီးသည်ခေါ်သလိုပဲ ကိုကိုကြီးကို ခေါ်လိုက်သည်။

"ကိုယ် အရေးတကြီးပြောစရာရှိလို့ အိမ်ဖုန်းကို မဆက်ဘဲ ဆယ်လူလာဖုန်းကိုဆက်တာ ကိုဘို"

ဦးဘိုဘိုက ထိတ်ခနဲ ဖြစ်သွားရတော့သည်။ မောင်နှမချင်း မပြောချင်လို့သာ အိမ်ဖုန်းကို မဆက်တော့ပါ။

ဒါဆိုရင် ရွှေယောက်ဖကြီး ပြောချင်တဲ့ အရေးတကြီးစကားက ဘာဖြစ်နိုင်မလဲ။ စဉ်းစားလို့ အဖြေက ထွက်မလာပါ။

"အခု ကိုဘို ဘယ်မှာရှိနေတာလဲ အနားမှာ မေရှိနေလားဗျာ"

"မရှိပါဘူး ကိုကိုကြီး ကျွန်တော့်ရုံးခန်းမှာပါ"

"အဟွန်း အနားမှာ မေခင်ရှိမနေမှပဲ ပြောလို့ဖြစ်မှာ"

"ဟုတ်ကဲ့ ပြောပါ ကိုကိုကြီး"

"မပြောခင် အရင်ဆုံး မေးခွန်းတစ်ခု မေးမယ်ဗျာ၊ ကိုယ့်ရဲ့သား မောင်မိုးသောက်ကို ကိုဘို ဘယ်လိုမြင်သလဲဗျာ..."

ဦးဘိုဘိုက ပါးနပ်သူမို့ နိဒါန်းပျိုးတဲ့စကားကို နားထောင်ရုံနဲ့ ဘယ်လိုအကြောင်းအရာ ဖြစ်နိုင်တယ်ဆိုတာ ချက်ချင်း ရိပ်မိသွားတော့တာ။ ဒါကြောင့် ခပ်မြန်မြန်လည်း အဖြေပြန်ပေးလိုက်တော့သည်။

"မောင်မိုးသောက်က လူတော်လေးတစ်ယောက်ပါ ကိုကိုကြီး၊ သူ့ဆီမှာ သဘောကျစရာကောင်းတဲ့ အရည်အချင်းတွေ အများကြီးရှိပါတယ်"

"ကိုဘိုရော သဘောကျသလား"

"ဟုတ်ကဲ့ ကျွန်တော် သဘောကျပါတယ်"

"ဒါဆို မေလရောင်လေးနဲ့ လက်ထပ်ပေးဖို့ ကမ်းလှမ်းရင် ကိုဘို လက်ခံနိုင်ပါ့မလား၊ ကိုယ့်ကို အားမနာနဲ့နော်၊ စိတ်ထဲမှာရှိတဲ့အတိုင်းပဲ ပြောပါ"

ဦးဘိုဘိုက ဝမ်းသာသွားတာမို့ ချက်ချင်း စကားမပြန်နိုင်ဘဲ တိတ်ဆိတ်သွားရတော့သည်။

"အားမနာနဲ့ဗျာ ပြောစရာရှိတာ ပြောပါ"

ဦးမောင်မောင်ခင်က ထပ်ပြောတော့မှပဲ သတိဝင်လာပြီး ဦးဘိုဘိုက ရင်ထဲမှာရှိတဲ့ ဆန္ဒတွေကို ပြောပြမိသွားလေတော့သည်။

"ကျွန်တော်လဲ ဒီကိစ္စအတွက် ကိုကိုကြီးဆီ ဖုန်းဆက်ဖို့ပါပဲဗျာ၊ သမီးလေးကို အရည်အချင်းရှိတဲ့ အိမ်ထောင်ဖက်နဲ့ပဲ လက်ထပ်ပေးချင်တာပါ၊ မောင်မိုးသောက်လို လူငယ်တစ်ယောက်ဆိုရင် သမီးအတွက် ဘာမှ ပြောစရာ မရှိပါဘူး၊ ခက်တာက သမီးအမေပေါ့"

"ကိုယ့်ညီမ ဘယ်လောက် မာနကြီးတယ်၊ ဘယ်

လောက် ကိန်းကြီးခမ်းကြီးနိုင်တယ်ဆိုတာ ကိုယ် သိပါတယ် ကိုဘို၊ သမီး မေလရောင်လေးဆိုတာ ကိုယ့်တူမအရင်းပါ၊ တူမလေးအတွက် မကောင်းတဲ့ကိစ္စ အန္တရာယ်ရှိမယ့် ကိစ္စမျိုးကို ကိုယ်က စီစဉ်မှာတဲ့လားဗျာ"

"ကျွန်တော် နားလည်ပါတယ် ကိုကိုကြီး၊ ခက်တာက ကိုကိုကြီးရဲ့ညီမပါဗျာ၊ ကျွန်တော့်အနေနဲ့ကတော့ ဘာမှ ကန့်ကွက်စရာမရှိပါဘူး။ အဲ သူငယ်ချင်း လက်ခံကြည်ဖြူနိုင်ဖို့တော့လဲ လိုအပ်တာပေါ့ဗျာ"

ဦးဘိုဘိုက တွေးတွေးဆဆနဲ့ ပြောလိုက်တာပါ။ လူငယ်နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စိတ်ဝင်စားနေဘယ်ဆိုတာကိုတော့ အကဲခတ်လို့ ရထားပြီးသားပါ။

"အဟာ... ဟာ... အဲဒါတော့ စိတ်မပူနဲ့ဗျာ၊ ခေတ်လူငယ်တွေက ဆုံးဖြတ်ချက်ချတာ အရမ်းမြန်တတ်တာ ကိုဘို၊ အခု သမီးနဲ့ သား ချစ်နေကြပါပြီလို့ ပြောရင် ကိုဘို မအံ့သြနဲ့ဗျာ..."

"ဗျာ..."

မအံ့သြနဲ့ဆိုပေမဲ့ ဦးဘိုဘိုက မအံ့သြဘဲ မနေနိုင်ပါ။ သမီးကို သမီးအမေက အစောင့်အကြပ်တွေနဲ့ ဒီလောက်စောင့်ကြည့် ထိန်းသိမ်းထားတဲ့ကြားထဲကဆိုတော့ အံ့သြစရာပေါ့။

"အံ့သြမနေပါနဲ့... ဒီကိစ္စ အဆင်ပြေသွားအောင် ကိုယ်တို့ ဘယ်လို ကိုင်တွယ်ရမယ်ဆိုတာကိုပဲ စဉ်းစားကြတာပေါ့"

"ဟုတ်ကဲ့ ပြောပါ ကိုကိုကြီး"

"ကိုယ်တို့နှစ်ယောက်ပဲ ဆုံးဖြတ်ပြီး စီစဉ်လို့လဲ မရနိုင်ဘူး ကိုဘို၊ အမေဆိုတာ သားသမီးရဲ့ တကယ့်ပိုင်ရှင်အစစ်ကြီးလေဗျာ၊ ဒီတော့ အမေရဲ့သဘောတူညီမှုကို ရအောင်ယူရဦးမှာပေါ့"

"ကျွန်တော်တော့ အာမ မခံရဲပါဘူးဗျာ ကိုကိုကြီး၊ ညီမရဲ့မာနနဲ့ အစွဲအလမ်းက အရမ်းကို ထုထည်ကြီးနေတာပါ"

ဦးဘိုဘိုက အမှန်အတိုင်းပဲ ပြောလိုက်တာပါ။ အခုတောင် ပြဿနာ က တော်တော်ကြီးထွားနေတာ ဖြစ်သည်။

မောင်မိုးသောက်နဲ့ ထမင်းအတူတူစားတဲ့ ကိစ္စကြောင့်

လင်မယား ကျောခိုင်းအိပ်နေရတဲ့ အဖြစ်ပါ။

"ဘယ်လောက်ခက်တဲ့ကိစ္စပဲ ဖြစ်ဖြစ် ကိုင်တွယ်ဖို့ နည်းလမ်းကတော့ ရှိပါတယ် ကိုဘို၊ မေခင်က သူ့သမီး လေးကို အရမ်းချစ်တယ်မဟုတ်လား၊ အဲဒီအချက်နဲ့ပဲ ပြေ လည်သွားမှာပါ"

"မဟုတ်ဘူး ကိုကိုကြီး၊ ချစ်လွန်းလို့ကို အခုလိုဖြစ် နေတာဗျ..."

"ကိုယ်တို့ စဉ်းစားကြတာပေါ့လေ၊ တည့်တည့်ရင်ဆိုင် လိုက်တာနဲ့ သွယ်ဝိုက်နေတာ ဘယ်ဟာက ကောင်းမယ် ထင်သလဲ၊ ကိုယ်ကတော့ တည့်တည့်ပဲ ဝင်တိုးချင်တယ် ဗျာ..."

"ကိုကိုကြီးသဘောပါပဲ"

"အိုကေ ကိုယ်စဉ်းစားပြီးတော့ ဆက်လုပ်လိုက်မယ် ဟုတ်လား..."

"ဟုတ်ကဲ့..."

"ဒါဆို ဖုန်းချလိုက်မယ်ဗျာ"

သိန်းမင်းစာပေ

"ဟုတ်ကဲ့ ..."

ကိုကိုကြီး ဖုန်းချသွားတာနဲ့ ဦးဘိုဘိုကလည်း ခပ်ပြတ်ပြတ်ပဲ ဆုံးဖြတ်လိုက်တော့သည်။

ဇနီးသည်က သမီးနဲ့ မောင်မိုးသောက်ကို သဘာမတူပါဘူးလို့ အကြောက်အကန်ငြင်းရင်တော့ ကလေးနှစ်ယောက်ကို ခိုးပြေးခိုင်းလိုက်မည်။

သမီးလေးကို တခြားတစ်ယောက်နဲ့ အတင်းလက်ထပ်ပေးလိုက်တာမျိုးတော့ အဖြစ်မခံနိုင်ပါ။

ဒီတစ်ခါတော့ ဇနီးသည်ကို လုံးဝအလျှော့မပေးနိုင်တော့ပါ။

* * *

# အခန်း (၂၃)

ဒေါ်မေမေခင်က သမီးရဲ့ တည်ငြိမ်အေးဆေးနေတဲ့ အရိပ်အကဲကိုကြည့်ပြီး ဘုရားဖူးခရီးထွက်ဖို့ကိစ္စကို မစီစဉ်တော့ဘဲ ထားလိုက်တော့သည်။

တကယ်ဆို ဘုရားဖူးခရီး ဆိုတာကလည်း သမီးကို မိုးသောက်နဲ့ ဝေးဝေးမှာ ထားချင်လို့သာ စီစဉ်ရတာ မဟုတ်လား။ အခု သမီးလေးက သူ့ဘာသာသူ အေးအေးဆေးဆေး လေးနေနေမှတော့ ဘာမှ စီစဉ်နေစရာ မလိုတော့ပါ။

သမီးကို မိုးသောက်နဲ့ စိတ်မချတဲ့ စိတ်တွေလည်း ဒေါ်မေမေခင်ဆီမှာ လျော့ပါးသွားပြီ ဖြစ်သည်။

အင်းလေ... မိုးသောက်ကလည်း မကြာခင် ပြန်တော့မှာပဲဟာ။ သမီးအတွက် စိတ်တိုင်းကျ အိမ်ထောင်ဖက်ကို ရွေးချယ်ပြီး သမီးကို လက်ထပ်ပေးလိုက်ပြီးရင်တော့ စိတ်အေးသွားရပါပြီ။

သမီးလေး အိမ်ထောင်ကျပြီးမှသာ မိုးသောက် အလည်လာရင် အခုလောက်တင်းတင်းမာမာ ဆက်ဆံစရာ မလိုတော့ပါဘူး။ အခုဆို ကိုကိုကြီးနဲ့တောင် ဖုန်းမပြောဖြစ် အတော်ကြာပြီပဲ။

အတွေးတွေ အမျှင်တန်းနေတုန်းမှာပဲ ကိုကိုကြီးရဲ့ ဖုန်းက တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတော့သည်။

"မေခင် ညီမလေး..."

"ဟယ်... ကိုကိုကြီး ခုပဲ မေခင်က ကိုကိုကြီးကို သတိရနေတာ၊ ကိုကိုကြီး နေကောင်းရဲ့လား"

"ကောင်းပါတယ်ဗျာ၊ ညီမလေးကို ပြောစရာ ကိစ္စတစ်ခု ရှိနေတယ်ဗျာ"

"ပြောလေ ကိုကိုကြီး ပြောပါ"

"ဒီလို ညီမလေးရေ ကိုကိုကြီးက သမီးလေး မေလ ရောင်နဲ့ မောင်မိုးသောက်ကို နေရာချပေးချင်တယ်ဗျာ..."

"ရှင်..."

ဒေါ်မေမေခင်က ဆတ်ခနဲတောင် တုန်ခါသွားရသည်။ ပြောမှ ပြောရက်လေခြင်း... ဟိုဘက်ကပြောနေတာ ကိုကိုကြီး မဟုတ်ဘဲ တခြားတစ်ယောက်သာဆိုရင် ပက်ပက်စက်စက် ကို ပြောချပစ်လိုက်မိမှာ သေချာသည်။

"မောင်မိုးသောက်ဟာ အရည်အချင်းရှိတဲ့ လူငယ် တစ်ယောက်ပါ၊ အကျင့်စာရိတ္တနဲ့ စိတ်နေစိတ်ထားအားလုံး ဘာတစ်ခုမှ အပြစ်ပြောစရာ မရှိပါဘူး၊ သမီးလေးအတွက် သင့်လျော်တဲ့လူငယ်တစ်ယောက်ပါ"

ဒေါ်သတွေကို ချိုးနှိမ်ထားတဲ့ကြားထဲကပဲ ဒေါ်မေမေ ခင်က ပြောဖြစ်အောင် ပြောမိသွားတော့တာ။

"သင့်လျော်တယ်ဆိုတာ ဟုတ်ချင်လဲ ဟုတ်မှာပေါ့ လေ၊ ဒါပေမဲ့ သမီးလေးနဲ့ လုံးဝ မထိုက်တန်တာတော့ သေချာပါတယ် ကိုကိုကြီးရယ်"

သိန်းမင်းစာပေ

"ဘာဖြစ်လို့လဲ မေခင်၊ ဒီကလေးကို ကိုကိုကြီး ပြုစု ပျိုးထောင်လာခဲ့တာပါဗျာ၊ စိတ်ခတ် စာရိတ္တအားလုံးကို ကိုကိုကြီး တာဝန်ယူပါတယ်၊ မေလရောင်လေးက ကိုကိုကြီးရဲ့ တူမအရင်းပါဗျာ... မကောင်းတာ မတိုက်တွန်းပါဘူး..."

ဒေါ်မေမေခင်က အသက်ပြင်းပြင်းရှူရင်း ပြန်ပြောဖို့ စကားရှာနေမိတော့တာ။ ရင်ထဲမှာလည်း မုန်တိုင်းထန်နေပြီ။

"မေခင် သဘောမတူနိုင်ဘူး ကိုကိုကြီး"

ဒေါ်မေမေခင်အသံက ဒေါသနဲ့ တုန်ခါနေတော့တာ။

"ဘာဖြစ်လို့ သဘောမတူနိုင်တာလဲဗျာ"

ကိုကိုကြီးက အေးအေးဆေးဆေးပဲ မေးတာ ဖြစ်သည်။

"သူ့မျိုးရိုးကို မေခင် မကြိုက်ဘူး၊ ကိုကိုကြီး ဘယ်လို မျိုးရိုးက လာမှန်းမသိတဲ့ သူနဲ့ မေခင့်သမီးကို မပေးစားနိုင်ဘူး၊ ကိုကိုကြီးကိုတော့ အားနာပါတယ်၊ မေခင့်သမီးကလည်း မောင်မိုးသောက်ကို သဘောကျမှာ မဟုတ်ပါဘူး"

"လူလူချင်းပါ မေခင်ရယ်၊ ဘယ်သူတွေရဲ့မျိုးရိုးက

ရော ဘယ်လောက် ကြီးကျယ်မြင့်မြတ်နေလို့လဲကွာ...”

ကိုကိုကြီးရဲ့အသံက ဝမ်းနည်းသံတွေပျော်ဝင်နေတာမို့ ဒေါ်မေမေခင်က စိတ်မကောင်းတော့ ဖြစ်မိသွားရပြန်သည်။

မောင်နှမနှစ်ယောက် ခုမှပဲ နွေးထွေးမိကြရုံ ရှိသေးတာပါ။ အခုချက်ချင်း သဘောထားကွဲလွဲဖို့တွေ ဖြစ်ရပြန်တာမို့ တကယ်ပဲ စိတ်မကောင်းပါ။

ဒါပေမဲ့ သမီးကိုတော့ ဘယ်လိုနည်းနဲ့မှ ကိုကိုကြီးရဲ့မွေးစားသားနဲ့ လက်ထပ်မပေးနိုင်ပါ။ သမီးအတွက် အိမ်ထောင်ဖက်ကို ရှာပြီး လူကြီးချင်း စကားပြောထားတာတွေလည်း ရှိနေသည်။

“မေခင့်သမီးကို လက်ထပ်ပေးဖို့အတွက် လူကြီးချင်းစကားလွန်ထားတာ ရှိနေပြီးပြီ ကိုကိုကြီးရယ်...”

ဒေါ်မေမေခင်က ဒေါသကို သတိလေးနဲ့ ထိန်းပြီး ချိုချိုသာသာပဲ ပြန်ပြောလိုက်တာပါ။ အခုမှ ပြန်ရင်းနှီးခါစ မောင်နှမနှစ်ယောက်ရဲ့ကြားထဲကို စိတ်ဆိုးစိတ်ပျက်စရာတွေ ဝင်မလာစေချင်လို့ ဖြစ်သည်။

"လူကြီးချင်း စပ်စပ်ပြီး ပေးစားတဲ့ခေတ်က ရှိနေတုန်းပဲလား ညီမလေးရယ်၊ သမီးလေးကရော အဲဒီလူငယ်ကို ချစ်နိုင်လို့လား"

ဒေါ်မေမေခင်က အကွက်ဝင်လာတုန်း ကိုကိုကြီးကို ချေပစကားပြောချပစ်လိုက်တော့သည်။

"အဟင်း… အဲဒီခေတ်ကုန်နေပြီဆိုရင် ကိုကိုကြီးကရော ဘာဖြစ်လို့ မေခင့်သမီးနဲ့ ကိုကိုကြီးရဲ့မွေးစားသားကို လက်ထပ်ပေးဖို့ လာစပ်ရတာလဲ၊ သူတို့ချင်းကရော ချစ်နေကြလို့လား၊ ကဲ…"

သမီးကိုယုံကြည်ထားတာမို့ ဒေါ်မေမေခင့်အသံတွေက အရမ်းကို စိတ်ချလက်ချ ရှိနေတာပါ။

"ဟောဗျာ… မေခင် တကယ်မသိဘူးလား"

"ဘာလဲဟင် ကိုကိုကြီး…"

"သမီးလေးနဲ့ သားမောင်မိုးသောက်က ချစ်သူတွေ ဖြစ်နေကြပြီလေဗျာ၊ ဒါကြောင့်ပဲ ကိုကိုကြီးက လက်ထပ်ပေးဖို့ ပြောရတာပါ"

"အို မဖြစ်နိုင်ဘူး... သမီးကို မေခင် ကောင်းကောင်း ထိန်းသိမ်းထားတာပါ ကိုကိုကြီးရဲ့..."

"ဩော် မေခင်ရယ်... ကိုကိုကြီးက မဟုတ်မဟပ်တွေ ပြောပါ့မလားဗျာ၊ ကလေးချင်းချစ်နေကြလို့သာ သူတို့ရဲ့ ချစ်ခြင်းကို မခွဲချင်လို့ပါ၊ သဘောတူပေးလိုက်ပါ ညီမလေးရယ်... သမီးလေးကို ပျော်ရွှင်ခွင့်ပေးလိုက်ပါဗျာ၊ သူ့ဘဝလေးအပေါ်မှာ မေခင် လွှမ်းမိုးထားတာတွေက အရမ်းကို များလွန်းပါတယ်ကွာ၊ ကိုကိုကြီး အနူးအညွတ် တောင်းပန်ပါတယ်"

ဒေါ်မေမေခင်က ပြောစရာစကားလုံးတွေ ပျောက်ဆုံးသွားရလေတော့တာ။

"မေခင့်သမီးလေးကို ချစ်တဲ့ အချစ်တွေက လှောင်ချိုင့်ကြီးတစ်ခုလိုမျိုး ဖြစ်နေခဲ့မယ်ဆိုရင် သမီးလေးအတွက် ဘယ်လောက် နစ်နာသွားမလဲဗျာ"

"အို... မသိဘူး... မသိဘူး... မေခင် ဘာမှမသိဘူး"

ဒေါ်မေမေခင်က စိတ်လှုပ်ရှားလွန်းသွားပြီး ဖုန်းကို

ပစ်ချလိုက်မိတော့တာ။

ရင်ထဲမှာလည်း လျှော့ပြင်း လှုပ်ခါနေပြီး သမီးလေး က မိုးသောက်နဲ့ ချစ်နေကြပြီတဲ့။

မိဘရင်ခွင်ကို လှောင်ချိုင့်တစ်ခုလို မြင်နေပြီတဲ့။

ဒေါ်မေမေခင့်ရင်ထဲမှာ ဖြောင်းဆန်အောင် လှုပ်ရှား နေတော့တာ။ ကိုယ့်မှာတော့ သမီးကို ယုံကြည့်ပြီး စိတ်အေး ချမ်းသာရှိနေမိတာပါ။ အခုတော့ သမီးက ကိုယ်မကြိုက်ဆုံး ကိစ္စကို မင်သေသေနဲ့ လုပ်ထားပြီပြီပဲ။

"မမူ... မမူ"

"ရှင်... မမလေး"

"မေလရောင်ရော... မေလရောင် ဘယ်မှာလဲ"

"ရှိပါတယ် မမလေး..."

"သွားခေါ်ခဲ့ပါ"

"ဟုတ်ကဲ့..."

ဒေါ်မူ ထွက်သွားတာနဲ့ ဒေါ်မေမေခင်က အရှုပ်ကြီး ပြတ် ထိုင်ချလိုက်မိတော့သည်။ ဒီပြဿနာကို အရှည်ဆွဲ

ထားလို့ မဖြစ်တော့ပါ။ အခုပဲ ပြီးပြတ်အောင် ဖြေရှင်းရပါ တော့မည်။

ထိုအချိန်တွင် မေလရောင်က အနာဂတ်အချစ်ကမ္ဘာလေးကို စိတ်ကူးနဲ့ တည်ဆောက်နေတာပါ။

အခုဆိုရင် လရောင်စိတ်တွေက အေးချမ်းနေပါပြီ။ ဖေဖေနဲ့ လရောင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီးသွားပြီကိုး။ ဘဘကြီးနဲ့ ဖေဖေက လရောင်နဲ့ ကိုကို့ဘက်ကနေ အခိုင်အမာရပ်ဘည်ပေးကြမယ်ဆိုတာကို သိထားမှတော့ ဘာများစိတ်ပူစရာ ရှိသေးလို့လဲနော်။

ဖေဖေကဆိုရင် ပြတ်ပြတ်သားသားပဲ ပြောတာပါ။

"သမီး မေမေက သဘောမတူဘူးဆိုရင် သမီးတို့ထွက်ပြေးဖို့ ဖေဖေ စီစဉ်ပေးမယ်" တဲ့။ တစ်ယောက်နဲ့ အများဖြစ်သွားရင် မေမေလည်း ဘာတတ်နိုင်တော့မှာလဲနော်။

လရောင်ကို မေမေ စိတ်ဆိုးရင်လည်း ခဏပဲပေါ့။ ဝတ္ထုတွေထဲကို မြေးဦးလေးရရင် ပြန်အဆင်ပြေသွားရမှာပဲ မဟုတ်လား။

လရောင်ကတော့ ကိုကို့အချစ်တွေနဲ့ ဝေးပြီး မနေနိုင်တော့ပါဘူး။ အခုတောင် ကိုကိုအပြင်သွားတာကို ချောင်းကြည့်ပြီး ရင်ထဲမှာ လှိုက်ဟာကျန်ရစ်ခဲ့ရတာ။

ကိုကိုနဲ့အတူတူ လက်ချင်းချိတ်ပြီး ဘယ်တော့များမှ လျှောက်လည်ရမှာလဲကွယ်။ နီးချင်လှပြီ ကိုကိုရယ်...

အတူတူနေချင်ပါပြီရှင်... ဟောဒီ စိန်စီထားတဲ့ ရွှေလှောင်အိမ်ကြီးထဲကနေ လရောင်ကို အမြန်ဆုံး ခေါ်ထုတ်သွားပါတော့ကွယ်...

"ဒေါက်... ဒေါက်"

တံခါးခေါက်သံကြားရတော့မှပဲ လရောင်ရဲ့အတွေးတွေက ရပ်တန့်သွားရတော့တာ။ တံခါးဖွင့်ပေးလိုက်တော့ ကြီးမူ ဖြစ်နေလေသည်။

"လရောင်လေးရေ မေမေခေါ်နေတယ် မြန်မြန်လိုက်ခဲ့"

"ဟင်... ဘာဖြစ်လို့လဲ ကြီးမူ"

"မသိပါဘူးကွယ် တစ်ခုခုတော့ဖြစ်နေပါပြီ၊ မမလေး မျက်နှာက နီရဲနေတာပဲ၊ တော်တော်စိတ်ဆိုးနေတဲ့ ပုံစံမျိုး

# အခန်း (၂၄)

နီရဲဖောင်းအစ်နေတဲ့ မေမေ့မျက်နှာကို တွေးလိုက်ရတော့ လရောင်က အရမ်းလန့်သွားမိသည်။

"မေမေ"

မေမေက လရောင်ကို ချက်ချင်း လှည့်မကြည့်ဘဲ မျက်နှာလွှဲထားသည်။

သေချာပါတယ်…

လရောင်နဲ့ ကိုကို ချစ်နေတဲ့ကိစ္စကို မေမေ သိသွားပါပြီ။

"မေလရောင်"

လရောင်က ဆတ်ခနဲ တုန်ခါသွားရသည်။

"ရှင်… မေမေ"

"မေမေ့ကို အမှန်အတိုင်းပြောစမ်း၊ ညည်းနဲ့ မိုးသောက် ချစ်နေကြပြီဆိုတာ တကယ်လား"

လရောင်က ညာလည်း မညာချင်ပါ။ ညာလည်း မညာရဲပါ။ ပြီးတော့ ပြဿနာကနေ ရှောင်လွှဲပြီးတော့လည်း မနေချင်ပါ။

"ဟုတ်… ဟုတ်ပါတယ် မေမေ"

"ဘုရား… ဘုရား… သိပ်ကြောက်ဖို့ကောင်းပါလား မေလရောင်ရယ်၊ မေမေ မကြိုက်ဆုံးအလုပ်ကိုမှ ညည်းက လုပ်ရသတဲ့လား…"

"လရောင်… လရောင်ကို ခွင့်လွှတ်ပါ မေမေရယ်၊ ကိုကို့ကို လရောင် တကယ်ချစ်တာပါ၊ လရောင်တို့ရဲ့ချစ် ခြင်းကို မခွဲပါနဲ့နော်"

လရောင်က မေမေ့ရှေ့မှာ ထိုင်ချလိုက်ပြီး တောင်းပန် မိသွားတော့တာ။

"အို တော်စမ်း… မေလရောင် ညည်းက မေမေ့ကို အာခံနေတာလား၊ ညည်းကို မေမေသဘောတူတဲ့သူနဲ့ အခု

ချက်ချင်းပဲ လက်ထပ်ပေးတော့မယ်၊ မိုးသောက်နဲ့တော့ လုံးဝအဖြစ်မခံနိုင်ဘူး... ဒါပဲ"

"မလုပ်ပါနဲ့ မေမေရယ်... လရောင်ကို သနားပါနော်၊ လရောင်... လရောင် ကိုကို့ကို တကယ်ချစ်မိတာပါ မေမေ၊ ကိုကိုနဲ့သာဝေးရရင် လရောင်ဘဝမှာ ပျော်စရာဆိုတာရှိမှာ မဟုတ်တော့ပါဘူး"

လရောင်ရဲ့အသံလေးတွေက တုန်ခါအက်ကွဲနေတော့တာ။ တင်းမာခက်ထန်နေတဲ့ မေမေ့မျက်နှာကတော့ နည်းနည်းလေးမှ လျော့မသွားသေးပါ။

"တလောကလုံးမှာ ယောကျ်ား ဆိုလို့ မိုးသောက် တစ်ယောက်တည်း ရှိတယ်ဆိုရင်တောင် မပေးစားဘူး မေလရောင်၊ မေမေ့ကို အာခံဖို့ မစဉ်းစားနဲ့၊ မေမေတားနေတဲ့ကြားထဲက ရှေ့ဆက်တိုးရင် အမွေပြတ် စွန့်ပစ်လိုက်မယ် သိရဲ့လား"

အား...

မေမေ့စကားကြောင့် လရောင်ရင်ဘတ်ထဲက စူးအောင့်နာကျင်သွားရတော့တာ။

"ဘာ… ဘာအမွေကိုမှ လရောင် မမက်ပါဘူး မေမေရယ်၊ မေမေ့ကုအာခံတာလည်း မဟုတ်ရပါဘူးနော်၊ လရောင် ကိုကို့ကို တကယ်ချစ်မိလို့ပါ မေမေရယ်"

အရမ်းစိတ်ဆိုးသွားတဲ့ ဒေါ်မေမေခင် တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှ မလုပ်ဖူးတဲ့အလုပ်ကို လုပ်မိသွားတော့ သည်။

အဲဒါကတော့ သမီးရဲ့ပါးပြင်နုနုကို စိတ်လိုက်မာန်ပါ ရိုက်ချပစ်လိုက်တာပဲ ဖြစ်သည်။

တစ်ခါမှ လက်နဲ့တောင် အရွယ်မခံခဲ့ရဖူးတဲ့ သမီး လေးကို ပြင်းပြင်းထန်ထန်ရိုက်ချပစ်လိုက်မိပြီးမှ ဒေါ်မေမေ ခင်က သတိဝင်လာတော့တာ။

ဒါပေမဲ့ သမီးလေးက ကြမ်းပြင်မှာ ပုံလျက်သား လဲကျ နေပြီ။

"သမီး… သမီးလေး"

ဒေါ်မေမေခင်က မျက်စိတွေပြာဝေသွားရတော့တာ။ သမီးက သတိမေ့နေပြီ။

အို… ဖြစ်ရလေ… သမီးလေးရယ်…

နုဖပ်နေတဲ့မျက်နှာလှလှလေးပေါ်မှာ လက်ရာကြီးက ထင်လို့ပါ။

"သမီး... သမီး... မမူ... မမူ လာပါဦး"

"ဟင်... ဘာ... ဘာတွေဖြစ်ကုန်တာလဲ မမလေး ရယ်"

"လုပ်ပါ မမူ... ဆရာဝန်... ဆရာဝန်ဆီ ဖုန်းဆက်ပါ"

"သမီး... သမီး"

ဒေါ်မေမေခင်က သမီးစိတ်နဲ့ အရူးမီးဝိုင်း ခံစားရ တော့တာ။ သမီးသာ တစ်ခုခုဖြစ်သွားခဲ့ရင်... အား... မတွေး ရဲဘူး... မတွေးရဲပါဘူး...။

"သမီး... သမီးလေးရယ် ဘာမှ မဖြစ်ပါနဲ့၊ သတိ မြန်မြန်ပြန်ရပါ... မေမေ့ကို သနားပါ... သမီးရယ်..."

အဲဒီအချိန်မှာပဲ အခန်းထဲပြေးဝင်လာတဲ့ ခြေသံကြမ်း ကြမ်းကို ကြားရသည်။ မော့ကြည့်လိုက်တော့ ချစ်ခင်ပွန်းပါ။ ခင်ပွန်းသည်ကို တွေ့လိုက်ရတာနဲ့ ဒေါ်မေမေခင်က အားကိုး တကြီး အကူအညီတောင်းမိတော့သည်။

"လုပ်ပါဦး... လုပ်ပါဦး... ကိုရယ်... သမီးကို ကယ်

ပါဦးရှင်၊ သမီး တစ်ခုခုဖြစ်သွားရင် ကျွန်မ... ကျွန်မ... သေရမှာ ကို...”

“ဘယ်လိုဖြစ်ရတာလဲကွာ...”

“သမီး... သမီးလေးကို ကျွန်မ... ကျွန်မ ရိုက်လိုက်မိတယ် ကိုရယ်... အဟင့်... ဟင့်...”

“ငိုမနေနဲ့ မေမေခင်... မင်းဟာ အင်မတန် အကြင်နာတရားခေါင်းပါးတဲ့ မိခင်တစ်ယောက်ပဲ၊ မင်းရဲ့အတ္တတွေ မာနတွေ ဆွေဂုဏ်မျိုးဂုဏ်ဆိုတာတွေကို အရာရာထက် မင်းပိုပြီး တန်ဖိုးထားတယ် မဟုတ်လား၊ ငိုမနေနဲ့...”

ခင်ပွန်းသည်က ခပ်ထန်ထန်ပြောပြီး သမီးလေးကို ပွေ့ချီထွက်သွားတော့တာ။

“သမီး... သမီးလေး...”

“မမလေး စိတ်အေးအေးထားပါ၊ အခုပဲ ဆရာဝန်လာတော့မှာပါ မမလေးရယ်”

ဒေါ်မေမေခင်က ဒေါ်မူမူ့ကို အားကိုးတကြီးဆွဲကိုင်ထားပြီး တတွတ်တွတ်နဲ့ တိုင်တည်နေမိတော့တာ။

“မမူ... သမီး... သမီး... ဘာမှ မဖြစ်နိုင်ပါဘူးနော်၊

သမီး ဘာမှမဖြစ်ပါစေနဲ့၊ သမီးကို စိတ်ချမ်းသာအောင် ထားချင်ပါသေးတယ် မမူရယ်... သမီးလေး စိတ်ချမ်းသာဖို့ အတွက် ကျွန်မ... ကျွန်မ ဘာပဲလုပ်ပေးရ လုပ်ပေးရပါ..."

"မမလေး စိတ်အေးအေးထားပါ"

ဒေါ်မေမေခင်က အရူးတစ်ယောက်လို တစ်ယောက်တည်း စကားတွေပြောနေပြန်သည်။

"သမီးရယ် သမီးအပေါ်မှာ မေမေ ချုပ်ချယ်စွက်ဖက်ရတာတွေ အားလုံးဟာ သမီးကိုချစ်တဲ့ အချစ်ကြောင့်ပါကွယ်၊ သမီးလေးဘဝ မြင့်သထက်မြင့်ဖို့ အဖိုးတန်တာထက် ပိုတန်ဖို့အတွက်ပါပဲ၊ အခုတော့ မေမေ သဘောပေါက်ပါပြီ၊ သမီးထက်ပိုပြီး ဘယ်အရာကမှ အရေးမကြီးပါဘူးကွယ်၊ သမီးလေးပျော်ရွှင် စိတ်ချမ်းသာမယ်ဆိုရင် ဘယ်သူ့ကိုပဲ ချစ်ချစ် ဘယ်သူနဲ့ပဲ လက်ထပ် လက်ထပ် မေမေ မကန့်ကွက်တော့ပါဘူး သမီးရဲ့... အဟင့်... ဟင့်..."

ဒေါ်မေမေခင်က ပြောလည်းပြော ငိုလည်းငိုပြီး ဆောက်တည်ရာမဲ့နေတဲ့အချိန်မှာပဲ မိသားစုဆရာဝန် ရောက်လာတော့သည်။ ခင်ပွန်းသည်လည်း သမီးလေးရဲ့အနားမှာပဲ

နေပြီး ဒေါ်မေမေခင့်ကိုတော့ လုံးဝလှည့်မကြည့်ပါ။

တစ်သက်လုံး ကိုယ့်ဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးခဲ့ အစစအရာရာ အလိုလိုက် အကြိုက်ဆောင်ပေးပြီး အရေးပေးခဲ့တဲ့ခင်ပွန်းရဲ့ စိတ်ဆိုးမှုကိုလည်း ဒေါ်မေမေခင်က မခံစားနိုင်ဘဲ ဖြစ်နေရတော့သည်။

"ဒေါက်တာ သမီးလေး..."

"အရမ်းစိုးရိမ်မနေပါနဲ့ ဒေါ်မေမေခင်၊ ကျွန်တော် ဆေးတစ်လုံးထိုးပေးထားခဲ့မယ်၊ သမီး နှစ်နှစ်ခြိုက်ခြိုက် အိပ်သွားပါလိမ့်မယ်၊ အခု ဖြစ်ပြီးသွားတာတော့ ဘာမှ မတတ်နိုင်ဘူးပေါ့ဗျာ၊ နောက်တစ်ခါ ဒီလိုမျိုး ထပ်မဖြစ်ရင်တော့ အကောင်းဆုံးပဲနော်၊ ဒါ နှလုံးကိုထိတဲ့ ကိစ္စဆိုတော့ နောက်တစ်ကြိမ်ဆို မကောင်းဘူးလေ"

"ဟုတ်... ဟုတ်ကဲ့ ဒေါက်တာ"

ဦးဘိုဘိုက ဓနီးသည်ကို စိတ်ပျက်စွာနဲ့ ကြည့်နေလိုက်မိသည်။ ဓနီးသည်ကို စကားပြောချင်တဲ့စိတ်တောင် မရှိတော့ပါ။ ဒီလောက်ဂုဏ်မောက်ပြီး ထောင်လွှားနေတဲ့ မိန်းမကို စိတ်ပျက်မိပါပြီ။

သမီးလေးကိုရော မောင်မိုးသောက်ကိုရော သနားမိသည်။ အင်းလေ... ဘာများတတ်နိုင်တော့မှာလဲ... ဇနီးသည်ရဲ့စိတ်ရှိတိုင်းပဲပေါ့။

"ကို... ကိုရယ်... ကျွန်မကို ခွင့်လွှတ်ပါ"

ရုတ်တရက်မို့ ဦးဘိုဘိုက ကိုယ့်နားကို ကိုယ်မယုံနိုင်အောင် ဖြစ်သွားရသည်။ ဇနီးသည်က ဦးဘိုဘိုရဲ့ရှေ့မှာ ဒူးထောက်ထိုင်လို့ပါ။

"ကျွန်မ... ကျွန်မနာလည်ပါပြီ ကိုရယ်... ကျွန်မကြောင့် သမီးလေးခမျာ လှောင်အိမ်ထဲက ငှက်ကလေးလိုဖြစ်နေရတာပဲ၊ ကျွန်မ... ကျွန်မ သမီးလေးကို လွတ်လပ်စွာပျံသန်းခွင့်ပေးလိုက်ပါတော့မယ် ကို..."

"မေ... မင်း တကယ်ပြောနေတာလား"

"ဟုတ်ကဲ့ပါ ကိုရယ်... သမီးလေးနဲ့ မောင်မိုးသောက်ကို ကျွန်မ သဘောတူပေးလိုက်ပါတော့မယ်၊ ကျွန်မချစ်တဲ့သူတွေဆီက အမုန်းတွေကို ကျွန်မ လက်မခံပါရစေနဲ့ရှင်"

"မေရယ်..."

ဦးဘိုဘိုက ဇနီးသည်ကို ဆွဲထူပွေ့ဖက်ပြီး ရင်ခွင်ထဲ

ထည့်ထားလိုက်မိတော့သည်။

"ကို... ကို... ကျွန်မကို မမုန်းပါနဲ့နော်"

"မမုန်းနိုင်ပါဘူး မေရယ်..."

"ကိုကိုကြီးဆီ ဖုန်းဆက်ပြီး ပြောပေးပါနော်၊ သမ်းနဲ့ မောင်မိုးသောက်ကို ကျွန်မ သဘောတူပါပြီလို့ သမီးလေးက ရော ကျွန်မကို မုန်းများနေမလား ကိုရယ်..."

"မမုန်းပါဘူး မေ... တကယ်တော့ အားလုံးက မေ့ ကိုချစ်လို့ မေ့ဆန္ဒအတိုင်း နေပေးကြတာပါဗျာ"

အဲဒီနောက်မှာတော့ ဦးဘိုဘိုက ပြောင်းလဲသွားတဲ့ ချစ်ဇနီးကို တယုတယထွေးပိုက်ထားလိုက်မိတော့တာ။

သမီးလေးအတွက်ကတော့ဖြင့် ရင်အေးရပြီပေါ့လေ...။

* * *

သိန်းမင်းစာပေ

# အခန်း (၂၅)

နှီးနှီးချင်းမှာပဲ ကိုကို့ကို တွေ့လိုက်ရတာမို့ လရောင်က အံ့သြသွားရတော့တာ။

ဘုရားရေ... လရောင်အနားကို ကိုကို ဘယ်လိုလုပ်ပြီး ရောက်နေရတာလဲ။

"ဟာ... လရောင်လေး နိုးပြီလားဗျာ... နေကောင်းရဲ့လား... ရေသောက်မလား..."

လရောင်လှုပ်ရှာလိုက်တာနဲ့ ကိုကိုက ပျာပျာသလဲ မေးတော့တာပါ။

လရောင်အနားမှာ ကိုကိုရောက်နေတဲ့အတွက် ထိတ်လန့်မိတဲ့ လရောင်က အခန်းအပြင်ဘက်ကို လှမ်းကြည့်မိတော့တာ။

"မေမေ… မေမေတွေ့သွားမယ် ကိုကို၊ လရောင်… လရောင်ကြောက်တယ်"

ကိုကိုက လရောင်ရဲ့လက်ချောင်းကလေးတွေကို နွေးနွေးထွေးထွေးဆုပ်ကိုင်ပြီး ပြောသည်။

"လရောင်လေးရယ်… မကြောက်ပါနဲ့ဗျာ၊ ညီမလေးအနားမှာ စောင့်ကြည့်ဖို့ အန်တီမေကိုယ်တိုင် ခွင့်ပြုပေးတာပါ အဟွန်း… ဟွန်း…"

"ရှင်…"

မယုံနိုင်တဲ့စိတ်ကြောင့် လရောင်က ပါးစပ်အဟောင်းသားလေး ဖြစ်သွားရတော့တာ။

"တကယ် တကယ်ပဲလား ကိုကိုရယ်… လရောင်ကို စိတ်ကျေနပ်အောင်လို့ ညာပြောနေတာလားဟင်"

"မဟုတ်ရပါဘူး အချစ်ရယ်… ဒါ… ညာစရာလား အန်တီမေက တစ်ဦးတည်းသောသမီးလေးကို ချစ်လွန်းလို့ သမီးလေးရဲ့အချစ်ရေးမှာ လွတ်လပ်ခွင့် ပေးလိုက်ပြီတဲ့ဗျာ၊ သမီးချစ်တဲ့သူကို လက်ထပ်ခွင့်ပေး မါတယ်တဲ့ အဟွန်း… ဟွန်း…"

ပျော်လွန်းလို့ လရောင်ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားရတော့တာ။

"ကိုကို... ကိုကို တကယ်ပြောနေတာလား... လရောင် အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်"

"တကယ်ပါ အချစ်ရယ် အိပ်မက်ဟုတ်မဟုတ် ကိုယ် စမ်းသပ်ပြမယ် ကြည့်..."

ပြောပြောဆိုဆိုပဲ ကိုကိုက လရောင်ရဲ့ပါးနုနုလေးကို နမ်းရှိုက်လိုက်တော့တာ။

"အို..."

"ကဲ... ယုံပြီလား"

"မယုံနိုင်သေးဘူး ကိုကိုရယ်..."

"ဟောဗျာ... ဒါဆို ထပ်ပြီး စမ်းသပ်ပြရတော့မှာ ပေါ့နော်..."

ဒီတစ်ခါတော့ လရောင် ပူထူသွားရတော့တာ။

"ဟိုး... ယုံပြီ... ယုံပြီ... ကိုကို"

"ဘာလဲ ကြောက်သွားပြီလားဗျာ... အဟွန်း...ဟွန်း"

လရောင်က ပွင့်နေတဲ့အခန်းတံခါးကို မေးလေးငေါ့ ပြပြီး ပြောလိုက်မိတော့သည်။

"တံခါးပွင့်နေတယ် ဆရာကြီး၊ မေမေနဲ့ဖေဖေ အချိန်မရွေး ဝင်လာနိုင်တယ်နော်"

"ဪ... ဒါဆို တံခါးပိတ်လိုက်ရမလား"

ကိုကိုက မချိုမချဉ်မျက်နှာပေးနဲ့ လရောင်ကို နောက်ပြောင်ကျီစယ်နေတော့တာ။

"ဟာ... မလုပ်နဲ့နော် လူကြီးတွေမြင်ရင် မကောင်းဘူး"

"အဟွန်း... အချစ်ကသာ စိုးရိမ်နေ လူကြီးနှစ်ယောက်က ခုလောက်ဆို အချစ်တွေပြန်လည်ဆန်းသစ်ပြီး လောကကြီးနဲ့ ဝေးနေပြီ ဖြစ်မှာဗျ..."

"ဟာ... ဘာတွေပြောနေတာလဲ"

ရှက်ရွံ့သံလေးနဲ့ အော်လိုက်တဲ့ ချစ်သူလေးကို ကြည့်ပြီး အသည်းယားသွားတာမို့ မိုးသောက်က ချစ်သူလေးကို ခပ်တင်းတင်းပွေ့ဖက်ထားလိုက်မိတော့တာ။

"အချစ်ရယ် မယုံနိုင်စရာပါပဲဗျာ၊ အန်တီမေက ကိုကိုတို့နှစ်ယောက်ကို လက်ထပ်ပေးမယ်တဲ့လေ..."

သူ့စကားအဆုံးမှာ ချစ်သူလေးက အင့်ခနဲ ရှိုက်ငိုတော့သည်။

(သိန်းမင်းစာပေ)

"ဟာ... မငိုနဲ့လေ ကလေးရယ်... တော်ကြာ နေမကောင်းဖြစ်နေပါဦးမယ်ဗျာ မငိုပါနဲ့..."

"မေမေ့ကို လရောင် သနားလို့ပါ ကိုကိုရယ်... မေမေက လရောင်ကို အရမ်းချစ်တာပါ၊ လရောင် ဘာတွေ တွေးထားသလဲ သိလား..."

"ပြောပါဦးဗျာ"

"မေမေက ကိုကိုနဲ့ လရောင်ကို သဘောမတူပေးရင် လရောင်အသည်းကွဲခံလိုက်တော့မယ်လို့ တွေးထားတာပါ ကိုကို၊ ကိုကို့အတွက် လရောင်ရဲ့အချစ်တွေ အားလုံးကို ထုပ်ပိုးပေးလိုက်မယ်လေ၊ လရောင်ကတော့ နှလုံးသားနဲ့ အချစ်မရှိတော့တဲ့ အရုပ်တစ်ရုပ်လိုဘဝနဲ့ မေမေ့အနားမှာ နေမယ်လေ..."

"ဘုရား... ဘုရား... ကံကောင်းလို့ပါလား အချစ်ရယ်... ယောက္ခမကြီးသာမကယ်ရင် ကိုကို့အသည်းလဲ ဗြုန်းဗြုန်းကွဲသွားရတော့မှာပါလားဗျာ..."

ချစ်သူလေးက ချစ်မျက်စောင်းလေး ဝင့်လိုက်တော့ အဲဒီမျက်စောင်းလေးကိုပဲ သူက အမိအရ နမ်းရှိုက်လိုက်တော့တာ။

"အာ... ကိုကိုမကောင်းဘူးကွာ"

"ကောင်းပါတယ် အချစ်ရယ်... ပေါင်းမကြည့်ရသေးဘဲနဲ့ အဲဒီလိုကြီး မပြောပါနဲ့ဗျာ... အဟွန်း... ဟွန်း"

"ကြည့်... ဘာတွေပြောနေတာလဲ"

"မပြောတော့ဘူးဗျာ၊ စကားပြောမယ့်အစား အချစ်နဲ့ပဲ သက်သေပြတော့မယ်ဗျာ"

"အို..."

လရောင်ကိုယ်လုံးလေးက ကိုကို့ရင်ခွင်ကျယ်ကြီးထဲမှာ နစ်မြုပ်သွားရတော့တာ။

ဟန်မဆောင်နိုင်လောက်အောင် ပျော်ရွှင်နေတဲ့ လရောင်က ကိုကို့ကို မမီမကမ်းနဲ့ ပြန်ဖက်ထားလိုက်မိတော့သည်။

အခုတော့လည်း အချစ်ကြောင့် အရာရာက လှပလို့ပါလားကွယ်...

ချစ်ကြသူတိုင်း ပျော်ရွှင်ချမ်းမြေ့ပါစေ။

မေပုလဲဦး

သိန်းမင်းစာပေ